www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်



# အချစ်ကို စောင့်ဆိုင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၁၀၀၇၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၄၁၀၇၀၇
ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မစ်လာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မစ်လာတောင်ညွန့်၊ ရန်ကုန်မြို့။


BURMESE CLASSIC .com



[redacted]

# ပုညခင်

# အချစ်ကို စောင့်ဆိုင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါမှာ အချစ်က မမျှော်လင့်ဘဲ ရောက်လာသလို . . .

တစ်ခါတစ်ခါကျတော့ အချစ်ရောက်လာဖို့ အချိန်တစ်ခုကို စောင့်ရတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုက သူမခန္ဓာကိုယ်ကို တဖြည်းဖြည်း ဝါးမျိုနေသည်။ သို့သော် သူမက ထိုအမှောင်ကို လွန်ဆန် ရုန်းကန်နေသည်။ အမှောင်နှင့် သူမ လွန်ဆွဲပွဲက ကြာရှည်လွန်းလှသည်။ နောက်ဆုံးတော့ အမှောင်ကို သူမ အနိုင်ရတာ သူမ မျက်လုံးထဲ ကို အလင်းရောင် တစ်စွန်းတစ်စ ဝင်ရောက်လာသည်။

အား. . . လင်းလိုက်တာ။ အလင်းက သူမကို လန့်စေသည်။ သူမ မျက်လုံးတွေကို မျက်ခန့်ဖွင့်ကြည့်လိုက်သည်။ ထိုခဏမှာ မသိခြင်းတွေက သူမကို လွှမ်းမိုးအုပ်ဆိုင်းသွားသည်။

သူမကို ဝိုင်းကြည့်နေသော မျက်နှာတွေကို သူမ မသိ။ သူမရောက်နေသောနေရာကို သူမ မသိ။ သူမ ဘာဖြစ်ခဲ့ သလဲဆိုတာလည်း မသိ။ နောက်ဆုံးအဆုံး သူမ ဘယ်သူလဲဆိုတာ တောင် သူမ မသိချေ။

နီး နီး တ ဓမ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသံတွေကိုတော့ သူမ ကောင်းကောင်းကြားနေရသည်။

"နှစ်သစ်ကူးမှာ ဒီလိုချစ်သူမျိုးတစ်ယောက်ရှိ တာ အရမ်းကံကောင်းတာပေါ့"

"မင်းချစ်သူက မင်းကို တော်တော်ချစ်တာပဲ၊ သူ မင်းကို တစ်ချိန်လုံး ဂရုစိုက်နေတယ်"

သူမ နားမလည်နိုင်သော စကားများ . . . ။

ထိုအခိုက်မှာ မျက်နှာတစ်ခုက သူမမျက်နှာပေါ် စီးမိုးလာသည်။

ကောင်လေးတစ်ယောက်က သူမကို နက်ရှိုင်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။

ပြီးတော့ သူမနားကပ်ပြီး တိုးတိုးလေးပြောပြသည်။

"ကူး . . . ကိုယ်က ကူး ချစ်သူလေ . . . "

သူမ ထိုကောင်လေးကို မသိပါ။ သို့သော် ထိုကောင်လေးရဲ့ မျက်လုံးတွေကို ခံစားယုံကြည်စွာ 'အဲဒါအမှန်ပဲ' ဟု ယူဆလိုက်မိပါသည်။

♥ ♥ ♥





အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချိုက်ထားတဲ့ ပန်းပွင့်ကလေးဆီက

ပထမဆုံး လွင့်ပျံ့လာတဲ့ ပန်းရနံ့ကြိုင်မှုကလေးကို

ဘယ်သူက နှုတ်ဆွတ် ခိုက်ဆွဲခွင့်ရှိကြမလဲ . . .

ကိုယ့်ရင်ဘတ်ထဲမှာ

ပထမဆုံး ဖြစ်လာခဲ့တဲ့အချစ်ကို

ဘယ်သူက ခွဲထုတ်လွှင့်ပစ်နိုင်ခဲ့ရကြမလဲ . . . ။

www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

သူ ထိုအခန်းလေးရှေ့သို့ ရောက်ရှိသွားချိန်တွင် အခန်းထဲတွင် မီးပျက်မှောင်မည်းလျက်ရှိတာကို မဟာတဟာပွင့်နေသော အခန်းတံခါးကြားမှ တစ်ဆင့် မြင်ရလေသည်။

နေ့အလင်းရောင်သည် ထိုအခန်းတံခါးနှစ်ချပ်ကြားမှတစ်ဆင့် အလင်းတန်းလေးတစ်ခုအဖြစ် အခန်းတွင်းသို့ ဆလိုက်ထိုးသလို လင်းဖြာကျလျက် ရှိသည်။ သင်တန်းခန်းမထဲမှာ ကျောင်းသားတွေ ရောက်သေးပုံမရပါ။

နေသာသည် လျှာထိုးဦးထုပ်အနီလေးကို ဆွဲချွတ်ယပ်ခတ်လိုက်ပြီးမှ ပြန်ဆောင်းလိုက်ပြီး နောက်ဘက်သို့ ဆွဲလှည့်ဝစ်လိုက်သည်။ အိုက်လိုက်တာ...အခန်းထဲမှာ မီးပျက်နေရင် Aircon ဖွင့်မရ ပြုမရနဲ့ စိတ်ညစ်ရဦးမှာ။



www.burmeseclassic.com

www.burmeseclassic.com



နေသာက အတန်းလစ်ရင် ကောင်းမလားဟု တစ်ချက်တော့ စဉ်းစားမိသေးသည်။ အိမ်က တက်ခိုင်းလို့သာ လာတက်ရပေမယ့် သူ ထိုသင်တန်းကို စိတ်မဝင်စားပါ။ ဟာ... လစ်တာပဲ ကောင်းပါတယ်။

သူက လှည့်ထွက်တော့မည့်ဆဲဆဲမှာမှ မဟာတဟာ အခန်းတံခါးသည် ပို၍ဟလာကာ အလင်းရောင်က အခန်းတွင်းသို့ ပို၍ဖြာကျသွားလေသည်။

အဲဒီအခိုက်မှာပဲ နှင်းဆီတစ်ပွင့်နှင့် မိန်းမလှကို သူ စတွေ့ခဲ့ရတာဖြစ်သည်။

သူမက အနီရင့်ရောင် နှင်းဆီပွင့်ကြီးကို ငုံ့၍ နမ်းရှိုက်လျက်ရှိသည်။ သူမမျက်လုံးကလေးတွေကိုတော့ မှေးမှိတ်ထားပြီး နှုတ်ခမ်းလေးတွေကတော့ ပြုံး၍နေသည်။ တံခါးကြားမှ အလင်းရောင်သည် သူမမျက်နှာကလေးဆီ တိတိပပ ဖြာကျလျက်ရှိပြီး ပါးပြင်နှင့် နားသယ်စပ်ဆီက မွေးညင်းကလေးတွေကိုတောင် နေရောင်ဖြင့် အထင်အရှားမြင်ရလေသည်။ ဘေးတစောင်း မြင်ရသော အနေအထားမို့ သူမနှာတံကလေး ထင်းပြီးစင်းနေတာ၊ နှုတ်ခမ်းကလေး စိုရွှမ်းကြွနေတာကို ထင်းပစွာမြင်ရသေးသည်။





နေသာ့ရင်ထဲမှာ ကဗျာတစ်ပုဒ်ဖတ်ရသလို၊ classis ဂီတသံငြိမ့်ငြိမ့်လေးကို နားဆင်လိုက်ရသလို... လှုပ်ခတ်ကြည်နူးသွားသည်။ စိမ်းစိုသော မြက်ခင်းရယ်၊ ကောင်းကင်ပြာရယ်၊ ကြည်လင်သော ရေပြင်ရယ်ကို တစ်ချိန်တည်းမြင်လိုက်ရသလို စိမ်းစိုလတ်ဆတ်သွားသည်။ နေသာ အခု လုံးဝ မအိုက်တော့။ ကောင်မလေးက အရမ်းလန်းသည်။ ဒါ့ကြောင့် သူလည်း အရမ်းလန်းဆန်းသွားသည်။

နေသာသည် တံခါးရှေ့မှာရပ်လျက် သူမကို ငေးကြည့်ရင်းကပင် ကျောပိုးအိတ်ထဲမှာ အသင့်ပါလာသော ဟန်းဒ်ဖုန်းလေးကိုဖွင့်ကာ ထိုပုံရိပ်လေးကို ဓာတ်ပုံရိုက်ယူထား လိုက်လေသည်။

ထိုအခိုက်မှာ သူမက တံခါးဝဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လာရာ သူက ဖုန်းကို အမြန်ပိတ်လိုက်ပြီး ဘောင်းဘီအိတ်ထဲထိုးထည့်ပစ်လိုက်သည်။ တစ်ချိန်တည်းမှာ သူမက သူ့ဆီ လှမ်းလာခဲ့ပြီ။

သူမက အခန်းတံခါးကို ကျယ်လွင့်စွာ ဆွဲဖွင့်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့...နင် ခုနက ဘာလုပ်လိုက်တာလဲ"

ဟု သူ့ကို သူခိုးဖမ်းသလို အကြည့်မျိုးဖြင့်ကြည့်၍ မေးခွန်းထုတ်လိုက်လေသည်။ သူက ပခုံးတွန့်ကာ ဘောင်းဘီအိတ်ထဲ လက်နှိုက်ထားရင်း...

"ဟာ...ငါ ဘာလုပ်လို့လဲ"

ဟု ပြုံးစိစိလေးပြန်မေးမိလေသည်။ သူက 'နင်' ဆိုတော့လည်း ကိုယ်က 'ငါ' ရတာပေါ့။

သူမက စိတ်တိုသွားသလို မျက်ခုံးကလေး ကြုတ်လိုက်ပြီး နှုတ်ခမ်းကလေးက မသိမသာ ထော်လန်လာသည်။ ဟာကွာ...ချစ်စရာလေး...။

"နင် ခုန ငါ့ကို ဓာတ်ပုံရိုက်လိုက်တာ မဟုတ်လား"

"ရုပ်ရှင်ဓာတ်ဝင်ခန်းမှမဟုတ်တာ၊ အဲဒီလောက်ကြီးလည်း စိတ်ကူးမယဉ်ပါနဲ့၊ ငါက ငါ့ဘာသာ ဖုန်းဆက်နေတာပါ"

"ဖုန်းဆက်တာက နားနဲ့ကပ်မဆက်ဘဲ ဘာလို့ ရှေ့ထုတ်ပြီး ဆက်နေသလဲ"

"ဖုန်းတွေက သိတဲ့အတိုင်းပဲလေ၊ လိုင်းတွေက သေချာ





မမိတော့ ဟိုနားမိမလား ဒီနားမိမလား ရှေ့ကြည့်လိုက် မြှောက်ကြည့်လိုက် လုပ်နေရတာပေါ့"

"နင် ညာတာ၊ အယ်မှာလဲ နင့်ဖုန်း...ငါ့ကိုပြ"

"မရှိတော့ဘူး၊ ပျောက်သွားပြီ"

သူက ဘောင်းဘီအိတ်ထဲ ထိုးထည့်ထားသည့် လက်နှစ်ဖက်ကိုထုတ်၍ ခါပြလိုက်သည်။ သူမက လုံးဝကျေနပ်ပုံ မရပါ။

"နင့်ဖုန်းကို ဘောင်းဘီအိတ်ထဲထိုးထည့်လိုက်တာ ငါ မြင်တယ်...အခုထုတ်ပြ"

"မပြပါရစေနဲ့ဟာ၊ ငါက ငါ့ဖုန်း display မှာ နိုင်ငံခြား မင်းသမီး ဟော့ရှော့လေး ထည့်ထားတာကွ၊ နင်ကြည့်လို့ မသင့်တော်ဘူးလေကွာ...နော်"

နေသာက သူမနားကပ်ကာ ခပ်တိုးတိုးပြောတော့မှ သူမက နှာခေါင်းရှုံ့ကာ ချာခနဲလှည့်ထွက်သွားသည်။

လေကားထစ်တွေဆီမှ ကျောင်းသားတွေရဲ့ ခြေသံတွေ ကြားရကာ အုပ်စုလိုက်ကြီး အခန်းထဲဝင်သွားကြပြီမို့ သူ လည်း အခန်းထဲသို့ လိုက်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကစပြီး နေသာ အတန်းမှန်တော့မှာ သေချာသည်။

အဲဒီလိုနဲ့ သူ့သစ်ပင်က အညွန့်အညှောက်လေး တစ်ခု မသိမသာ ထွက်ပြူလာခဲ့ပါသည်။

♥ ♥ ♥

ရ





✹ ✹ ✹

နေသာသည် သင်တန်းတစ်ခုတက်ဖို့အတွက် အခု ဆောက် ဘယ်တုန်းကမှ စိတ်ပါလက်ပါမရှိဖူးချေ။

နေရာတကာ ဂျစ်ကျရုံမက ပျင်းလည်းပျင်းသည်၊ ...န်းလည်း ဖြုန်းတတ်သည်။ အလုပ်လုပ်ဖို့သာ စိတ်မဝင်စားရင် ...ယ်၊ ပိုက်ဆံဖြုန်းဖို့ကျ စိတ်ဝင်စားကာ လက်ဖွာဖွာဖြင့် ဟိုဝယ် ...ယ် ဟိုဟာသုံး ဒီဟာသုံးနှင့် သူ့မုန့်ဖိုးက တစ်လတစ်လ ...သည်။

ဖေဖေက သူ့အတွက် အချိန်မပေးနိုင်ရင်သာနေ ... ပိုက်ဆံကတော့ လိုသလောက်ပေးနိုင်တာမို့ သူဆယ်တန်း ...င်တုန်းက သူ့စိတ်ကြိုက်ဝယ်ပေးထားသည့် အဝါရောင် ... အမိုးဖွင့် ကားလေးတစ်စီးဖြင့် ဟိုသွားဒီလာ လမ်းများနေ

www.burmeseclassic.com



ကတ်သူ ဖြစ်ပြီး သင်တန်းတစ်ခုကို ဖင်ငြိမ်ငြိမ်ထိုင်၍ သင်ယူဖို့လည်း စိတ်မဝင်စားချေ။

ဖေဖေနဲ့ မေမေက သူ ငယ်ငယ်လေးကတည်းက ကွဲကွာသွားခဲ့ကြပြီး မေမေက နောက်အိမ်ထောင်ထူတာမို့ သူက ဖေဖေနှင့် ကျန်နေခဲ့ရတာဖြစ်သည်။ ဖေဖေက နေသာကို ပိုက်ဆံလိုသလောက်ပေးနိုင်ပေမယ့် အမြဲစီးပွားရေးထဲနစ်နေတတ်သူမို့ သူ့ကိုဂရုမစိုက်နိုင်။ ဒါကြောင့်ပဲ သူ နေချင်သလို နေခွင့်ရနေခဲ့သည်။

သို့သော် မကြာခင်ကမှ ဖေဖေက သူ့ကို နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ တိုက်တွန်းကာ သင်တန်းတွေတက်ခိုင်းခဲ့တာမို့ သူက စိတ်မပါလှဘဲ ကြိုရာ အင်္ဂလိပ်စာသင်တန်းတစ်ခုကို အယောင်ပြလေးပဲဖြစ်ဖြစ် တက်ဖို့ ရောက်လာခဲ့ရတာပင်။

ခုတော့ သူက နှင်းဆီသခင်မကို အာရုံရကာ အတန်းမှန်မှန် တက်ဖြစ်ခဲ့ပြီ။

သူက ခိုးရိုက်ယူထားခဲ့သော သူမပုံကလေးကို သူ့ဟန်းဒ်ဖုန်းထဲမှာ ထည့်ထားသည်။ သူ့ Lap top screen ပေါ်မှာတင်ထားသည်။ သူ့ရင်ဘတ်ထဲမှာလည်း ထည့်ထားသည်။ သူ





အိပ်ရာဝင်တဲ့အခါ မျက်လုံးမှိတ်လိုက်တိုင်း ထိုပုံကလေးကို မြင်ယောင်မိတတ်သည်။

အတန်းထဲမှာလည်း သူက နှစ်သစ်ကူးကို ခိုးခိုးငေးရပါသည်။ ခိုးငေးရတာ အားမရဘူးထင်လျှင် သူမ ရှေ့တည့်တည့်ကခုံပေါ် လက်ထောက်မေးတင်ကာ အားပါးတရ မျက်နှာချင်းဆိုင် စိုက်ကြည့်မိလေသည်။ ထိုအခါ သူမက ကြောင်အမ်းအမ်း ဖြစ်သွားကာ...

"ဟဲ့...ဘာလုပ်နေတာလဲ"

"ကြည့်ချင်လို့ ကြည့်နေတာလေ၊ ခိုးကြောင်ခိုးဝှက်ကြည့်ရတာ စိတ်ကုန်လာလို့၊ နောက်လည်း ဒီလိုပဲကြည့်တော့မယ်"

"ငကြောင်"

သူမကတော့ သူ့ကို ရင်ခုန်ပုံလည်းမရပါ။ သူ့အပြုအမူတွေအတွက် စိတ်လှုပ်ရှားပုံလည်း မရချေ။ ချက်မှုင်းထထွက်သွားကာ သူနဲ့ဝေးရာမှာ သွားထိုင်၍ စာဖတ်နေလေသည်။

သူ ခိုးခိုးကြည့်နေခဲ့တုန်းကဆို သူမက သူ ခိုးကြည့်နေကြောင်း သိတောင်မသိခဲ့။ သူ့မှာတော့ အနားက ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ကို ကွယ်လို့ဖြစ်စေ၊ စာဖတ်ချင်ယောင်ဆောင်ကာ စာအုပ်ကိုကွယ်၍ဖြစ်စေ သူမကို ခိုးခိုးကြည့်ခဲ့ရသည်။ သူမကသာ မသိတယ်၊ အတန်းထဲက လူတွေအားလုံး သူ့အဖြစ်ကို မသိသူမရှိ။

နောက်တော့ သူက ခိုးကြည့်ရတာ မောပြီမို့ ပြောင်ပြောင်ပဲ ကြည့်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

နေသာသည် သူမရဲ့အကြည့်၊ အပြောအဆို အမူအရာတိုင်းကို ကြည့်မိတိုင်း ရင်ထဲမှာ ချစ်စနိုးဖြင့် ပျော်ရွှင်နေမိတတ်သည်။

မိန်းကလေးတစ်ယောက်ကို သူ ဒီလောက်ထိ ဘယ်တုန်းကမှ စွဲလန်းတသ၍ မနေဖူးပါ။ ဘယ်မိန်းကလေးကိုမှ ၅ မိနစ်ထက်ပို၍ စိုက်မကြည့်ခဲ့ဖူးပါ။ ခုတော့ သူက သူမ မျက်နှာကို ၂၄ နာရီပတ်လုံး တစိမ့်စိမ့် ကြည့်ချင်သည်။

သူမက တစ်ခါတစ်ရံ တစ်ယောက်တည်း ငိုင်ပြီး ဆိတ်ငြိမ်နေတတ်ပြီး တစ်ခါတစ်ခါတော့ သွက်သွက် ဘက်ကြွနေတတ်သည်။

သူမ ကြည့်ရတာ ငွေကြေးပြည့်စုံပုံတော့ မရပါ။





အဝတ်ငါးစုံလောက်ကိုပဲ လှည့်ပတ်ဝတ်နေကာ ဘာမှ ခြယ်သ ပြင်ဆင်ခြင်းလည်းမရှိ။ အဲဒါတောင်မှ သူမရဲ့အလှက ဝင်းဝင်း ပပ ပေါ်လွင်နေသေးသည်။ သူမအသားအရည်က မဖြူသော်လည်း ဝါညက်သည်။ ဂျပန်ဆံတောက်လို ရှေ့ဆံပင်တွေက နဖူးပေါ် တီတီပပစင်းကျနေကာ နောက်ဘက်ဆံပင်တွေက ပခုံးထောက်ရုံ ကလေး ရှည်သည်။ မျက်ခွံမို့မို့ ပါးကလေးဖောင်းဖောင်းနှင့် သူမပုံစံက ဂျပန်မကလေးနှင့် တူသည်။ ဈေးသိပ်မကြီးသည့် ချည်သားဆောင်းဘီ သရီးကွာတားလေးတွေနှင့် ကော်လံကြီးကြီး ရှပ်အင်္ကျီလေးတွေနှင့် တွဲဝတ်တတ်သော သူမက အပျိုမကလေး ထက် ကလေးတစ်ယောက်နဲ့ ပိုတူနေတတ်သည်။

တစ်နေ့တော့ နေသာတို့သင်တန်းဆရာရဲ့ မွေးနေ့ကို သင်တန်းခန်းမထဲမှာပဲ လုပ်ပေးကြဖို့ ကျောင်းသားတွေအားလုံး တိုင်ပင်ထားခဲ့ကြသည်။

အဲဒီနေ့မှာ သူမက ရယ်စရာကောင်းသော အလုပ်တစ်ခုကို လုပ်ခဲ့လေသည်။ အဲဒါက မျက်နှာကျက်မှာ ချိတ်ဆွဲဖို့ အတွက် ပူဖောင်းတွေကို တစ်ယောက်တည်း နိုင်ခံထိုင်မှုတ်နေခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သူ့မကို ရယ်ချင်စိတ်ဖြင့် ထိုင်ကြည့်နေမိသည်။ ပူဖောင်းနှင့်အတူ သူမရဲ့ပါးနှစ်ဖက် ဖောင်းတက်လာပုံဟာ တော်တော် ရယ်စရာကောင်းသည်။

"ဖြည်းဖြည်း...ဖြည်းဖြည်း...လိပ်ခေါင်းထွက်မယ်"

အတန်းထဲက ကောင်လေးတွေကတော့ မကြားတကြား လှမ်းပြောရင်း တခိခိ ရယ်ကုန်ကြပြီ။

သူကတော့ သူမကိုကြည့်ရင်း အသည်းယားလာကာ သူမဆီ ထသွားလိုက်သည်။ သူ သူမရှေ့မှာရပ်နေသည့်တိုင် သူမက သူ့ကို မကြည့်ဘဲ မျက်လုံးစုံမှိတ်၊ ပါးနှစ်ဖက်ဖောင်းကာ ပူဖောင်းကိုသာ အသကုန် မှုတ်နေသည်။

နေသာက ရုတ်တရက် ဖောင်းကားလာသော ပူဖောင်းကို ဘော်လ်ပဲန်ဖြင့် ထိုးဖောက်လိုက်လေသည်။

'ဖောင်း' ဟူသောအသံကျယ်ကြီးနှင့်အတူ သူမရဲ့ 'အမလေး' ဟူသောအသံက ပြိုင်တူထွက်လာသည်။ သူမအဖြစ်ကို မြင်လိုက်သူတွေဆီက ရယ်သံတွေထွက်လာသည်။

နှစ်သစ်ကူးက နေသာ့လက်ချက်ဆိုတာ ချက်ချင်းရိပ်မိကာ ဖြန့်းခနဲ ထရပ်လိုက်ရင်း...





"ဟဲ့...နင် ဒါဘာလုပ်တာလဲ"

"နောက်တာလေ..."

"နင် လဲသေလိုက်ပါလား၊ ဒါ နောက်စရာလား"

"နင်ပဲ နောက်စရာဖြစ်အောင် လုပ်နေတာလေ၊ မိန်းမတန်မဲ့ ပူဖောင်းကို အီးထွက်အောင် မှုတ်နေတာလေ"

"ဟင်...ကြည့်စမ်း၊ ညစ်ပတ်လိုက်တာ"

"ဟာ...တကယ် အီးစော်နံလာပြီ၊ ပြောရင်း ဆိုရင်း..."

"ဟဲ့...နင့်ပါးစပ် ပိတ်ထား"

"နှာခေါင်းပဲ ပိတ်မယ်လေ"

"နင့်မျက်လုံးတွေပါ ပိတ်ထား၊ ငါ့ကို လိုက်လိုက်မကြည့်နဲ့၊ ကျက်သရေ တုံးတယ်"

နေသာကတော့ ကျက်သရေတုံးသလား မတုံးသလားတော့မသိ၊ နှစ်သစ်ကူးကတော့ စိတ်ဆိုးပုံကလေးကအစ ကျက်သရေရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



* * *

ထိုနေ့က အတန်းပြီးသောအခါ နေသာသည် ထုံးစံအတိုင်း သူမကိုလှမ်းကြည့်မိလေသည်။ သူမက အတန်းပြီးပေမယ့် ငြိမ်သက်စွာထိုင်နေဆဲ။ သူကလည်း သူမ ထအရပ်ကို စောင့်ကြည့်နေသည်။ သို့သော် ကျောင်းသားအားလုံး ကုန်သည့်အထိ သူမက မလှုပ်ချေ။

သူ့စိတ်ထဲ အံ့သြထူးဆန်းလာကာ သူမထံသို့ လျှောက်သွားလိုက်မိသည်။ သူက သူမရှေ့တည့်တည့်မှာရပ်၍ ကြည့်သည်။ လား...လား...သူမက အကြီးအကျယ် အိပ်ငိုက်နေတာပါလား...။ သူ ရယ်ချင်သွားတာမို့ ပါးစပ်ကို လက်ဖြင့် ပိတ်ကာ ထိန်းနေသည့်ကြားမှ ခွိခနဲ အသံထွက်၍ ရယ်မိလေသည်။





သူမကတော့ ခုံပေါ် တံတောင်ဖြင့်ထောက်ထားပြီး ဆိုလက်ပေါ် မေးတင်ထားကာ ဘယ်ဘက်ကိုငြိမ့်ခနဲ ယိမ်းသွားလိုက်၊ ခဏကြာတော့ ညာဘက်ကို ယိမ်းသွားလိုက်နှင့် စည်းချက်ညီညီ ငိုက်မြည်းလျက်ရှိလေသည်။

မျက်လုံးမှိတ်ထားတာမို့ မျက်ခွံ မို့မို့ကလေး၊ မျက်တောင် စင်းစင်းကလေးတွေ ထင်ရှားနေကာ နှုတ်ခမ်းကလေးအတော့ မဟတဟ ပွင့်၍နေလေသည်။

နေသာသည် ကျိတ်ရယ်ရင်းကပင် သူမနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး သူမလိုပဲ ခုံပေါ်လက်ထောက်မေးတင်ကာ သူမ ပုံစံလေးကို စိမ်ပြေနပြေ ငေးကြည့်နေမိလေသည်။

နေသာ့မှာ တော်တော်ခက်သည့် အကျင့်ဆိုးတစ်ခုလည်းရှိသည်။ အဲဒါက ငိုက်နေတဲ့ လူတစ်ယောက်ယောက်ကိုတွေ့လျှင် အနားသွားကပ်အော်ကာ လန့်နိုးသွားအောင် စ,နောက်ချင်လိုခြင်းဖြစ်သည်။

ခုလည်း သူက ထိုအကျင့်ဆိုးကို ထိန်းနေရသောကြောင့်သာ ငေးမိုက်ကြည့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မြင်ကွင်းထဲက နှစ်သစ်ကူးသည့် ရယ်မောနှောက်ပြောင်ချင်စရာ၊ ချစ်မြတ်နိုးစရာလေး ဖြစ်နေရသည်။ ဘယ်လိုကြည့်ကြည့် ကြည့်လို့လည်း မဝနိုင်။ အဲဒီလိုကြည့်နေရတာကိုပင် သူက အကြီးအကျယ် စိတ်ချမ်းသာလျက်ရှိသည်။

ကြည့်နေရင်းကပင် သူမဟာ အလွန်အိပ်ပုပ်ကြီးလှတာကို ရိပ်မိစပြုလာသည်။ အခုနေ အနားကနေ လော်စပီကာနဲ့ ကပ်အော်ရင်တောင် နိုးနိုင်ပါ့မလားမသိ။ တချို့ငိုက်တတ်သူတွေဟာ ဆတ်ခနဲငိုက်ကျသွားတာနဲ့ ဖျတ်ခနဲလန့်နိုးလာတတ်သည်။ သူမကတော့ ထောက်ထားသော လက်ရဲ့ ဟန်ချက်ကို ပြန်ပြန်ထိန်းထားနိုင်ကာ မျက်လုံးလေးက လုံးဝပွင့်မလာ။

သူ ကြည့်နေဆဲမှာ သူမရဲ့ နားရွက်နောက်မှာ မမှီတမှီ ညှပ်ထားသော မတိုမရှည် ဆံပင်အစကလေးအချို့ သူမ မျက်နှာပေါ် ဝဲကျလာလေသည်။

သူက နည်းနည်းအရဲစွန့်ကာ ထိုဆံပင်စလေးတွေကို ဖွဖွလေးဆွဲကာ သူမ နားရွက်နောက်မှာ ပြန်ညှပ်ပေးလိုက်သည်။ ဒါလည်း မနိုး။

နောက်တစ်ခါ ဆံပင်စတွေ လွင့်ကျကာ သူမ ပါး





ပေါ်မှာ ကပ်နေပြန်သည်။ သူက လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းတည်းဖြင့် ဖြည်းဖြည်းချင်းဆွဲယူကာ သူမ နားရွက်ကြားမှာ ညှပ်ရပြန်သည်။

သူမ အာရုံထဲမှာ ပါးနဲ့ နားက ရွစိရွစိ ဖြစ်သွားပုံတော့ ရသည်။ မေးထောက်မထားသော ကျန် လက်တစ်ဖက်ဖြင့် မျက်နှာကို တစ်ချက်ပွတ်ပြီး ဆက်ငိုက်သည်။ ပါးစပ်ကလည်း တစ်ခုခု ဝါးသလိုလို လှုပ်ရှားသွားသည်။ ပြီးတော့ နှာခေါင်းရှုံ့ပြီး နုပ်ချေး ရှုံ့သလို လုပ်လိုက်သေးသည်။ ရုပ်ကလေးလှလို့သာပါ၊ ရုပ်သာဆိုးလျှင် တော်တော်ပုံဆိုးပန်းဆိုးနှင့် စိတ်ပျက်စရာ ကောင်းမှာ သေချာသည်။

အပြင်က လှေကားကို ဖြတ်တက်သွားသည့်ခြေသံပြင်းပြင်းတွေကိုကြားတော့လည်း သူမက မနိုး။ ကြာတော့ ကြည့်ရသော နေသာပင် ပျင်းလာကာ လွယ်အိတ်ထဲက ဘောလ်ပင်နှစ်ချောင်း ယူလိုက်ပြီး သူမရဲ့ ပါးဖောင်းဖောင်းလေးပေါ်မှာ အသည်းပုံကလေးကို ရွရွလေး ဆွဲလိုက်လေသည်။

သူမက ပါးယားလာပုံရကာ နှုတ်ခမ်းစေ့ပြီး ပါးက တစ်ချက်တစ်ချက် ရှုံ့ရှုံ့သွားသည်။ သူမ ရှုံ့သွားလျှင် သူက



www.burmeseclassic.com

www.burmeseclassic.com



ခဏနားသည်။ ပြီးတော့ ပြန်စသည်။ ဒီတစ်ဖက်ပြီးတော့ နောက်တစ်ဖက်။ သို့သော် နှစ်ဖက်စလုံးမှာ အသည်းပုံတစ်ခုစီခွဲပြီး သည့်အထိ သူမက မနိုး။ သူ့မှာတော့ ပါးယားလို့ ရွှဲရွှဲသွားတဲ့ သူမပုံနဲ့ သူမ ပါးပေါ်က အသည်းနှစ်ခုကိုကြည့်ရင်း ရယ်ရလွန်းလို့ အူတက်ချင်ပြီ။

နောက်ဆုံးတော့ နေသာက သူ့အကျင့်ကို သူမထိန်းနိုင်တော့။ ရုတ်တရက် သူမနားကပ်ကာ...

"ဟော့...နှစ်သစ်ကူး"

ဟု အသံကျယ်ကြီးဖြင့် အော်လိုက်ရာ...

"အမလေး"

ဟူသောအော်သံကျယ်ကြီးနှင့်အတူ သူမမျက်နှာက ထောက်ထားသောလက်ပေါ်မှ ဗြုန်းခနဲချော်ကာ စားပွဲပေါ်သို့ ဒိုက်ကျသွားလေသည်။

"ဘာလဲ...ဘာဖြစ်တာလဲ"

သူမက ခုမှ ကောင်းကောင်းကြီး နိုးသွားကာ မျက်လုံးပြူးလျက် ရှူးရှူးဝါးဝါး ထမေးလေသည်။ သူက ဘာမှ မပြောဘဲ သူမကိုသာ ပြုံးစိစိဖြင့် ရပ်ကြည့်နေတာမို့ သူမက သဘောပေါက်သွားကာ...





"ကြည့်စမ်း နေသာ...နင် ထုံးစံအတိုင်း အကျင့်ယုတ်ပြန်ပြီ"

"ငါ ဘာအကျင့်ယုတ်လို့လဲ၊ နင်တစ်ယောက်တည်း အိပ်ပျော်နေလို့ နိုးပေးတာပဲ၊ တော်ကြာ အခန်းထဲမှာ လူမရှိဘူးထင်လို့ တစ်ယောက်ယောက်က သော့ခတ်သွားရင် နင် ဘယ်လိုလုပ်မလဲ"

"နိုးရင်လည်း ညင်ညင်သာသာနိုးပါလား၊ ဘာလို့ နင့်အသံနက်ကြီးနဲ့ အော်နိုးသေးလဲ"

"ညင်ညင်သာသာနိုးနေတာ ကြာပြီလေ၊ နင်မှ မနိုးတဲ့ ဥစ္စာ"

"အပိုတွေ လာပြောမနေနဲ့"

နေသာက ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ်ပြောပေမယ့် သူမ [illegible] သဘောမပေါက်ပါ။ ပါးစပ်က ဘာတွေလဲမသိ ပွစိပွစိ ပြော [illegible] စာအုပ်တွေကောက်သိမ်းကာ ထထွက်သွားလေသည်။

သူမက သူမနောက်မှ လိုက်လာတာမို့ လမ်းမှာ [illegible] သမျှသူတွေက သူမမျက်နှာကိုကြည့်ပြီး ပြုံးစိစိဖြစ်ဖြစ်သွား [illegible] တို့ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ရှေ့ကနေ ခပ်သုတ်သုတ်လျှောက်နေသည်။ တစ်ခါတစ်ရံ လမ်းဖြတ်ကူးလျှင် ပြေးတောင်ပြေးလိုက်သေးတာမို့ နေသာက မီအောင် မနည်းလိုက်နေရသည်။

တစ်နေရာရောက်တော့ သူမက တုံ့ခနဲရပ်ကာ သူ့ကို လှည့်ကြည့်ရင်း...

“နေသာ...နင် ငါ့နောက်ကို ဘာလိုက်လုပ်နေတာလဲ၊ နင့်မှာ ကားပါတယ် မဟုတ်လား။ ကိုယ့်လမ်းကိုယ်ဖြောင့်ဖြောင့် သွားပါလား”

“နင့်ကို ပြောပြစရာလေးရှိလို့ အချိန်မီပြောပြနိုင်ဖို့ လိုက်လာတာပါ၊ စေတနာနဲ့ပါ”

“အပိုစကားတွေ မပြောစမ်းပါနဲ့ နေသာရယ်၊ နင်ဟာလေ အာကိုချောင်တယ်၊ ငါ့နောက်ကို လုံးဝဆက်လိုက်မလာနဲ့နော်”

“ငါပြောပြမှ ဖြစ်မှာမို့လို့ပါ”

“လုံးဝ မပြောနဲ့”

“ငါမပြောပြရင် နင်စိတ်ဆိုးမှာ...”

“ပါးစပ်ကလေးပိတ်ပြီး လှည့်ပြန်တော်မူပါ၊ ငါ အလုပ်သွားရဦးမယ်၊ နင်နဲ့ ရန်ဖြစ်ဖို့အချိန်မရှိဘူး နေသာ”





သူမက ပြတ်ပြတ်သားသားပြောကာ ရှေ့ဆက်ချီတက်သွားလေသည်။ သူကတော့ သူမစကားကို မနာခံဘဲ ဆက်လိုက်လာခဲ့ရသည်။

တော်တော်လေးလျှောက်မိတော့မှ သူမက လူတွေရဲ့ အကြည့်တွေ အပြုံးတွေကို သတိထားမိပုံရကာ တုံ့ခနဲရပ်သွားသည်။ ပြီးတော့ ခဏငြိမ်သွားသည်။ ပြီးမှ နောက်သို့လှည့်ကြည့်ကာ နေသာ့ကို ရပ်စောင့်နေလေသည်။ နေသာအနားရောက်တော့ မျက်မှောင်ခပ်ကြုတ်ကြုတ်ဖြင့် ဇဝေဇဝါ မေးသည်။

“နေသာ...နင် ငါ့ကို တစ်ခုခုလုပ်ကြံထားသလား၊ လူတွေက ငါ့ကိုကြည့်ပြီး ပြုံးပြုံးသွားကြတယ်၊ ဒါမရိုးဘူး၊ တစ်ခုခုတော့ အကြောင်းရှိရမယ်”

“အဲဒီအကြောင်းကို ငါပြောပြမလို့ပါဆို နင်ကမှ နားမထောင်ချင်တာ၊ ကဲ...လာ...”

နေသာက ဖျတ်ခနဲ သူမလက်ကိုဆွဲကာ နီးစပ်ရာ ဆိုင်တစ်ခုထဲက မှန်ချပ်တစ်ခုဆီခေါ်လာခဲ့လေသည်။

“ကြည့်...အဲဒါ ခုနက ငါ နင့်ကိုညင်ညင်သာသာနှိုးပေးနေခဲ့တဲ့ လက်ရာ၊ လှတယ်နော်၊ ငါကိုယ်ငါ ပန်းချီဆွဲတော်မှန်း ခုမှသိတာ၊ ကျေးဇူးပါပဲ မစ္စကင်းဗတ်ရယ်”



www.burmeseclassic.com

"နေသာ...နင်..."

နှစ်သစ်ကူးက မှန်ထဲက သူမမျက်နှာကိုကြည့်ကာ အထိတ်တလန့်ဖြစ်နေဆဲမှာ သူက မခံချင်အောင်ပြောလိုက်ပြီး လှစ်ခနဲ ပြေးထွက်လာခဲ့လေသည်။

အဲဒီလို သူမ ဒေါသထွက်အောင် စ,နောက်ခွင့်ရတိုင်း သူ အရမ်းပျော်ရွှင်ခဲ့ပါသည်။

ဘယ်တုန်းကမှ ဒီလောက်ပျော်ရွှင်အူမြူးမနေခဲ့ဖူးတာကို သူမ သိအောင် ပြောပြချင်သည်။

သူမက သူ့ရဲ့ ပထမမျှားစွာကို ပိုင်ဆိုင်သောမိန်းကလေးတစ်ယောက် ဖြစ်ခဲ့ပါသည်။

♥ ♥ ♥





❋ ❋ ❋

နေသာ့မှာ နှစ်သစ်ကူးနဲ့ပတ်သက်ပြီး စွဲကပ်လာသော ရောဂါတစ်ခုကတော့ သူမရဲ့ ပါးဖောင်းလေးတွေကိုမြင်တိုင်း အသည်းယားကာ ဘောလ်ပန် ထိပ်ချွန်ကလေးဖြင့် လှမ်းလှမ်းထိုးလိုခြင်းဖြစ်သည်။

နေသာသည် နှစ်သစ်ကူး စကားမပြောဘဲ ငြိမ်ငြိမ်နေတာကို မကြိုက်။ သူမနဲ့တစ်ခုခုစကားများ ရန်ဖြစ်လိုက်မှသာ မျက်နှာကလေး ပန်းရောင်စိုလာပြီး ပို၍ လှပအသက်ဝင်လာသည်ဟု ထင်သည်။ ထို့ကြောင့်ပင် နေသာက သူမကို စ,နောက်ဖို့အတွက် အမြဲတစ်ခုခုတော့ ကြံစည်နေမိတတ်လေသည်။

တစ်နေ့တော့ သူက သူမနံဘေးက ခုံမှာ သွားထိုင်ပြီး သူမအလစ်မှာ သူမပါးကလေးကို ဘောလ်ပန်ဖြင့် လှမ်းထိုးလိုက်လေသည်။

www.burmeseclassic.com



သူမက သူ့ကို ဆတ်ခနဲလှည့်ကြည့်လာကာ…

"နင် ဘာလက်ဆော့တာလဲ၊ ကဲ…ဆော့ဦး"

ဟုပြောပြောဆိုဆို သူမလက်ထဲက ဘော်လ်ပန်ဖြင့် နေသာ့ပါးကို ရှုပ်ယှက်ခတ်အောင် ခြစ်ပစ်လိုက်လေသည်။ သူက စပ်ဖျင်းဖျင်းရှသွားသော ပါးကိုပွတ်ကာ…

"နာလိုက်တာဟာ၊ ငါတို့တာက ဖွဖွလေး၊ နင်ခြစ်ပစ်လိုက်တာက အသကုန်ပဲ၊ ဒီလိုအရမ်းခြစ်ချင်ရင်လည်း ယရစ်နဲ့မခြစ်ဘဲ ယပင့်နဲ့ပဲ ချစ်လိုက်ပါတော့လား"

ဟု ခပ်ညည|ကလေး ပြောမိရာ သူမက ပခုံးတစ်ချက်တွန့်လျက် တစ်ဖက်သို့ လှည့်သွားရင်း…

"နင်က ယရစ်နဲ့ပဲ တန်တာကိုး၊ ယပင့်နဲ့ တန်တဲ့သူက ငါ့မှာရှိပြီးသား"

ဟု မထိတရိ ပြောလေသည်။

ထိုစကားတစ်ခွန်းက သူ့ကိုခံစားသွားရစေသည်။ ရင်ထဲမှာ ဟာခနဲ နင့်ခနဲ ဘယ်လိုကြီးဖြစ်သွားမှန်းကို မသိချေ။

နေသာသည် ရုတ်တရက် အမောဖောက်လာသော လူမမာလို မောဟိုက်ကာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်သွားသည်။





အချစ်ဆိုတာ ဒီလိုမျိုးခံစားမှုကိုလည်း ပေးနိုင်ပါလားဆိုတာကို သင်ခန်းစာနံပါတ်(၁) အဖြစ် သူနားလည်သွားသည်။

အဲဒီနေ့က သူ အတန်းမပြီးခင် အသာလေးလစ်လာကာ အိမ်ပြန်လာပြီး သူမပုံထည့်ထားသည့် ကွန်ပျူတာရှေ့မှာ ထိုင်ကာ ကွန်ပျူတာ Screen မှာပေါ်နေသည့် သူမပုံကို အကြာကြီး ငိုင်တွေကြည့်နေမိသည်။ ခဏကြာတော့ စိတ်မာတင်ကျချင်သလိုဖြစ်ပေး ပြန်ပြီး အိပ်ရာထဲပစ်လှဲကာ သူ့ဖုန်းလေးကိုဖွင့်ပြီး Display ပေါ်က သူမပုံလေးကို ကြည့်မိပြန်သည်။

နှစ်သစ်ကူးမှာ တကယ်များချစ်သူရှိနေမလား ဟူသော အတွေးကို ခုမှ သူတွေးမိသွားခြင်းဖြစ်သည်။ ထိုအတွေးကို နှောင်ရှုံ့နှင့်ပင် သူ ရင်တွေပူလာတတ်သည်။

နေသာက တစ်ယောက်တည်း ကျိတ်မခံစားနိုင်သောတာမို့ မိန်းကလေးတွေရဲ့အထာကို နားလည်သော သူ့ရဲ့ အမ်းဆက်ရင်ဖွင့်မိလေသည်။

သူ့စကားဆုံးတော့ သူ့ရိန့်ရယ်သံသဲ့သဲ့ကို ကြားရ



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ ပြောကောင်း ငါ အခုလားအနက် ပြောနေတာ"

"မင်းက ရယ်စရာကောင်းလို့ ရယ်တာပေါ့ကွ၊ ဒီအရွယ်ပဲ ရောက်နေပြီ၊ မိန်းကလေးတွေနဲ့အဆာကို ဝိဇီဆေးတောင် နားမလည်ဘူးလားကွာ၊ သူက ရှေးစားရှိတယ် ပြောလိုင်းယုံရမှာလားကွ၊ အဲဒါ 'အထာ' လို့ခေါ်တယ်၊ 'ကျွန်မမှာ ချစ်သူရှိတယ် ရှင်ငရဲကြီးလိမ့်မယ်' ဆိုတဲ့ခေတ်က ကုန်သွားပြီ၊ မင်းခံစားရတဲ့အတိုင်းသာ ဆက်လုပ်စမ်းပါကွာ၊ ဒီလောက်လေးနဲ့ ခေါ၊ ဖြစ်မနေစမ်းပါနဲ့"

သူရိုန်ဖုန်းချသွားတော့ သူ့ရင်ထဲမှာ ပေါ့သွားသည်။

ဟုတ်တယ်...ဘာလို့ယုံရမှာလဲ။ နစ်သစ်ကူး ညာတာပဲ ဖြစ်မှာပါ။ သူ့ကိုအမြင်ကတ်လို့ တမင်မခံချင်အောင် ပြောတာလည်း ဖြစ်နိုင်တာပဲ။

အိုကေ...ကိုယ်မယုံဘူး နစ်သစ်ကူးရေ...။

♥ ♥ ♥





✹ ✹ ✹

အချစ်ရဲ့ 'ပျော်ရွှင်ခြင်း' 'ဝမ်းနည်းခြင်း' တို့ကို [illegible]းလိုက်ရပြီးနောက် မကြာခင်မှာပဲ သူက လူတွေအများကြီး ရှေ့မှာ နစ်သစ်ကူး သိအောင် ရင်ဖွင့်ပြလိုက်လေသည်။

အဲဒီနေ့က တမင်ရည်ရွယ်ထားခဲ့တာတော့ မဟုတ်။ [illegible]န်းထဲက ပရိုက်တစ်ချိန်တစ်ချိန်မှာ သူမနှင့်သူ အင်္ဂလိပ် [illegible]ပြောလေ့ကျင့်ဖို့ မဲကျလေသည်။

သူမနဲ့ မျက်နှာချင်းဆိုင်ရစဉ်မှာ နေသာက စိတ်ပျက်နေသူလောက် သူမကတော့ အေးအေးဆေးဆေးပင် သူ့ကို [illegible]တစ်ယောက်လို ကြည့်ကာ...

"Do you like the hot or cold climate?"

'မင်း ပူတဲ့ရာသီကိုကြိုက်လား၊ အေးတဲ့ရာသီကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်လား' ဟု ရာသီဥတုအကြောင်းကို စ,တင် မေးခွန်းထုတ်လိုက်လေသည်။

သူက အဲဒီမေးခွန်းကို ပြန်ဖြေဖို့ စိတ်မဝင်စားဘဲ...

"Now I see a young woman with a childlike figure"

"အခု ငါ အပြစ်ကင်းစင်တဲ့အသွင်ရှိတဲ့ မိန်းမငယ်လေးတစ်ယောက်ကိုတွေ့ပြီ" ဟု သူမရဲ့မျက်နှာလေးကို ရွှန်းရွှန်းစားစားကြည့်ကာ ပြောလိုက်လေသည်။

တခြားကျောင်းသားတွေဆီမှ 'ဝိုး' ဆိုသော ပြိုင်တူညီညာသံနှင့် ရယ်သံသဲ့သဲ့ကို ကြားရသည်။

အဲဒီအခိုက်မှာ သူမ မျက်လုံးတွေက စိတ်ဆိုးခြင်းဖြင့် ပြူးဝိုင်းလာပြီး မျက်ခုံးတွေက တွန့်သွားခဲ့သည်။ သူသည် ထိုမျက်နှာကလေးကို စိုက်ကြည့်ရင်း ရင်ထဲမှာ ဇောအဟုန်တစ်ခုဖြင့် ပြင်းထန်စွာ လှုပ်ရှားလာခဲ့သည်။ အဲဒီဇောအဟုန်ကို သူ ထိန်းချုပ်လို့ မနိုင်တော့သောအချိန်မှာ သူက သူမမျက်ဝန်းတွေထဲ စူးရှနစ်ဝင်တော့မတတ် စိုက်ကြည့်ရင်း...

"I love you"

ဟု ပြောချလိုက်လေသည်။





အတန်းလည်း ဖြုန်းခနဲငြိမ်ကျသွားကာ မျက်လုံးပေါင်းများစွာက သူတို့နှစ်ယောက်ထံ ကျရောက်လာခဲ့သည်။ သူမများ ရှက်သွားမလားဟု သူ အားနာမိသေးသည်။ သို့သော် သူမက ရှက်ရွံ့ငုံ့လျှိုးမသွားဘဲ သူ့ကို ခပ်ရှရှ စိုက်ကြည့်လျက်ရှိသည်။

"ဝိုး..."

အတန်းသည် ငြိမ်သက်နေရာမှ ဖြုန်းခနဲ ပြန်ဆူညံလာကာ ခုံကို လက်ဖြင့်ခေါက်သံ၊ အားပေးသံ၊ ရယ်သံများ ထွက်လာသည်။ သို့သော် ထိုအသံများကို သူမက တိကျပြတ်သားသော တုံ့ပြန်သံတစ်ခွန်းဖြင့် ငြိမ်သက်သွားစေခဲ့သည်။

"I can't accept you"

သူမက "မင်းကို ငါ လက်မခံနိုင်ဘူး" ဟု ခပ်တည်တည်ပြောကာ သူ့ကို ကျောခိုင်းသွားလေသည်။

သူ ခေါင်းငိုက်စိုက်ကျသွားခဲ့ရသည်။ ရင်ဘတ်ထဲမှာ ဟာဟာနှင့် တစ်စုံတစ်ရာ ပျောက်ဆုံးသွားသလို ခံစားလိုက်ရသည်။

သို့သော် ကိစ္စမရှိ။ ရင်ဖွင့်ပြနိုင်ပြီမို့ သူကျေနပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူ အတန်းထဲက ခေါင်းငိုက်စိုက်ဖြင့် ထွက်လာတော့ နောက်နားဆီမှ သူမရဲ့လှမ်းခေါ်သံကို ကြားရတာမို့ သူ ရင်ဖိုသွားသည်။

"ဟော့...နေသာ...စောင့်နေဦး"

သူမက သူ့ကို မီအောင် ခပ်သွက်သွက်လှမ်းလာနေတာမို့ သူ ရပ်စောင့်နေလိုက်သည်။ မီလာတော့ သူမက သူ့နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ရင်း...

"နေသာ...နင် ခုနက ငါ့ကိုပြောတာ တကယ်လား"

ဟု မေးလေသည်။ မမျှော်လင့်သောမေးခွန်းမို့ သူ စကားကြောင်သွားသော်လည်း ချက်ချင်းအားတင်းကာ...

"ဟုတ်တယ်...တကယ်ပဲ၊ ငါ နင့်ကို တကယ်အရမ်းချစ်တယ်"

"နင် ငါ့ကိုချစ်ရင် ခံစားရလိမ့်မယ် နေသာ၊ ငါ့မှာ သိပ်ချစ်ရတဲ့ ချစ်သူရှိတယ်"

"ဒီလိုပဲ ပြောကြတာပါပဲ"

"ငါအကောင်းပြောနေတာ၊ နင်မယုံဘူးလား"

"ဘာလို့ ယုံရမှာလဲ၊ အကောင်အထည်မှ မရှိတာကို"





"ဘာ...ဘာပြောတယ်"

"နင့်မှာရည်းစားရှိတယ်သာဆိုတယ်၊ နင့်ဘေးမှာ တစ်ခါလေးမှတောင် မတွေ့ရတဲ့ဥစ္စာ၊ နင်ဖိန့် တွေ လျှောက်ပြောနေတာပါ၊ ရည်းစားသာတကယ်ရှိရင် နင့်ရည်းစားက နင့် ကို ဒီလိုပစ်ထားမလား၊ အနည်းဆုံးတော့ တစ်ပတ်နှစ်ခါလောက် လာကြိုပေးမှာပေါ့၊ ဒီလိုနည်းမျိုးနဲ့ ကာဗာယူမနေစမ်းပါနဲ့ဟာ...ဒိတ်အောက်နေပြီ"

"ဘာမှမသိဘဲ ရှုတ်ပြောမနေနဲ့၊ ငါပြောတာ နားထောင်ဦး၊ ငါ့ချစ်သူက အခု ခရီးသွားနေတာ၊ သူ့အဖေရှိတဲ့ နိုင်ငံခြားကို ခဏသွားနေတာ၊ သူသွားတာ ၃ လ ရှိနေပြီ နင်နဲ့ငါတွေ့တာလည်း ၃ လပဲရှိသေးတာ၊ အဲဒါကြောင့် ငါနားမှာ သူ့ကို မတွေ့ရတာပေါ့...၊

"သူရှိရင် ငါ့ဆီ အမြဲလာပါတယ်၊ ငါ့အပေါ် အရမ်းလည်း ဂရုစိုက်တယ်၊ ငါတို့သိပ်ချစ်ကြတာပာ၊ ငါ သူ့ကို ဘယ်တော့မှ ထားခဲ့မှာမဟုတ်ဘူး"

"သူက ထားခဲ့ရင်ကော..."

"သူကလည်း မထားခဲ့ပါဘူး၊ သူ့ကိုငါယုံကြည်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ကိုမေ့ထားလိုက်စမ်းပါဟာ၊ ဘယ်လောက်ကြိုးစား ကြိုးစား အလကားဖြစ်မှာ သေချာနေတာကို ဘာလို့ အပင်ပန်းခံနေမလဲ. . .၊

"နင့်ပုံစံက အရမ်းမိုက်တာပဲ၊ ကောင်မလေးတွေကလည်း ခိုက်မှာပါ"

"ငါက သူတို့ကိုမှ မခိုက်တာ"

"နင့်ကို မခံစားစေချင်လို့ စေတနာနဲ့ ပြောနေတာပါ နေသာ"

"ငါက အချစ်အတွက်ခံစားရတာကို ကြိုက်တယ်၊ တစ်ခါမှ မခံစားဖူးလို့ ခံစားကြည့်ချင်တယ်"

"နေသာ. . .နင်တော်တော် ပြောရဆိုရခက်ပါလား၊ နင် အဲဒီလို ငါ့နား တကပ်ကပ်လုပ်နေရင် ငါ့ချစ်သူပြန်လာရင် ပြဿနာတက်လိမ့်မယ်"

"ပြဿနာ တက်စရာမလိုပါဘူး၊ နင့်ချစ်သူဆိုတာ တကယ်မှ မရှိတာ၊ ငါဖြင့် မယုံရေးချ မယုံ၊ ယုန်တစ်ကောင်လုံး ငုံပြီးပြောတာတောင် မယုံ"

သူက ပခုံးတွန့်လက်ခါ မျက်လုံးပြူး၍ပြောင်ပြကာ သူမရှေ့မှ ပြေးထွက်လာခဲ့လေသည်။





ခုချိန်မှာ သူ့ကို သူမ လက်မခံနိုင်သေးလျှင်လည်း ကိစ္စမရှိ။ သူက ရှေ့ဆက်ကြိုးစားသွားဖို့သာရှိသည်။ တစ်ချိန်ချိန်မှာ သူ့ကို သူမ လက်ခံလာလိမ့်မည်ဟု သူ့ရင်ထဲမှာ လေးလေးနက်နက် ယုံကြည်နေခဲ့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



✵ ✵ ✵

တစ်နေ့တော့ နေသာသည် အတန်းပြီးချိန်မှာ သူမ နောက်သို့ တိတ်တခိုး လိုက်လံချောင်းမြောင်းခဲ့လေသည်။

အတန်းပြီးခါနီးပြီဆို သူမက နာရီတကြည့်ကြည့် နှင့်။ အတန်းပြီးတော့လည်း အမြဲတမ်း အလျင်စလို ထွက်ခွာသွားတတ်ကာမို့ သူမ ဘယ်ကိုသွားသလဲဆိုတာ သူသိချင်ခဲ့၏။

သူက သူ့ကားလေးကိုထားခဲ့ပြီး သူမ တိုးဝှေ့သွားနေသော ဘတ်စ်ကားစောင့်သည့်လူအုပ်ကြီးဆီသို့ လူအုပ်ကို အကာအကွယ်ယူကာ လျှောက်လာခဲ့သည်။ သူမ မမှတ်မိအောင် သူ့ကျောပိုးအိတ်ထဲက မိုးကာဂျာကင်လေးထုတ်ဝတ်ပြီး ခေါင်းစွပ်စွပ်ထားလိုက်သည်။ ပြီးတော့ ...သူက သူမ တက်သွားသည့် ဘတ်စ်ကားပေါ် တိုးတက်လိုက်သည်။





များပြားလှသော တိုးဝှေ့နေကြသည့် လူအုပ်ထဲမှာမို့ သူမက သူ့ကို မမြင်ခဲ့ချေ။

သူမ ဆင်းသည့်မှတ်တိုင်မှာ သူလိုက်ဆင်းပြီး ဆက်လိုက်လာခဲ့တော့ Burger & snacks ဆိုင်လေးထဲသို့ သူမဝင်သွားတာ တွေ့လိုက်သည်။ သူမက စားသောက်နေကြသူများထိုင်သည့်ဘက်ကိုမသွားဘဲ နောက်ဘက်ခန်းထဲ ဝင်သွားခဲ့သည်။

ဆယ်မိနစ်လောက်ကြာတော့မှ သူမက ပုံစံတစ်မျိုးနှင့် ပြန်ထွက်လာလေသည်။

ဤပုံကိုကြည့်ပါ၊ အလွန်အင်မတန်မှ ချစ်စရာကောင်းသော ပုံလေးဖြစ်ပါသည်။

ပခုံးထောက်ရုံရှည်သော ဆံပင်တွေကို ခပ်မြင့်မြင့် မြှောက်စည်းထားပြီး ခေါင်းအအုပ်မပါသော လျှာထိုးဦးထုပ်အနီရောင်ကလေးကိုဆောင်းထားသည်။ နဖူးပေါ်မှာတော့ ဆံပင်စိုလေးတွေ တိတိကျနေသည်။ အဖြူပေါ် အနီစင်း ရှပ်အင်္ကျီလက်ရှည်လေးနှင့် စကတ်အနီလေးဝတ်ကာ အပေါ်မှ အရုပ်ကလေးပါသော အဝရွှန်းအနီလေးထပ်ဝတ်ထားသော ပုံလေးက ဘယ်လိုချစ်ဖို့ကောင်းမှန်း မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကောင်တာနောက်မှာသွားရပ်ကာ စားသုံးသူများအတွက် ဟမ်ဘာဂါများ၊ အအေးများကို ဗန်းထဲသို့ပြင်ဆင်ထည့်ပေးလျက်ရှိသည်။

နေသာသည် သူမကို ခိုးကြောင်ခိုးဝှက်ချောင်းကြည့်နေရင်း ရင်ထဲမှာ နာလာသည်။ ဒီအရွယ်ကလေးနဲ့ သူမ ဒီလောက်ပင်ပန်းရှာသည်။

သူ့မှာဖြင့် ခုထိ မိဘပိုက်ဆံကို သုံးကောင်းတုန်း။ ထမင်းဟင်းဆိုတာ မီးဖိုချောင်ထဲကဖြစ်တာဟု ယူဆချင်တုန်း။ ပိုက်ဆံအတွက်တော့ တစ်ခါမှ မပူပင်ခဲ့ရဖူးချေ။ သူပူပင်ရသည်မှာ သူလိုချင်သည့်ကားကို သူလိုချင်သည့်အချိန်မှာ ရှာမရမှာ၊ ကားအလှဆင်ပစ္စည်းဆိုင်မှာ သူ့ကားနဲ့လိုက်ဖက်သည့် ပစ္စည်းပစ္စတွေမရှိမှာကိုသာ စိုးရိမ်ခဲ့ရဖူးသည်။ သူ့ဘဝမှာ မိဘမေတ္တာငတ်တာတစ်ခုကလွဲလျှင် ခုချိန်ထိ ဘာအလုပ်ကိုမှ လက်ကြောတင်းအောင်မလုပ်ဖူးဘဲ ဘဝတစ်သက်တာလုံး သက်သောင့်သက်သာကလေးနေခွင့်ရအောင် ကုသိုလ်ကောင်းခဲ့သူဖြစ်သည်။

နေသာသည် နှစ်သစ်ကူးကိုကြည့်နေရင်း သူမအစားပင်ပန်းလာလေသည်။ သူမကတော့ နည်းနည်းလေးမှ ပင်ပန်းပုံ





ပြဘဲ မျက်နှာကလေး ကြည်လင်ဖွာပင် လုပ်စရာရှိတာတွေကို တက်တက်ကြွကြွ လုပ်လျက်ရှိသည်။

သူမကြည့်ရတာ ဒီအလုပ်တွေမှာ အသားကျနေပုံသည်။ လုပ်ကိုင်ပြောဆိုပုံတွေက ကျင့်သားရကာ ကျွမ်းကျင်နေသည်။ တစ်ခါတစ်ခါ ကောင်တာရှေ့သို့ထွက်လာကာ စားပွဲဆါက စားကြွင်းစားကျန်နှင့် ပန်းကန်တွေကို သိမ်းဆည်းသွားလေသည်။

နေသာသည် ထို snack ဆိုင်လေးရဲ့ချောင်ကျသော စားပွဲတစ်လုံးတွင်ထိုင်ရင်း သူမကို လိုက်လံငေးမော၍နေမိသည်။ အားချက်လေးလေးပင်ပင် နင့်နင့်နဲနဲတွေ သယ်ဆောင်မလာဖူးသော သူ့ရင်ဘတ်တစ်ဝက်သည် တဖြည်းဖြည်း နင့်နဲလေးမင်လာပြီး ကျန်တစ်ဖက်ကတော့ တလှပ်လှပ်လှုပ်ခတ်၍နေသည်။

ပထမဦးဆုံးအကြိမ် သူ့ရင်ဘတ်ထဲမှ ဖြစ်လာသည့် ခံစားချက်ခြင်းဟာ ပေါ့သေးသေးမဟုတ်တာကို သူခန့်မှန်းမိသွားသည်။

သူက သူမအလုပ်ပြီးချိန်အထိ စောင့်ခဲ့လေသည်။

ည ၈ နာရီကျမှ သူမအလုပ်ပြီးကာ ဆိုင်ထဲမှထွက်လာသည်။ သူက သူမရှေ့သို့ ဗြုန်းခနဲ ခုန်ထွက်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့...နှစ်သစ်ကူး"

"ဟင်...နင်...နေသာ၊ နင်ဘယ်က ဘယ်လို..."

"ဟိုက ဟိုလိုပြီးတော့ ဒီက ဒီကိုလာတာလေ၊ နင်က ဒီဆိုင်မှာ အလုပ်လုပ်နေတာလား၊ ခုမှအလုပ်ပြီးတာလား၊ နေ့တိုင်း ဒီအချိန်ပဲပြီးတာလား၊ ဖယ်ရီမရှိဘူးလား၊ အပြန် မိုးချုပ်လိုက်တာကွာ၊ လာ...ငါလိုက်ပို့ပေးမယ်၊ ငါ့ကား က သင်တန်းရှေ့မှာရပ်ထားခဲ့တာ၊ ဒီကနေ တက္ကစီငှားပြီး နင်နဲ့အတူ ကားသွားယူမယ်၊ ပြီးရင် ငါ့ကားနဲ့ နင့်ကို လိုက်ပို့ပေးမယ်၊ နင် ဝတ်ထားတာကလည်း အဝါ၊ ငါ့ကား ကလည်း အဝါ၊ အိုကေ...အရမ်းလိုက်တယ်၊ သူများတွေ ကတော့ပြောတယ်၊ အဝါရောင်ဆိုတာ အလွမ်းနဲ့ပတ်သတ် တယ်တဲ့၊ ငါတော့ မယုံဘူး၊ ငါက နင့်ကို ဘယ်တော့ လွမ်းရမှာမဟုတ်ဘူးလေ၊ အမြဲတမ်း နင်နဲ့နီးနီးလေးမှာ နေမှာဆိုတော့..."

"နေသာ...ရူးသလို ပေါသလို လျှောက်ပြောမနေစမ်းပါ ဟာ၊ ငါပြောတာ နားထောင်ပါဦး၊ ငါ့ကို နင့်က ဘာလ လိုက်ပို့ရမှာလဲ၊ ငါနေ့တိုင်း ဒီလိုပဲ ကြားကားစီးပြီး ပြန် ကျပဲ၊ ရိုးနေပြီ"





"နင့်ပြောတော့ ချစ်သူရှိတယ်ဆို၊ နင့်ချစ်သူက ညဘက် ကြီး တစ်ယောက်တည်း ပြန်တာကို စိတ်ချသလား၊ နင့်ကို လာမကြိုဘူးလား"

"သူက လာကြိုချင်ပါတယ်၊ ဒါပေမယ့် ငါက မကြိုခိုင်း တာ၊ နေ့ဘက်လာကြိုတာက ကိစ္စမရှိဘူး၊ ညဘက်ကြီး ကားတစ်စီးနဲ့ ယောကျ်ားတစ်ယောက်နဲ့အတူ ပြန်ပြန်လာ ရင် ငါ့အဆောင်က လူတွေက ငါ့ကို တစ်မျိုးထင်မှာစိုးလို့ အနေအထိုင် ဆင်ခြင်ရတာပေါ့"

"နင်က အဆောင်မှာ နေတာလား"

"ဟုတ်တယ်"

"အလုပ်လုပ်ရင်း သင်တန်းတွေ တက်နေတာပေါ့"

"ဟုတ်တယ်လေ"

"နင် မပင်ပန်းဘူးလား နှစ်သစ်ကူးရာ၊ ငါဖြင့် နင့်အစား ညောင်းလိုက်တာ၊ အမြဲမတ်တတ်မတ်တတ်နဲ့၊ ခြေသလုံး တွေဆို တောင့်နေမှာပဲ၊ အဆောင်ကျရင် အခန်းဖော်တွေ ကို ချော့မော့ပြီး နင်းခိုင်းနှိပ်ခိုင်းလိုက်ဦး...ကြားလား"

"နေစမ်းပါဦး...နင်က ငါဒီမှာ အလုပ်လုပ်မှန်း ဘယ်လို သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပေါ့၊ နည်းပညာလေးတစ်ခုနဲ့ ကြိုးစားကြည့်လိုက်တာ"

"နင် ဘယ်လောက်ကြိုးစားကြိုးစား အချည်းနှီးပဲဆိုတာ ငါ ကြိုပြောထားတယ်နော် နေသာ၊ နောင်တစ်ချိန်ကျ ငါ့ချစ်သူနဲ့ နင့်နဲ့ ပြဿနာဖြစ်ရင် ငါ နင်တို့ကြားမှာ ခေါင်းစားမနေချင်ဘူး၊ နင် ပြန်တော့"

"နင့်ကို . လိုက်ပို့မလို့ပါဆို"

"ပြန်တော့ဆို ပြန်တော့ဟာ"

"မပြန်ဘူးဆို မပြန်ဘူးကွာ၊ နင့်မှာ ချစ်သူရှိတယ်ဆိုတာကိုလည်း မယုံဘူးဆို မယုံဘူးကွာ"

"ဘာကြီးလဲ...နင်က ဘာကြီးလဲ နေသာ၊ ယဉ်ကျေးမှုမရှိဘူးလား၊ အချစ်ပြဿနာတွေကြားမှာ ငါ ဗျာများခေါင်းစားနေဖို့ အချိန်မရှိဘူး၊ ငါ့ဘဝအတွက် ငါရုန်းကန်နေတယ်၊ ပြီးတော့ ငါ့မှာ ငါက ချစ်တဲ့...ငါ့ကိုချစ်တဲ့ ချစ်သူတစ်ယောက်ရှိတယ်...ဒါပဲ၊ ငါ့ဘဝက ရှင်းရှင်းလေးပဲ၊ ရှုပ်အောင် လာမလုပ်နဲ့"

လမ်းလျှောက်လာရင်း ဘတ်စ်ကားဂိတ် နားသို့





ရောက်ပြီမို့ အသင့်ရပ်လာသော ဘတ်စ်ကားပေါ်သို့ သူမက ပြေးတက်လိုက်သည်။ နေသာကလည်း သူမနောက်မှ လိုက်တက်လာခဲ့လေသည်။ သူမက နေသာ့ကို မျက်မှောင်ကြုတ်၍ကြည့်သည်။ နေသာက သူမနဲ့ ခပ်ဝေးဝေးမှာရပ်ရင်း ဟိုကြည့်ဒီကြည့်လုပ်နေလိုက်သည်။ သူမက မှတ်တိုင်တစ်ခုမှာဆင်းတော့ သူလည်း လိုက်ဆင်းလိုက်သည်။ ပြီးတော့ ခပ်သွက်သွက်လျှောက်သွားသော နှစ်သစ်ကူးကို လှမ်းအော်ပြောလိုက်လေသည်။

"ဟေ့ နှစ်သစ်ကူး...ငါ နင့်ကိုလိုက်ပို့တာမဟုတ်ဘူးသိလား၊ ငါ့ဘာသာ ပျင်းလို့ ဘတ်စ်ကား လိုက်စီးတာ"



www.burmeseclassic.com

www.burmeseclassic.com



* * *

"ဟမ်ဘာဂါ ငါးလုံး၊ လိမ္မော်ရည် ငါးခွက်"

"ပါဆယ်လား"

"မဟုတ်ဘူး…စားမှာ၊ ဟဲဟဲ"

နှစ်သစ်ကူးက ဖျက်ခနဲ မော့အကြည့်၊ နေသာ့မျက်နှာ ပြုံးဖြီးဖြီးကိုအတွေ့ မျက်ခုံးက တွန့်ခနဲဖြစ်ကာ…

"နင် လာပြန်ပြီ"

"အင်းလေ ဘာဂါကြိုက်လို့ လာစားတာပဲ…ဘာဖြစ်လဲ"

"သူငယ်ချင်းတွေနဲ့လား"

"မဟုတ်ပါဘူး"

"ဟင်…ဒါနဲ့များ ဘာဂါ ၅ လုံးဆိုတာက…"

"ငါတစ်ယောက်တည်း အကြာကြီးတစိမ့်စိမ့်ထိုင်စားဖို့ပေါ့"





"နင် မဟုတ်တော့ဘူး နေသာ၊ သင်တန်းကျတော့လည်း သင်တန်းမှာမို့လို့၊ ဆိုင်မှာလည်း ဆိုင်မှာမို့လို့၊ နင် နှောင့်ယှက်နေတာ များပြီ"

"ဘာနှောင့်ယှက်လို့လဲ၊ ကိုယ့်ဘာသာ ဘာဂါထိုင်စားနေရုံပဲ၊ နင့်ကို ဘာမှမထိခိုက်ဘူး၊ စကားလည်းမပြောဘူး ကွာ"

နေသာက ဘာဂါတွေ အအေးဖန်ခွက်တွေထည့်ထားသော ဗန်းကြီးကို မ,ကာ သူမနားမှထွက်ခဲ့သည်။ ပြီးတော့ သူမကို မျက်နှာချင်းဆိုင်တည့်တည့်မြင်နိုင်သော စားပွဲမှာ ကျကျနန နေရာယူလိုက်လေသည်။

နေသာက ဒီဆိုင်မှာ လာလာပြီး အရောင်းမြှင့်တင်ပေးနေတာ ဒီနေ့တစ်နေ့တည်းမဟုတ်၊ နှစ်သစ်ကူး ဒီဆိုင်မှာ အလုပ်လုပ်ကြောင်း သိသွားသည့်နေ့ကတည်းက ဖနဲ့ဟာဖြစ်သည်။

သူက ဘာဂါကို တမြုံ့မြုံ့ဝါးရင်း အအေးကို ပေစိမ့်စိမ့်သောက်ရင်း သူမကို တစိမ့်စိမ့်စိုက်ကြည့်လျက်ရှိလေသည်။ သူက ခုမှစ၍ ချစ်ဖူးတာမို့ အချစ်ကို ဘယ်လိုအမူအရာတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြရမှန်းလည်း မသိ။ သူမကိုမြင်နေရလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိတာကတော့ အသေအချာပင်။

နေသာ့မျက်စိစားပွဲထိုင်မှုကြောင့် အမှန်တကယ် စိတ်ရှုပ်ရသူကတော့ နှစ်သစ်ကူးတည်း။ ခုဆိုလျှင် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေကပင် နေသာ့ကို သတိထားမိကာ နှစ်သစ်ကူးကို တံတောင်နှင့် လှမ်းတွက်ရင်း...

"ဟဲ့...ကူး၊ ခုတလော ငါတို့ဆိုင်မှာ နင့်ကြောင့် ရောင်းအားတွေ တက်နေပါလား"

"ဘာလဲဟာ"

"ဟိုတစ်ယောက်လေ၊ နင့်ကို လာလာရှိုးနေတာ၊ အမိုက်စားပဲနော်၊ နင် စိတ်မဝင်စားဘူးလား"

"စိတ်မဝင်စားပါဘူးဟာ၊ ငါ့မှာရည်းစားရှိတာ နင်သိသားနဲ့ ဘာတွေလာမေးနေတာလဲ မာလာရာ"

"ရည်းစားပဲ ဘာဖြစ်လဲ...တစ်ယောက်မကောင်းရင် တစ်ယောက်ပြောင်းလို့ ရတာပဲ၊ နင် သူ့ကို ကျွန်မမှာ ရည်းစားရှိတယ်တွေ ဘာတွေ သွားမပြောနဲ့နော်၊ သူ့ကြည့်ရတာ မဆိုးဘူး၊ ယုဉ်ပြီး အရွေးခံနိုင်တဲ့ အဆင့်ပဲ"





"တော်စမ်းပါ"

နှစ်သစ်ကူးက စိတ်ရှုပ်ရှုပ်နှင့်ပင် နေသာ့ဆီ လှမ်းကြည့်မိလေသည်။ ဘုရားရေ...သူ့ရှေ့မှာ ဘာဂါ နှစ်လုံးပဲ ကျန်တော့တာပါလား၊ ဘာဂါအစားပြိုင်ပွဲများ ဝင်နေသလား။

သူက နှစ်သစ်ကူးနဲ့ မျက်လုံးချင်းဆုံခိုက်မှာ မျက်စိတစ်ဖက်တောင် မှိတ်ပြလိုက်သေးသည်။

နှစ်သစ်ကူးက ကောင်တာရှေ့သို့ ထွက်လာကာ နေသာ့အားစားပွဲက ပန်းကန်တွေကို သိမ်းလိုက်ရင်း...

"နေသာ နင် ဗိုက်ကွဲ မသေသေးဘူးလား"

"ဟင့်အင်း...ဒီမလာခင်ကမှ ဝမ်းနုတ်လာတာ"

"နင် ဒီလိုလုပ်နေတာ ငါလည်း မကောင်းဘူး၊ သူများတွေလည်း ငါ့ကိုတစ်မျိုးမြင်မယ်၊ နင် ဒီအတိုင်းဆက်ရှူးနေမယ်ဆိုရင် ငါ့ရည်းစားပြန်လာရင် နင် မလွယ်ဘူး၊ ငါ့ရည်းစားက စိတ်ဆတ်တယ်၊ အရမ်းဒေါသကြီးတယ်၊ ငါ့ကိုနည်းနည်းလေးမှ အထိခံတာမဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်ယောက်က ငါ့ကိုစိုက်ကြည့်မိရင်တောင် သူက လက်သီးတပြင်ပြင်ဖြစ်နေတာ၊ သူကြည့်မရတော့ဘူးဆိုရင် ထထိုးဖို့လည်း ဝန်မလေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူများ ခြောက်တိုင်း တို့မကြောက်၊ သူများ ချော့တိုင်း တို့မပျော့"

"နေသာ...နင်..."

နှစ်သစ်ကူးမျက်နှာက နီရဲကာ ဒေါသဖြစ်လာပြီမို့ နေသာ ပျာသွားကာ...

"စိတ်မဆိုးပါနဲ့ကွာ၊ နင်မကြိုက်ရင် ငါ နောက်နေ့တွေ မလာတော့ပါဘူး၊ ဒီနေ့ နောက်ဆုံးပါ၊ ငါ နင့်စကားကို နားထောင်ပါမယ်၊ ဒါပေမယ့် ငါ့ရှေ့မှာ နင့်ရဲ့မရှိတဲ့ ရည်းစားအကြောင်းကိုတော့ လာပြီး လုပ်ကြံမပြောပါနဲ့၊ ငါရယ်ချင်လို့ပါဟာ"

နှစ်သစ်ကူးသည် သူမရှေ့က စပ်ဖြီဖြီ ပြုံးစိစိ ကောင်ကလေးကို ဘယ်လို နားလည်သဘောပေါက် လက်ခံယုံကြည်လာအောင် ပြောရမည် မသိတော့ချေ။ လောလောဆယ်မှာ ကူးရဲ့ချစ်သူဟာ ကူးအနားမှာ တကယ်မရှိခဲ့။ သူက အဝေးရောက်နေတာမို့ 'ဒါ ငါ့ရည်းစားဟဲ့' ဟု လက်ဆုပ်လက်ကိုင်ပြ၍လည်း မရ။

သူ့ကြည့်ရတာ ကူးအပေါ် တကယ်ကြွေမှန်း ရိပ်မိ





သော်လည်း ကူးရဲ့ချစ်ခြင်းနဲ့ သစ္စာတရားဟာ နန္ဒအပေါ်မှာသာ မြဲခဲ့ပြီမို့ သူ့ကို ကူးနည်းနည်းမှ စိတ်မဝင်စား။ စိတ်လည်း မယိုင်မိ။ လှေနံနှစ်ဖက်နင်းဖို့ဆိုတာ ဝေးစွပင်တည်း။

နန္ဒ...။

ကူးသိပ်ချစ်တဲ့ နန္ဒဟာ ကူးရှေ့က နေသာ ဂျစ်တာထက် အဆတစ်ရာ ပို၍ဂျစ်ကျကာ ကမူးရှူးထိုး တစ်ဖွတ်ထိုး ဒေါသကြီးသူကလေးဖြစ်ပေမယ့် ကူးက စိတ်နှလုံး နှစ်ဝင်ချစ်ခင်ခဲ့ပြီးပြီ။ ဘယ်သူတွေက နန္ဒကို ဆောင့်ကြွားကြွားနိုင်တယ်ပဲ ပြောပြော ကူးမျက်စိထဲမှာတော့ နန္ဒက အမြဲချစ်စရာလေး ဖြစ်ဖြစ်နေတတ်သည်။ နန္ဒက ကူးကို တစ်ခါတစ်ခါ ပျော်ရွှင်စေပြီး တစ်ခါတစ်ခါ စိတ်ညစ်စေသည်။ သို့သော် ဘာပဲဖြစ်ဖြစ် ကူးသူ့ကို ချစ်သည်။

"ကူးရေ...ဖုန်းလာတယ်"

ကောင်တာနောက်က မာလာက လှမ်းပြောတာမို့ ကူးပျော်သွားသည်။ အဲဒါ နန္ဒဖုန်းဆိုတာ သေချာသည်။ ကူးရဲ့ ဆိုင်ဖုန်းနံပါတ်ကို နန္ဒတစ်ယောက်ကိုသာ ကူးပေးထားခဲ့သည်။ ပြီးတော့ ဒီအချိန်က နန္ဒဖုန်းဆက်တတ်တဲ့အချိန်လေ။



www.burmeseclassic.com

www.burmeseclassic.com



ကူးက ပျော်ရွှင်စွာ လှည့်ထွက်တော့မည့်ဆဲဆဲ ကူး ရှေ့က ဘာဂါတွေ မိုက်ကွဲအောင်စားနေသော နေသာ့ကို လှည့် ကြည့်မိကာ...

"ဟဲ့ ကြားလား"

"အင်း...ကြားတယ်"

နေသာက ဘာဂါစားရင်း ခေါင်းညိတ်တာမို့ ကူးက အံ့သြကာ...

"ဘာကြားတာလဲ"

"နင်ငါ့ကို ချစ်တယ်လို့ ခုပဲပြောလိုက်တာ မဟုတ်လား"

ကူးက အကြောင်ရိုက်ခံရတာမို့ ဒေါသဖြစ်သွား ကာ...

"နင် လဲသေပေါ့၊ ငါပြောတာက ဖုန်းလာတယ်ဆိုတာ နင် ကြားလားလို့မေးတာ၊ မှတ်ထား...အဲဒါ ငါ့ရည်းစား ဆီက လာတဲ့ ဖုန်း"

"ဟုတ်လား၊ မယုံဘူး...လိုက်နားထောင်မယ်"

"အထဲထိလိုက်ဝင်လို့မရလို့ပေါ့၊ ရရင်ခေါ်ပြီး နားထောင် ခိုင်းပါတယ်၊ နင့်အသံကြားရင် သူ ချက်ချင်းပြန်လာမှာ အသေအချာပဲ"





"အဲဒီလောက်တောင် အချစ်ကြီးတယ်ပေါ့၊ အင်း... ဒါပေမယ့် ကိုယ်လုံးဝမကြိုက်တဲ့ ဘာဂါသွေကို မဆုံမပြဲ လာစားပြီး အရောင်းမြှင့်တင်နေတဲ့ ငါ့လောက်တော့ အချစ် ကြီးမယ် မထင်ပါဘူး"

"သေလိုက်...သေလိုက်"

"သေဘူး...သေဘူး"

ကူးက သူ့ကိုဂရုမစိုက်တော့ဘဲ ဖုန်းရှိသည့် ဆိုင် အတွင်းခန်းဘက်သို့ ဝင်လာခဲ့လေသည်။ မောင်နဲ့ စကားပြောရမှာ မို့ ရင်များပင် ခုန်ချင်လာသည်။

"ဟဲလို...မောင်"

"ကူးရာ...စောင့်နေရတာ ကြာလိုက်တာကွာ၊ အလုပ်ရှုပ် နေတာလား"

"ဟုတ်တယ် မောင်၊ အလုပ်ရှုပ်တာရော ဧည့်ရှုပ်တာရော ပေါ့၊ လူက အလုပ်လုပ်ရင်း စိတ်ကတော့ မောင့်ကို လွမ်း ရင်းပေါ့"

"မောင့်ကို ဖြောင့်ဖြောင့်ရော လွမ်းခွင့်ရရဲ့လား၊ ဘယ် ငနဲတွေ ကူးကို နှောင့်ယှက်သေးလဲ၊ ထားသာထား ခံရတယ်

www.burmeseclassic.com



ကူးကို လုံးဝစိတ်မချဘူး၊ သင်တန်းကကောင်တွေကလည်း အလစ်ဝင်သုတ်ဖို့ စောင့်နေကြတဲ့သူတွေချည်းပဲ၊ ကူး မောင့်ကို လုံးဝမလျှို့ကြေးနော်၊ မောင်ပြန်လာရင် ကူးကို ဘယ်ငနဲတွေ နှောင့်ယှက်သလဲဆိုတာ အမှန်အကိုင်းပြောပြ၊ မောင် ကောင်းကောင်း ဆုံးမပြမယ်”

မောင့်ကြိမ်းဝါးသံက ကူးကို ကျေနပ်ထဲစိမ့်သွားစေသည်။ ကူးက လန့်ဖျပ်ကာ ဆိုင်ထဲမှာရှိနေသေးသော နေသာ့ကို လှမ်းကြည့်လိုက်သည်။ ကူး မျက်စိထဲမှာ နနွင်းလက်သီးကြောင့် လိန်ပိန်ရှုံ့တွသွားသော နေသာ့ မျက်နှာကို မြင်ယောင်ကာ ကျေနပ်စိမ့်သွားသည်။

“ဘယ်သူမှ မနှောင့်ယှက်ပါဘူး မောင်ရယ်၊ ကူး လွမ်းနေပြီ၊ မောင် ပြန်မလာသေးဘူးလား”

“ဟဲဟဲ…သန်ဘက်ခါဆို ပြန်လာတော့မှာပါ”

“ဟယ်…တကယ်၊ ကြည့်ပါဦး…စောစောစီးစီးမပြောဘူး၊ ဒါဆို မောင်ပြန်ရောက်မှ တွေ့မယ်လေ၊ ခုတော့ အလုပ်ချိန်ကြီး ဖုန်းကြာကြာပြောလို့ မကောင်းဘူး၊ ကူး ဖုန်းချလိုက်တော့မယ်”





ကူးက ဖုန်းချလိုက်ပြီး ရှေ့ဘက်ဆီက နေသာ့ကို လှမ်းကြည့်ကာ ရင်လေးသွားသည်။

မောင်နဲ့ နေသာ ထိပ်တိုက်တွေ့ကြမည့်အရေးကို ကူး မတွေးရဲချေ။



www.burmeseclassic.com

www.burmeseclassic.com



* * *

နောက်ရက်မှာတော့ နေသာက နှစ်သစ်ကူးကို ပေးခဲ့သော ကတိကို စောင့်ထိန်းလိုက်နာဖို့ ကြိုးစားလေသည်။ သူမဆိုင်ကို နောက်ထပ်မလာဖို့ သူမက တားမြစ်ထားခဲ့သည်လေ။

သူ သူမကိုချစ်သည်။ ထို့ကြောင့် သူမ မကြိုက်တာကို မလုပ်ချင်ပေ။ ချစ်တဲ့ကိစ္စကလွဲလို့ပေါ့။ ချစ်တာကတော့ သူမ ကြိုက်ကြိုက် မကြိုက်ကြိုက် ဆက်ချစ်ဦးမှာပဲဖြစ်သည်။ အချစ်ကိုတော့ ဘာနဲ့မှ လာမတားနဲ့။ အတားအဆီးမှန်သမျှကို သူ ရင်ဆိုင်ကျော်လွှားရလိမ့်မည်။

ပထမဦးဆုံးဖြစ်လာတဲ့ အချစ်အဖူးအညွှန့်ကလေးကို သူက တသသဖြစ်လျက်ရှိသည်။

သူမ ပုံပြင်တွေပြောနေတာကိုလည်း သူမယုံရေးချ





မယုံချေ။ ရည်းစားရှိတယ်ဆိုတဲ့အကြောင်းပြချက်ဟာ မိန်းကလေးတွေရဲ့ ရှေးဆန်လွန်းတဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခြင်းတစ်မျိုးပဲ မဟုတ်လား။

နေသာသည် နှစ်သစ်ကူးကို အချိန်တိုင်းတွေ့ချင်နေပြီး မတွေ့ရလျှင်တော့ စိတ်တွေ ဂနာမငြိမ် ဆောက်တည်ရာမဲ့ဖြစ်ရသည်။ ထိုအခါ သူက သူ့ GSM ဖုန်းကလေးကိုဖွင့်ကာ display ပေါ်က သူမရဲ့ နှင်းဆီပန်းကလေး ငုံ့နမ်းနေသော ပုံလေးကို တစိမ့်စိမ့်ကြည့်သည်။ သူ့ ကွန်ပျူတာ screen ပေါ်က ထိုပုံကလေးကိုပဲ ကြည့်မဝသောကြည့်ခြင်းဖြင့်ကြည့်ကာ အလွမ်းဖြေရသည်။ ဟာကွာ… အချစ်ဆိုတာ ဒီလို ရှူးနှမ်းတတ်တဲ့ အရာကြီးလားကွာ…။

သူက လေအဟုန်မှာပျံဝဲတော့မတတ် မြူးကြွသောစိတ်၊ ဖတ်ဖတ်မောကာ နွမ်းလျွှေယိုင်တော့မတတ် လွမ်းဆွတ်ဆာတီရသည့်စိတ်တို့ဖြင့် ပြောင်းဆန်နေသည်။

အဲဒီလိုခံစားချက်တွေ ပြောင်းဆန်တွန်းမွှေအုံကြွနေတတ်တာဟာ လူငယ်လေးတစ်ယောက်ရဲ့ ပထမဆုံး အချစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတာက နေသာတို့ရဲ့ အင်္ဂလိပ်စာသင်တန်းက သုံးလပြတ်သင်တန်းမို့ သင်တန်းကာလပြီးဆုံးသွားခဲ့ခြင်းဖြစ်သည်။ Course တစ်ခုကို သုံးလပြီးလျှင် နောက် Course တစ်ခု ဆက်တက်နိုင်သည်။ သို့သော် သူမက ဆက်တက် မတက် သူ မသိချေ။ သူမသာ မတက်လျှင် သူကြွေပြီ။ နေ့တိုင်းတွေ့ခွင့်ကို လက်လွှတ်ဆုံးရှုံးသွားရမှာမို့ သူ သွေးပျက်ချင်နေသည်။

သို့သော် ကိစ္စမရှိ။ သူမ အလုပ်လုပ်သောဆိုင်ကို သူသိနေတာပဲ၊ ရစ်သီရစ်သီသွားလုပ်ပြီး အရိပ်အကဲကြည့်ကာ ရှေ့ဆက်တိုးရုံပေါ့။

နောက် နှစ်ရက်အကြာ ညနေခင်းတစ်ခုမှာတော့ သူတို့ကျောင်းသားတွေရဲ့ မိတ်ဆုံညစာစားပွဲလေးတစ်ခုကို စိမ်းလန်းစိုပြည်ပန်းခြံထဲမှာ လုပ်ကြလေသည်။ ထိုပွဲကို သူမ လာလိမ့်မည်ဟု မျှော်လင့်ကာ သူ ရင်ခုန်တက်ကြွနေသည်။

အဲဒီညမှာ သူက အဖြူရောင်ဘောင်းဘီပွပွလေးနှင့် လိမ္မော်ရောင် တီရှပ်လက်ပြတ်ကိုဝတ်ထားကာ သူ့ဆံပင်တွေကိုတော့ ဆိုင်မှာ ဖွတ်မြီးသေးသေးလေးတွေ သွားကျစ်လာခဲ့သေးသည်။ သူ ဒီညမှာ တော်တော်လှချင်နေခဲ့သည်။





သူ့ပုံစံကို သင်တန်းက ကောင်မလေးတွေကပင် ကွက်ကြည့်ကွက်ကြည့်လုပ်နေကြသည်။ အဲဒီလို ဖွတ်မြီး သေးသေးလေးတွေကျစ်ထားတိုင်း သူ့မဟာနဖူးကျယ်လှလှဟာ ထင်းနေအောင် ပေါ်ကာ မျက်ခုံးထူထူ နှုတ်ခမ်းစုစုလေးနဲ့ သူ့ပုံစံကို အရမ်းမိုက်သည်ဟု သတ်မှတ်ကြတာ သူအသိဆုံးပေါ့။ ပြီးတော့ ကိုရီးယားမင်းသား Rain နဲ့ တူတယ်လို့တောင် သတင်းကြီးသေး။ ဝတ်အစားကိုလည်း ဘာမှ ထွေထွေထူးထူး ဝတ်စရာမလို၊ အရောင်တောက်တောက် တီရှပ်လက်ပြတ်ကလေးတွေ ဝတ်လိုက်ရင် သူ့စတိုင်လ်က ထင်းလင်းတောက်ပသွားတတ်သည်။

ခက်တာက သူ့စတိုင်လ် ဘယ်လောက်မိုက်မိုက် နှစ်သစ်ကူးက စိတ်မဝင်စားတာပဲ။ အိုကွာ...ဘာဖြစ်သေးလဲ... ဖြည်းဖြည်းတော့ ညှို့ခေါ်ကြည့်ရသေးတာပေါ့...။

နေသာသည် မြက်ခင်းစိမ်းမှာချထားသည့် စားပွဲတွေ အများတကာနှင့် ရောနှောမထိုင်နိုင်သေးဘဲ ဟိုလျှောက် ဒီလျှောက်လုပ်ရင်း နှစ်သစ်ကူးကို မျှော်မောနေရလေသည်။

ညခင်းမို့ ပန်းခြံသည် မှောင်ရီရီလေးဖြစ်နေပြီ ပန်းခြံထဲက ကုက္ကိုပင်ကြီးကို မီးရောင်စုံတန်းလေးတွေက ရစ်ခွေ



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ထိုအပင်ထက် ဆောင်းဘောက်စ်ဆီမှ ဂီတသံလေးတွေ က ပန်းခြံတစ်ခုလုံးသို့ ငြိမ့်ညောင်းစွာလွှင့်ပျံ့နေသည်။ သူ့အဖို့ တော့ ဒီညဟာ ညတွေထဲမှာ အလှဆုံးဖြစ်သည်။

နေသာက အင်လျားကန်ဘက် မျက်နှာမူကာ ခေါင်း မော့လျက် လေကောင်းလေသန့်ကိုရှိုက်၍ရှူလိုက်ပြီး နောက်သို့ ပြန်အလှည့်မှာ နှစ်သစ်ကူးကို လှမ်းမြင်လိုက်ရလေသည်။

လှလိုက်တာ...ကူးရာ...။

သူက မှင်သက်အငိုက်မိစွာ တိုးတိုးလေး ညည်းတွား မိသည်။

ဒူးဖုံးရုံ ကိုယ်အတိ ဂါဝန်အတိုလေး၊ ဖိနပ်ဖြူဖြူ လေး၊ ပုလဲပုတီးဖြူဖြူလေး၊ နဖူးပေါ် ခပ်အုပ်အုပ်ဆံပင်တိတိ ကလေးဖြင့် သူမပုံစံက ညခင်းထဲက လတစ်စင်းလို ဝင်းပ... သည်။

သူက သူမဆီ ပေါ့ပါးလွင့်မြောက်သောခြေလှမ်းများ ဖြင့် လှမ်းသွားမိလေသည်။ သူ လျှောက်သွားဆဲမှာပင် သူမက လှေကားထစ်နိမ့်နိမ့်လေးသို့ လှမ်းအဆင်း ဒေါက်ဖိနပ်ကလေး ချော်ထွက်သွားကာ ဒူးထောက်လဲပြိုသွားလေသည်။





"ဟာ...ကူး..."

နေသာက သူမထံ တစ်ရှိန်ထိုး ပြေးသွားလိုက်သည်။

"ကူး...နင် နာသွားလား၊ ဘယ်ထိသွားလဲ၊ ထထ... ငါ့လက်ကိုဆွဲထ၊ နင် ခြေဖဝါးရော ဒူးရော နာနေမှာပေါ့၊ ထလေ..."

သူမက နေသာ့ကို ဖျတ်ခနဲမော့ကြည့်လိုက်သည်။ (နေ)သာ့ရဲ့ကမ်းထားသော လက်ကိုတော့ လျစ်လျူရှုထားသည်။ (ပြီး)တော့ သူမမျက်ဝန်းတွေထဲမှာ အဓိပ္ပာယ်တွေအများကြီး တွေ့ (ရ)သည်။

"နှစ်သစ်ကူး...ထလေဟာ..."

သူ လက်ကမ်းဆဲတွင် သူမရဲ့လက်ကလေးတစ်ဖက် က တဖြည်းဖြည်းမြောက်တက်လာလေသည်။ သူ့ရင်ထဲ လှစ်ခနဲ (ပေါ့)သွားကာ သူမလက်ကို ဆီးကြိုဆုပ်ကိုင်မည်ဟု ရှေ့တိုးဆဲ (သူမ)လက်က သူ့လက်ကိုကျော်ကာ နောက်ဘက်သို့ပွန်သွားသည်။

သူ့နောက်ဘက်ဆီက ကျော်လွန်လာသော လက် (လက်တစ်)ဖက်က သူမလက်ကလေးကို ဖျတ်ခနဲ ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင် (လိုက်)သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်ဘက်သို့ လှည့်ကြည့်မိတော့ မထိတရီ ပြုံးကို ဆင်မြန်းထားသည့် မျက်နှာတစ်ခုကို တွေ့လေသည်။

ဟ. . . ဒါက ဘာပုံလဲ. . .။ ဆံပင်ခပ်တိုတိုတွေကို ဂျဲဖြင့် အစုအစု ချွန်ချွန်လေးတွေဖြစ်အောင် ထောင်ထားသော ခင်းခေါင်းက ငြိုပြာသားနဲ့တူသည်။ ဂျင်းဘောင်းဘီ စွကျကျက Rapper ဒီဇိုင်း။ မျက်နှာက အဆင်ပြေချင်လျက်နဲ့ မျက်နှာထားက အမြင်ကတ်စရာ ကောင်းနေလေသည်။

"ကူးလေး. . .ထ၊ ဘယ်နှာသွားလဲ၊ ကူး လဲသွားတာ မြင်လို့ ထူရအောင် မောင်အမြန်ပြေးလာတာ၊ မီရိုကလေးပဲရှိတယ်၊ ဒီနားလေး ခဏ Toilet သွားဝင်နေတဲ့အချိန်ကလေးမှာတောင် စိတ်မချရပါလားကွာ၊ ပွဲလန့်လန့် မလန့်လန့် ဖျာဝင်ခင်းဖို့စောင့်နေတဲ့ ငနဲတွေက အများသားပါလား"

ခင်းက ရိုးရိုးပြောတာမဟုတ်။ မထိတရီရုပ်ဖြင့် နေသာ့မျက်နှာကိုစွေကြည့်ကာ ရိတိတိလေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ပြီးတော့ နေသာ့ကို ခြေဆုံးခေါင်းဆုံးစိုက်ကြည့်ကာ မခန့်တစ်ချက်တွန့်၍ 'အဟား' ဟု လှောင်ပြောင်လိုက်သည်။ ဒါ့ပြင်မကသေး နေသာ့ပခုံးကို တဖတ်ဖတ်ပုတ်ကာ ဖုန်ခါသလို လုပ်လိုက်ပြီး. . .





"မင်း ကြောင်ချင်ရင် တခြားမှာသွားကြောင်၊ ငါ့ရည်းစားကို လာမကြောင်နဲ့"

ဟု နေသာ့နားကပ်ကာ အံကြိတ်သံဖြင့် ပြောလိုက်လေသည်။

နေသာ့ရင်ထဲမှာ ခံစားချက်မျိုးစုံဖြင့်ရှုပ်ထွေးဆူပွက်သွားခဲ့ပါသည်။ ရှက်စိတ်၊ နာကျင်စိတ်၊ ဒေါသစိတ်၊ ဝမ်းနည်းနေမြောတသစိတ်ဖြင့် မျက်ရည်ဝဲလာကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိသည်။

"လာ. . . ကူး သွားမယ်၊ အဲဒီလိုရည်းစား ကြာကူလီတွေ ရှိတတ်လို့ ကူးကို စိတ်မချတာပေါ့"

ခင်းက နှစ်သစ်ကူးရဲ့ပခုံးကိုဖက်ကာ လှည့်ထွက်သွားသည်။ နေသာ သည်းခံနိုင်သော အတိုင်းအတာ ကုန်ဆုံးသွားသည်။

"ဟေ့ကောင် . . ."

နေသာက အာခေါင်ခြစ်ကာ လှမ်းအော်ခေါ်လိုက်ပြီး ခင်းကို ပြေးထိုးလိုက်လေသည်။

သို့သော် လျှပ်တစ်ပြက်အတွင်းမှာ လှုပ်ရှားမှုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားသွားသည်။ သူ့လက်သီး ပွတ်ထိုးမိတာဟာ ဟိုကောင့် မေးစေ့မဟုတ်ဘဲ နှစ်သစ်ကူးရဲ့ ခေါင်းဖြစ်နေသည်။ သူမက ဟိုကောင့်ကိုတွန်းထုတ်ကာ ဝင်ခံလိုက်ခြင်းဖြစ်လေသည်။

"ဟာ..."

နေသာသည် ထိုအဖြစ်အပျက်ကို မယုံကြည်နိုင်၊ ဖြန်းခနဲဆွဲ့အကာ ဆယ်စက္ကန့်လောက် ကြောင်အသွားသည်။ သတိဝင်လာတော့မှ သူမဆီ ကမူးရှူးထိုး ပြေးသွားမိကာ...

"နှစ်သစ်ကူး...ဟာ...ဟာကွာ၊ နင် တော်တော် ရှုးမိုက်ပါလား၊ ငါ...ငါထိုးတာက ဟိုကောင်လေဟာ"

"အေး...သိတယ်လေ၊ သူ့ကို မထိစေချင်လို့ ငါ ဝင်ခံပေးလိုက်တာ"

"နင် အရူးလား၊ ရူးနေလား နှစ်သစ်ကူး၊ ဒါမျိုးက မိန်းကလေးလုပ်ရမယ့်အလုပ်မဟုတ်ဘူး၊ ယောကျ်ားတွေပဲ လုပ်ရတာကွ၊ ခုတော့ အရူးမကြီးလို ဓားစာခံ ဝင်လုပ်ရတယ်လို့၊ နင် ဘယ်လိုနေသေးလဲ၊ တော်တော်ထိသွားလား၊ ဟာကွာ...ဘယ်လိုဖြစ်ရတာလဲကွာ"

နေသာက မျက်ရည်တွေလည်း ကျလာကာ ကမူး





ူးထိုး အော်ဟစ်နေမိလေသည်။ သူမက နေသာ့ကို ရန်ပြုမယ် ာကဲကဲလုပ်နေသော ဟိုကောင့်ကို ဆွဲထားရင်းက နေသာ့မျက်နှာ ကို စိုက်ကြည့်ကာ...

"ဒါ...ငါချစ်သူ နန္ဒပဲ နေသာ၊ ငါချစ်သူအတွက် ငါမှာ တာဝန်ရှိတယ်၊ သူ့ကို နာကျင်မှာစိုးတယ်၊ ချစ်သူချင်း ဆိုတာ အပြန်အလှန် ကာကွယ်ပေးမှုလိုအပ်တယ်၊ ခုကိစ္စ က သူ့အတွက် စိုးရိမ်စိတ်နဲ့ အရေးကြုံရင် အနစ်နာခံဖို့ လျှပ်တစ်ပြက် တွန်းအားဖြစ်သွားတာမျိုးပါ၊ နင့်လက်သီး က သူ့ကို ပြင်းပြင်းထန်ထန် နာကျင်စေနိုင်ပေမယ့် ငါ ဝင်ခံလိုက်တော့ ငါ့ကို နည်းနည်းပဲ ရုပ်ထိသွားတယ်လေ"

မိန်းမငယ်လေးတစ်ယောက်ရဲ့အချစ်က သူ့နှလုံး သားကို အလယ်တည့်တည့်မှ ထိုးခွဲပစ်လိုက်သည်။ သူ့နှလုံးသား က နှစ်ခြမ်းကွဲထွက်သွားသည်။ တစ်ခြမ်းမှာ သူမကိုချစ်သည့် အချစ်တွေ၊ ကျန်တစ်ခြမ်းမှာ နန္ဒကိုမုန်းသည့် အမုန်းတွေ...။

"မောင် ပြောတာလည်း လွန်တယ်၊ နေသာ လက်ပါတာ လည်း လွန်တယ်၊ နှစ်ယောက်စလုံး ဒီကိစ္စကို ဒီမှာပဲ အညီအမျှ ဖြတ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



သူမက ရန်စွယ်တငေါ်ငေါ်ဖြစ်နေသော နန္ဒကို ဆွဲခေါ်သွားသည်။ သူက ခေါင်းငိုက်စိုက်ဖြင့် ရပ်ကျန်ခဲ့သည်။

သို့သော် ကိစ္စက သူမ ထင်သလို ပြတ်မသွားပါ။ ခပ်ဝေးဝေးရောက်တော့ နန္ဒက သူမလက်ကိုဖြုတ်လွှတ်ပစ်လိုက်ပြီး သူ့ဆီတစ်ရှိန်ထိုးပြန်လှည့်ပြေးလာကာ နှစ်ချက်ဆင့်ထိုးပစ်လိုက်သည်။

သူ မြက်ခင်းစပ်ဆီ လဲပြိုကျန်ခဲ့သည်။

နန္ဒက နှစ်သစ်ကူးလက်ကို ဖွတ်ဆွဲခေါ်ကာ ပြေးထွက်သွားသည်။

သူငယ်ချင်းတွေက သူ့ဆီဝိုင်းလာပြီး ဆွဲထူပေးမကြသည်။

ပန်းခြံထဲမှာ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

လေပြင်းကြောင့် ကန်ထဲက ရေပြင်က လှိုင်းကရိပ်ရိပ် ပြေးသွားသည်။

သူ့ရင်ထဲမှာတော့ ရန်ငြိုးရန်စ မီးတောက်နဲ့ 'အချစ်' ဟူသော မီးတောက်တစ်ခု၊ ထိုမီးတောက်နှစ်ခု အရှိန်ညီးညီး တောက်လောင်နေခဲ့သည်။





သူ ပါးစပ်များက သွေးစတွေကို သုတ်ပစ်ရင်း ပြုံးမိသည်။

ရည်းစားရှိတဲ့ မိန်းကလေးတစ်ယောက်ကို မချစ်ရဘူးလို့ ဘယ်သူပြောသလဲ...။

ငါ့အချစ်တွေကို မင်း မြင်စေရမယ် နန္ဒ...။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com



* * *

နောက်တစ်နေ့မှာတော့ နေသာသည် နှင်းပန်းတစ်စီးကို ပွေ့ပိုက်ကာ ကူး အလုပ်လုပ်နေသောဆိုင်သို့ သွားလေသည်။

ဆိုင်ရှေ့ရောက်တာနဲ့ ကောက်ရိုးပုံစောင့်တဲ့ ဟိုဒင်းကောင်ကို ကျက်သရေတုံးစွာ လှမ်းမြင်ရသည်။ ဒင်းက စားပွဲတစ်ခုပေါ် မေးထောက်ကာ ညှို့တို့တို့မျက်ဝန်းတွေဖြင့် ကောင်တာနောက်က ကူးကို ငေးကြည့်လျက်ရှိသည်။ သူမကလည်း အလုပ်လုပ်နေရင်းကပဲ တစ်ချက်တစ်ချက်မှာ ဒင်းကိုလှမ်းကြည့်ကာ ပြုံးတုံ့တုံ့လေး လုပ်လုပ်ပြတတ်သေးသည်။ နေသာကြည့်တုန်းကတော့ ရှစ်ခေါက်ချိုးမျက်နှာ၊ ကွေးကုပ်နေသောမျက်ခုံးတို့ဖြင့် တုံ့ပြန်ခဲ့သည်။ ကူး လုံးဝမတရားချေ။





အေးလေ...မတရားဘူးလို့တော့ ဘယ်ပြောလို့မေလဲ။

ဟိုကောင်က သူ့ချစ်သူကိုး...။

ချစ်သူအပေါ်ကျ တစ်မျိုး၊ မချစ်တဲ့သူ့အပေါ်ကျ တစ်မျိုး၊ ပြတ်ပြတ်သားသား ကွဲကွဲပြားပြားဆက်ဆံတတ်တာကိုက မိန်းကလေးတစ်ယောက်ရဲ့ လေးစားစရာကောင်းတဲ့ ကိုယ်ကျင့်တရားပေါ့။

သူတွေ့ဖူးတဲ့ မိန်းကလေးတချို့ကတော့ ချစ်သူသော သူငယ်ချင်းသော မသိ အားလုံးကို အိရော အိရော ဆက်ဆံတတ်သည်။ သူမကတော့ ဒီလိုမဟုတ်ချေ။ သူလိုချင်တာကလည်း သူမလို မိန်းမမျိုးဖြစ်သည်။

နေသာသည် ပန်းစည်းကိုပွေ့ကာ ဆိုင်ထဲလှမ်းဝင်သာခဲ့တော့ နန္ဒက လှမ်းမြင်ကာ ဖြုန်းခနဲမတ်တတ်ထရပ်လိုက်လေသည်။

နေသာက နန္ဒရှေ့မှဖြတ်လျှောက်ကာ ကူးရှိရာကောင်တာဆီတည့်တည့်မတ်မတ် လျှောက်သွားမည်ပြင်လိုက်ပြီးမှ ခြေလှမ်းတုံ့ကာ ပန်းစည်းကို နန္ဒမျက်နှာနား တိုးကပ်ပြလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား...ဒါ နှင်းပန်းလို့ခေါ်တယ်၊ ငါ ကူးကိုချစ်တဲ့ အချစ်က နှင်းပန်းတွေလို ဖြူစင်တယ်"

ဟုပြောကာ ကူးထဲ ဆက်လျှောက်သွားသည်။ ပြီးတော့ ပန်းစည်းကို ကူးရှေ့ကောင်တာပေါ် တင်ပေးလိုက်ပြီး လှည့်ထွက်လာခဲ့သည်။

နန္ဒကလည်း ခေသူမဟုတ်တာမို့ ထိုပန်းစည်းကို သွားယူပြီး နေသာ့ နောက်သို့ ထက်ကြပ်မကွာလိုက်လာသည်။ နန္ဒက...

"ဟောကောင် နေသာ ဒီမှာကြည့်စမ်း..."

ဟု အော်ခေါ်လိုက်ပြီး နေသာလှည့်ကြည့်တော့မှ ပန်းစည်းကို ချနင်းပစ်လိုက်သည်။

"မင်း ခုနပြောတဲ့ ဖြူစင်တဲ့အချစ်ဆိုတာ ဟောဒီ ခြေထောက်အောက်မှာ ဟောဒီလို မွမွကြေသွားရှာခဲ့ကွ"

နေသာသည် လက်သီးဆုပ်ကာ ရှေ့တိုးလိုက်မိပြီးမှ နန္ဒနောက်က ဘွားခနဲပေါ်လာသော ကူးရဲ့မျက်နှာလေးကို မြင်သွားကာ လက်သီးကို နောက်ဘက်သို့ ဖွက်လိုက်သည်။

"နင်တို့ ဒီနားမှာ ငါ့အတွက်နဲ့ ထိုးကြကြိတ်ကြရင်တော့





ငါ့အလုပ်ပြုတ်မှာ သေချာတယ်၊ နေသာ နင် အေးအေး ဆေးဆေး ပြန်ပါဟာ"

နန္ဒက နေသာ့ကိုကြည့်ကာ အနိုင်ယူပြုံးကလေး ပြုံးသည်။ ပြီးတော့ နေသာ့နား ဖျတ်ခနဲ တိုးကပ်သွားပြီး...

"ကူးအလုပ်ပြုတ်မှာ စိတ်ညစ်မှာစိုးလို့ အခု မင်းကို ငါ လွှတ်ပေးလိုက်မယ် နေသာ၊ ဒါပေမယ့် မင်းနဲ့ငါ အပြင်မှာ တွေ့မယ်၊ ဒီညနေ ၆ နာရီ ကန်တော်ကြီးထဲမှာ စာရင်း ရှင်းမယ်၊ ကရဝိက်ဘက် ဝင်ပေါက်ကနေ ဝင်ခဲ့"

"အိုကေ...ကောင်းပြီ"

သူတို့က နှစ်သစ်ကူးမသိအောင် အချိန်းအချက် ...ဝ်လိုက်ကြပြီး နေသာက ချာခနဲလှည့်ထွက်သွားသည်။ နောက် ...ဆိုက နန္ဒရဲ့ တည့်ငင်းညှင်းရယ်သံကြောင့် နေသာက တွေ့ရာ စကားလုံးတစ်လုံးကို မိတ်ကန်မစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



* * *

ထိုနေ့ညနေ ၅ နာရီ ဒင်ခနဲ တီးချိန်တွင် နေသာရဲ့ Celica ကားလေးနှင့် နန္ဒရဲ့ ဂျစ်ကားအနီလေးသည် ကန်တော်ကြီး အဝင် ဂိတ်ပေါက်တွင် အလုအယက် ခေါင်းချင်းဆိုင်ကာ သူဝင် မယ် ငါဝင်မယ် တကဲကဲဖြင့် ဗရုတ်သုတ်ခဖြစ်၍နေလေသည်။ ဂိတ်စောင့်များက လန့်ဖျပ်ကာ...

"တစ်စီးပြီးမှ တစ်စီးဝင်မယ်၊ တစ်စီး နောက်ဆုတ်ပေး ပါ..."

ဟုမေတ္တာရပ်ခံသော်လည်း ဘယ်သူမှ နောက်မဆုတ်ဘဲ နန္ဒက ဂျစ်ကားပေါ်မှာမို့ အပေါ်စီးကနေ နေသာ့ကား လေးကို ငုံ့ကြည့်ကာ...

"ဟေ့ကောင်...မင်း နောက်ဆုတ်လိုက် ငါအရင်ဝင်မယ်"





"မင်းဂျစ်စုတ်ကိုသာ ဆုတ်လိုက်စမ်းပါကွာ"

"ဟေ့ကောင်...ငါ တိုက်ပစ်လိုက်ရမလား၊ မင်းကားနဲ့ ငါ့ကား တိုက်ရင် ငါ့ကားက အေးဆေးနော်၊ မင်းကား သာ မီးလုံးကွဲရုံနဲ့တောင် သေပြီဆရာပဲ"

နန္ဒက ပြောရင်းဆိုရင်း သူ့ကားကို စက်သံတဝူးဝူး ဘဲဂဲလေးကာ ရှေ့တိုးလာတာမို့ နေသာက ကားကို နောက်ဆုတ် ပေးလိုက်ရသည်။ ကိုယ့်ကားက သူ့ကားလို အစုတ်ပလုတ်မဟုတ်၊ အပိုပစ္စည်းဝယ်ဖို့ မလွယ်သော ကားမျိုးမို့ နမြောရသေးသည်။

ကားနှစ်စင်းက ကန်တော်ကြီးထဲသို့ အရှိန်ပြင်းစွာ ရှေ့ဆင့်နောက်ဆင့် မောင်းဝင်လာသည်။

နန္ဒက လှုရှင်းသည့်ဘက်သို့ ကားကိုဦးတည်မောင်း နေသည်။ ကားနှစ်စင်းစလုံးရပ်ပြီးချိန်တွင် နန္ဒက ကားပေါ်မှ ခုန်ချကာ လှုရှင်းသည့်ကျွန်းဘက်သို့ လျှောက်သွားတာမို့ နေသာ က ပြေးလိုက်လာသည်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ရပ်မိချိန်တွင် နန္ဒ က ရန်ပွဲကို စဖွင့်လိုက်သည်။

"မင်း မရှက်ဘူးလား ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒက နေသာ့ပခုံးကို တစ်ချက်တွန်းကာပြောလိုက်တာမို့ နေသာက တစ်ချက်ပြန်တွန်းရင်း...

"ချစ်တာပဲဟာ ရှက်စရာမဟုတ်ဘူးကွ"

"မင်းချစ်တာက သူများရည်းစားကြီးလေကွာ"

"သူများရည်းစားဆို မချစ်ရဘူးလို့ ဘယ်သူပြောလဲ"

"ငါပြောတယ် ဟေ့ကောင်"

နှစ်ယောက်စလုံး အပြန်အလှန် တွန်းလိုက် ပြောလိုက်ဖြင့် ရှန်းရင်းဆန်ခတ် ဖြစ်ပြုလာသည်။

"ငါ နှစ်သစ်ကူးကို စချစ်မိတဲ့အချိန်က မင်းရည်းစားမှန်းမှ မသိတာ"

"ခုသိပြီပဲ ... နောက်ဆုတ်လိုက်ပေါ့ကွ"

"အချစ်ဆိုတာ ခြေထောက်တွေမှမဟုတ်တာ၊ နောက်ဆုတ်လို့ ဘယ်ရမလဲ၊ ငါ့ရင်ထဲမှာ ငါ့ဘာသာခံစားနေရတာကို မခံစားပါနဲ့လို့ ဘယ်သူမှ တားလို့မရဘူး၊ ငါကိုယ်တိုင်တောင် တားလို့မရဘူး"

"ဒီမှာ ဟေ့ကောင် ...မင်းက မနေ့တစ်နေ့ကမှပေါ်လာပြီး စာဖွဲ့ပြမနေနဲ့၊ ငါ ကူးကိုချစ်ခဲ့တာ နှစ်နှစ်ရှိပြီ၊ ကူးအချစ်





ကို ရဖို့ ငါ တစ်နှစ်တိတိကြိုးစားခဲ့ရတယ်၊ ငါ့ရာဇဝင်မှာ စံချိန်ချိုးသွားတဲ့အချိန်တစ်ခုပဲ၊ ဘယ်မိန်းကလေးကိုမှ ကူးလောက် ငါအချိန်မပေးခဲ့ဖူးဘူး၊ မလေးနက်ခဲ့ဖူးဘူး၊ ကူးက ငါ့အတွက် အရမ်းတန်ဖိုးရှိတဲ့ ရတနာပဲ၊ ငါ့ရတနာကို ခိုးဖို့ကြိုးစားနေတဲ့ကောင်ကို ငါ နည်းနည်းလောက်တော့ ဆုံးမရမှ ကျေနပ်နိုင်မယ်"

"လာခဲ့လေ ...ဘယ်သူနိုင်မလဲ ကြည့်သေးတာပေါ့"

"ကောင်းပြီ၊ နိုင်တဲ့သူရှေ့မှာ ရှုံးတဲ့သူက ဒူးထောက်တောင်းပန်ရမယ်၊ ဘယ့်နှယ့်လဲ"

"ရတယ် ...အိုကေလေ"

နှစ်ယောက်သား ဒေါသအဆိပ်သင့်နေခဲ့ပြီမို့ အပြန်အလှန် ထိုးကြိတ်ကြလေသည်။ သူတစ်ပြန်ကိုယ်တစ်ပြန်ထိုးရင်း နောက်ဆုံးမှာ နေသာက လဲပြိုသွားခဲ့ပါသည်။ နန္ဒက နေသာ့ကို ငေါ်စီးမှုကြည့်ကာ...

"က ...မင်းရှုံးပြီ၊ ဒူးထောက်တောင်းပန်တော့"

ဟုပြောလေသည်။ နေသာက လဲပြိုနေရာမှ အားယူကာ ထရပ်လိုက်သည်။ ပြီးတော့ နန္ဒမျက်နှာကို စေ့စေ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒက မထိတရိပြုံးပြုံပါသည်။

နေသာသည် နန္ဒရှေ့မှာ ဖျတ်ခနဲဒူးထောက်ထိုင်

လိုက်ရင်း...

"မင်းကို ငါ ဒူးထောက်တောင်းပန်ပါတယ် နန္ဒ၊ မင်

နစ်သစ်ကူးကို စွန့်လွှတ်လိုက်ပါ"

ဟု ပြောပြီးတာနှင့် ချက်ချင်း မတ်တတ်ပြန်ရပ်က

နန္ဒမျက်နှာကို စေ့စေ့ကြည့်ရင်း...

"မင်းကို ငါတောင်းပန်နိုင်တာ ဒီတစ်ခုပဲရှိတယ် နန္ဒ

ဒီတစ်ခုအတွက်တော့ မင်းရှေ့မှာ ငါအချိန်မရွေး ဒူးထော

နိုင်တယ်၊ ဘယ်လိုလဲ မင်း ငါတောင်းပန်တာကို လက်

တယ် မဟုတ်လား"

"အရူး...မင်းဘယ်လောက်ရူးရူး ကူးအချစ်ကို ရလိမ့်မ

မထင်နဲ့၊ ကူးက အင်မတန်သစ္စာရှိတဲ့မိန်းမကွ၊ သူ့ဘ

ငါကလွဲရင် ဖွဲပဲ၊ သူ့အတွက် မင်းက ဖွဲပဲ၊ ငါသေ

တောင် ကူးကို မင်း ရလိမ့်မယ်မထင်နဲ့ ဖွဲကောင်ရဲ့"

"ငါ့အချစ်ကို သူတစ်နေ့တော့ အသိအမှတ်ပြုရမှာပါကွ

မင်း စောင့်ကြည့်လိုက်စမ်းပါ"





"သိပ်စိတ်ကူးယဉ် မနေနဲ့"

နေသာက နှုတ်ခမ်းထောင့်ဆီမှ စီးလာသော သွေး

ကြောင်းကို လက်ခုံဖြင့်ပွတ်သုတ်လိုက်ပြီး နန္ဒကိုကျော်ခိုင်းထွက်ခဲ့

သည်။ သူ့မျက်လုံးထဲက အားငယ်ရိပ်တွေကိုတော့ သူက ဒေါသ

ခြင်း အမြဲဖုံးကွယ် အုပ်ဆိုင်းထားခဲ့တာမို့ နန္ဒ မြင်မည်မထင်ပါ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



* * *

သူမျှားရည်းစားကို ချစ်ရတဲ့ ယောကျ်ားတစ်ယောက်ဟာ ဘယ်လောက် ခေါင်းမာမာန်တင်းပြနေပေမယ့် ရင်ထဲမှာ ဘယ်လောက် ပင်ပန်းအားငယ်ရတယ်ဆိုတာ ဘယ်သူ သိနိုင်မလဲ။

ရင်ထဲမှာ အမြဲ ရှုတာတနင့် နာနေကာ ရှက်လည်းရှက်သည်။ သိမ်ငယ်စိတ်ဖြင့် ဝမ်းနည်း၍လည်းနေသည်။ သို့သော် သူက အမြဲဟန်ဆောင်ကာ ထိမထင်တစ်ဖွတ်ထိုးဟန်ဖြင့် မာန်တင်း၍ နေလေသည်။

သူ နန္ဒကို အလျှော့မပေးချင်၊ နောက်မဆုတ်ချင်၊ နန္ဒရဲ့အထက်စီးနင်းဟန်တွေ၊ လှောင်ပြောင်သရော်သည့်အကြည့်တွေ၊ စော်ကားသည့်အပြောတွေကို သူအညံ့မခံချင်။ ပြီးတော့ သူ ကူးကို မမြင်ရရင် မနေနိုင်အောင် အရူးအမူး ချစ်သည်။





တစ်ယောက်တည်း အခန်းတံခါးပိတ်၍နေချိန်များ ...တော့ နေသာသည် ယောကျ်ားတန်မဲ့ မျက်ရည်ကျကာ စိတ်...ုံးပြိုကွဲလျက်ရှိသည်။

တစ်ခါတစ်ခါတော့ Rock သီချင်းတွေ အကျယ်ကြီး...င်ကာ လိုက်ဆိုရင်း သူ့စိတ်ကို ဖောက်ခွဲပစ်သည်။

သူမျှားရည်းစားကို ချစ်နေသည့်အဖြစ်၊ ကိုယ့်ကို ...ပြန်မချစ်နိုင်ဘဲ သူမချစ်သူအပေါ်သာ သစ္စာရှိရှိချစ်နေသည့် ...း ကလေးတစ်ယောက်ကို ချစ်မိနေသည့်အဖြစ်ကို သူ ဘယ်လို ...ဆုံးသတ်ရမှာပါလိမ့် ...။

နေသာသည် ကိုယ့်စိတ်ကို ကိုယ်အလုံးစုံ မထိန်း...ျုပ်နိုင်သေးသော လူငယ်ကလေးပီပီ နေ့တိုင်း သူမထံသွားကာ ...န်းစည်းတစ်စည်းကျစီပေးမြဲ။

ညဦးပိုင်း ကူးအလုပ်ဆင်းချိန်မှာတော့ ဆိုင်နဲ့ မလှမ်း...ကမ်းက ကားပါကင်မှာ Celica ကားအဝါလေးရယ်၊ ဂျစ်ကားအနီလေးရယ် အသင့်ရှိနေသည်။

**သူမရှေ့မှာရို နှစ်ယောက်လုံး ထိုးကြကြိတ်ကြ...  အခွင့်မသာသော်လည်း တစ်ယောက်ကိုတစ်ယောက် ရန်...နေကြသည်။**



www.burmeseclassic.com

www.burmeseclassic.com



သူမ ဆိုင်ထဲကထွက်လာတော့ နန္ဒက သူမထံ အပြေးသွားလျက်...

"ကူး...လာ...မောင်လိုက်ပို့မယ်၊ ခုတလော ရည်းစားကြာကုလီတွေ သောင်းကျန်းနေလို့ ကူးကို မောင်လာလာစောင့်ကြည့်နေရတာ"

ဟု ခပ်ကျယ်ကျယ်လေး စောင်းမြောင်းပြောပြီးမှ ကူးကို ကားပေါ်တက်ဖို့ သူ့ကားဆီခေါ်သွားလေသည်။

ထိုအခါ နေသာက သူ့တို့ကားနောက်မှ ထက်ကြပ်လိုက်လာခဲ့ပြီး သူတို့ထိုင်သည့် စားသောက်ဆိုင်ထဲလိုက်ထိုင်သည်။ သူတို့ကားလျှောက်မောင်းလည်း နောက်က တောက်လျှောက်လိုက်နေသည်။

ထိုအခါမျိုးမှာ နန္ဒကလည်း ငြိမ်မနေချေ။ တမင်ဝင်နေသာ့ကားနှင့် ယှဉ်မောင်းကာ...

"ဟော့...ငကြောင်၊ မင်း ငါ့ကိုသိပ်အားကျနေပြီလား လူချင်းတူပေမယ့် ကုသိုလ်ကံချင်းက တူတာမဟုတ်ဘူးကွ အချစ်ကိုစွဆိုတာ ကံကောင်းတဲ့သူမှ အောင်မြင်တာ၊ မင်း ဒီဘဝမှာ ဒီလောက်အဖြစ်ဆိုးနေတာ အရင်ဘဝက ဘယ်လောက် မကောင်းမှုတွေလုပ်ခဲ့သလဲမှ မသိတာ"





ဟု မခံချင်အောင် အော်ဟစ်ပြောဆိုစာတတ်သေးသည်။ ထိုအခါ သူက နန္ဒအပြောအဆိုကို ဂရုမစိုက်ဘဲ...

*"နှစ်သစ်ကူးလို့ ချစ်ဦးကိုရှာဖွေ... ဘယ်ရပ်ဌာနေ ဘယ်ဆီမျှားသွားပါလိမ့်... နေစိမ့်တဲ့သူရေ..."*

ဟု သီချင်းအော်ဆိုပေးလိုက်ပြီး သူ့ကားလေးကို အရှိန်မြှင့်ကာ မောင်းထွက်ခဲ့မြဲဖြစ်သည်။

တစ်နေ့တော့ နန္ဒနှင့် နှစ်သစ်ကူးတို့နှစ်ယောက်ကို သူနောက်ယောင်ခံလိုက်လာရင်း သူတို့ ဝင်သွားသော စားသောက်ဆိုင်ထဲသို့ လိုက်ဝင်လာခဲ့သည်။

နှစ်သစ်ကူးက နောက်ခိုင်းအနေအထားနှင့်မို့ သူ့ကို မမြင်။ နန္ဒကသာလှမ်းမြင်ကာ ထုံးစံအတိုင်း ရိသဲ့သဲ့ပြုံးရင်း နှစ်သစ်ကူးရဲ့ပခုံးလေးကိုဖက်၊ ဆံပင်ကလေးကို သပ်ကာ ယုယပြလိုက်လေသည်။

ထိုမြင်ကွင်းက သူ့မျက်နှာကို မီးအပူနှင့်ဆီးဟပ်လိုက်သလို ခံစားလောင်မြိုက်သွားစေသည်။ သူ့ အံကြိတ်မျက်ရည်ဝဲကာ လှည့်ထွက်မည်ပြင်ဆဲမှာ နန္ဒက နှစ်သစ်ကူးရဲ့ပါးကလေးကို ဖွဖွနမ်းပြလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေသာသည် ရုတ်တရက် ရင်ထဲဝုန်းခနဲဆူပွက်သွားကာ လက်ရှိလောကကို မေ့သွားသည်။ ကိုယ့်ချစ်သူတစ်ယောက်ကို တစိမ်းယောက်ျားတစ်ယောက်က ကိုယ့်မျက်စိရှေ့မှောက်မှာ စော်ကားပြုနေသည်ဟု ထင်မြင်ကာ နန္ဒတို့စားပွဲဆီ ခြေလှမ်းကျဲဖြင့် လျှောက်သွားပြီး နန္ဒအင်္ကျီကုပ်ပိုးစကို ဆွဲမလိုက်ရင်း...

"ဟေ့ကောင် မင်း...မင်း လွန်လာပြီကွ"

နန္ဒက နေသာ့လက်ကို ပုတ်ချပစ်လိုက်ရင်း တဟားဟား ရယ်မောကာ...

"ရယ်စရာကောင်းလိုက်တာကွာ၊ ငါ့ရည်းစား ငါနမ်းတာ မင်းအပူလားကွ၊ ဒုက္ခပါပဲ ဘယ်လိုအရူးနဲ့လာတွေ့နေရပါလိမ့်"

"မင်း ငါ့ရှေ့မှာ တမင်လုပ်ပြနေတာ"

"တမင်ဖြစ်ဖြစ် တကယ်ဖြစ်ဖြစ် မင်း စွက်ဖက်ခွင့်မရှိဘူးလေကွာ၊ ကူး...ပြောစမ်းပါဦးကွာ၊ မောင် စိတ်တိုလာပြီ ဆွဲထိုးမိတော့မယ်"

နန္ဒက ကူးကိုစစ်ကူခေါ်လိုက်တာမို့ နေသာက သူမကို မရဲတရဲကြည့်မိသည်။ သူမကိုတော့ သူ ကြောက်သည်။





"နေသာ...နင် ဒီလိုလိုက်နှောင့်ယှက်နေတာ နင့်အတွက်ရော ငါတို့အတွက်ပါ အကျိုးမရှိဘူး၊ နင် သွားပါတော့ဟာ၊ ငါတကယ် တောင်းပန်ပါတယ်"

"ဟာ...ကူးကလည်း ဘာလို့ တောင်းပန်ရမှာလဲ၊ ဟဲ့ နင် ခုချက်ချင်း ငါတို့ရှေ့က ထွက်သွားစမ်း၊ နောက်လည်း ဘယ်တော့မှ မလာခဲ့နဲ့၊ နင့်မျက်နှာကို ထပ်မတွေ့ချင်ဘူး၊ သွားတော့၊ get out၊ အဲဒီလို နင်ထုတ်ပစ်လိုက်စမ်းပါ"

"ခဏနေစမ်းပါဦး မောင်ရယ်၊ ရန်မီးကို မမွှေးစမ်းပါနဲ့၊ ကူးကိုလည်း ငဲ့ပါဦး၊ နေသာ နင် ငါ့ကို တကယ်ငဲ့ညှာရင် ထွက်သွားပေးပါဟာ၊ ငါမှာ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ရပြီး ဒီအချိန်လေးပဲ မောင်နဲ့တွေ့ပြီး အမောပြေရတာပါ"

သူမရဲ့ တိုးလျှိုးတောင်းပန်ဟန်ကလေးကြောင့် သူ့တစ်ကိုယ်လုံး နုံးချွေသွားသော်လည်း သူက သူမကို ပြုံးပြလိုက်ရင်း...

"အိုကေလေ...နင်သွားစေချင်ရင် သွားပါ့မယ်၊ နင့်စကားကို ငါနားထောင်ရမှာပေါ့၊ ဒါပေမယ့် ဒါ ဒီနေ့အတွက်ပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ လှည့်ထွက်လာခဲ့သည်။ သူက ငိုက်ကျချင်သော ခေါင်းကို မော့ထားသည်။ လေးလာသောခြေထောက်တွေကို သွက်လာအောင် ပင်ပင်ပန်းပန်း သယ်ဆောင်လာသည်။ မျက်လုံးထဲမှာ မျက်ရည်တွေဝဲနေပေမယ့် နှုတ်ခမ်းတွေကို တော့ပြုံးထားလေသည်။

♥ ♥ ♥





✹ ✹ ✹

"ဟယ်...ကြည့်စမ်း...ဝီရိယကောင်းလိုက်တာ၊ သူ့ကို ဆိုင်မန်နေဂျာခန့်ဖို့တောင် ကောင်းနေပြီ"

မာလာက ဆိုင်တံခါးမဖွင့်မီကပင် ဆိုင်ရှေ့အုတ်ခုံလေးမှာ အကျအန ထိုင်စောင့်နေသော နေသာ့ကိုအတွေ့မှာ တဟီဟီ ရယ်ရင်း ကူးကို လှမ်းပြောလိုက်သည်။

ကူး စိတ်မောကာ သက်ပြင်းချမိသည်။ ကူး ဘယ်လိုလုပ်မှ သူ လက်လျှော့သွားမှာပါလဲ။ မနက်မနက်ဆို ပန်းစည်းတစ်စည်းနှင့်အတူ ဆိုင်ပေါက်ဝကို အစောကြီး ရောက်နေတတ်သော သူ့ကို ဆိုင်က ဝန်ထမ်းတွေအားလုံးကလည်း သိနေကြပြီ။

ကူးက ညနေပိုင်းသင်တန်းတစ်ခုကို ပြောင်းတက်နေပြီမို့ အလုပ်ချိန်ကို မနက်ပိုင်းပြောင်းယူခဲ့တာဖြစ်သည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း ကူးတို့နောက်ကို မျက်ခြည်မပြတ်လိုက်နေသူမို့ ကူးရဲ့ အလုပ်ချိန်၊ သင်တန်းချိန်တွေအားလုံးကို သိနေသည်။ သူက ကူး တက်သော ကွန်ပျူတာသင်တန်းကို လိုက်တက်ဖို့ ကြိုးစားခဲ့သေးသည်။ လူပြည့်သွားလို့သာ လက်လျှော့လိုက်ရတာပင်။

"ဟိတ်...ကူး...ဂွတ်ဒ်မောနင်း"

သူက ကူးကိုတွေ့တော့ အားရပါးရပြုံးရယ်လိုက်ပြီး ထုံးစံအတိုင်း နှင်းပန်းတစ်စည်းကို လှမ်းပေးလိုက်သည်။

ပုံစံကိုက သူ့ရည်းစားကို သူ နှုတ်ဆက်နေသလိုမျိုး...။

"ဘာမှ မဂွတ်ဒ်မောနင်းဘူး"

ကူးက ခွတိုက်ပြောလိုက်ပြီး ပန်းစည်းကိုမယူဘဲ သူ့ရှေ့ကဖြတ်လျှောက်လာခဲ့တော့ မာလာက ပျာပျာသလဲ ဖြစ်ကာ...

"ဟဲ့ ကူး...နင် မယူရင် ငါယူလိုက်မယ်၊ ပန်းတွေ နှမြောစရာ၊ ဆိုင်က ဘုရားပန်းအိုးထဲမှာ ထိုးရတာပေါ့"

ဟုပြောရင်း ပန်းစည်းကို လှမ်းယူလိုက်သည်။ သူက တဟဲဟဲ ရယ်ရင်း...





"ကောင်းတယ်...ကောင်းတယ်၊ ဘုရားမှာပန်းကပ်ပြီးရင် ကျွန်တော်နဲ့ ကူးအတွက် ဆုတောင်းပေးဦးနော်"

ဟု လှမ်းပြောလိုက်သေးသည်။

ဆိုင်ထဲရောက်တော့ မာလာက ပန်းတွေကို သဘောကျနှင့် ဘုရားပန်းလဲရင်း...

"ကူးတို့များတော့ စန်းပွင့်လိုက်တာဟယ်၊ နှစ်ယောက်စလုံးက အမိုက်စားလေးတွေ၊ ပြီးတော့ နင့်ကိုလည်း အရမ်းကြွေကြတယ်၊ ပျော်စရာကြီး"

"စိတ်ရှုပ်စရာကြီးပါ မာလာရယ်၊ ငါလည်း ဘယ်လိုလူမျိုးနဲ့ လာတွေ့နေရတယ်မသိပါဘူး၊ ရည်းစားငုတ်တုတ်ရှိတာလည်း သူအသိ..."

"သူ့ခမျာလည်း သနားစရာပါဟယ်၊ သူလည်း ဒီအဖြစ်မျိုးတော့ ဘယ်ကြုံချင်မှာလဲ၊ သူ့ရုပ်သူ့ရည် သူ့အနေအထားနဲ့ဆို ကောင်မလေးတွေကလည်း ကြွေကြမှာပဲ၊ နင့်ကိုမှ သူချစ်မိလို့သာ ဒီလောက် အောက်တဲ့အလုပ်မျိုးတွေ လုပ်နေရတာပေါ့...၊

"နင့်နေရာမှာ တခြားမိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သာဆို သူ့ကို မိတ်ဆွေအဖြစ် လက်ခံပြီး အကဲခတ်မှာပဲ၊ နှိုင်းယှဉ်ပြီး ရွေးချယ်ဦးမှာပဲ၊ ငါဆိုလည်း အဲဒီလိုပဲလုပ်မှာ၊ ကိုယ့်အပေါ် အချစ်နိုင်ဆုံး အကောင်းနိုင်ဆုံးလူကို ရွေးချင် တာလေ၊ ရွေးချယ်စရာတွေများလေ ကောင်းလေပေါ့"

"အချစ်ဆိုတာ ရွေးချယ်မှုမှမဟုတ်တာ"

"ဒါနဲ့ ငါတစ်ခုမေးချင်တယ်၊ နင် စိတ်တော့မဆိုးနဲ့နော် ကူး"

"မေးလေ"

"နင့် နန္ဒက အရင်တုန်းက ရည်းစားတွေ သိပ်များတာ ဆို..."

"သူ့အတိတ်ကို ငါစိတ်မဝင်စားပါဘူး၊ ခုချိန်မှာ သူ ငါ့ တစ်ယောက်တည်းကိုပဲချစ်နေတယ်ဆိုတာ ငါယုံတယ်"

"သူ့ရည်းစားတွေကို ထားခဲ့သလိုမျိုး နင့်ကိုထားခဲ့ရင် ဘယ်လိုလုပ်မလဲ"

"သူ ဒီလိုမလုပ်ပါဘူး၊ ငါယုံပါတယ်"

"နင်က နည်းနည်း'အ'သလိုပဲနော်၊ ယောကျ်ားဆိုတာ အစိုးမရဘူးဟ၊ ပြီးတော့ နန္ဒကြည့်ရတာ နည်းနည်း





ကြွယ်တယ်၊ မိန်းကလေးတွေအထာကို ညက်တယ်၊ ဟိုကောင်လေးကြည့်ရတာ နည်းနည်းအရိုင်းဆန်ပြီး ရိုးသား သလိုပဲ၊ မျက်နှာက ပြုံးစိစိနဲ့၊ လူက အရဲကိုးနေပေမယ့် တစ်ခါတစ်ခါကျ သူ့မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲနေတာ တောင် တွေ့တယ်"

"နင် တော်တော် နားလည်ပေးနိုင်တာပဲနော်၊ အေးလေ ဒါဆိုလည်း သူနဲ့နင့်ကို ငါသဘောတူပါတယ်"

"ကူး အစုတ်ပလုတ်မ"

ကူးက မာလာ့ကို နောက်ရင်း သူ့ကိုလှမ်းကြည့် ...တော့ နေသာ့ကို မတွေ့ရတော့။ သို့သော် မှန်တံခါးပေါ်မှာ ...က်ဆော့သွားသော အသည်းပုံကလေးကို လှမ်းမြင်လိုက်ရ ...မို့ အမြန်သွားပြေးဖျက်လိုက်ရလေသည်။

နေသာ့ရဲ့ခံနိုင်ရည်ရှိမှုကိုတော့ ကူးက အလွန်အံ့သြ ...သည်။ မျှော်လင့်ချက်မရှိတာ သေချာနေပေမယ့် သူက ... လက်မလျှော့ခဲ့။

နန္ဒက မနက်စောစော အိပ်ရာမထနိုင်သူမို့ နေသာ ...အခွင့်အရေးရကာ မနက်တိုင်း ရောက်လာတတ်သည်။ တစ်ခါ

www.burmeseclassic.com



တစ်ခါ သူ့ကိုမတွေ့ရတော့လျှင်လည်း မှန်တံခါးပေါ်မှာ သူဆွဲ သွားသော အသည်းပုံကလေးတွေကို တွေ့ရသည်။ သူလာလျှင် အသည်းပုံကလေးတွေ ဆွဲခဲ့ပြီးမှပြန်တာမို့ ကူးက နေ့တိုင်း ထို တွေကို ဖျက်ပစ်နေရသည်။

တစ်ခါတစ်ခါတော့ သူက အသည်းပုံဆွဲမပြဘဲ လူကိုယ်တိုင် သရုပ်ဖော်သည်။ ရုပ်ရှင်တွေထဲကလို လက်နှစ်ဖက် ကို မြှောက်၍ ခေါင်းပေါ်မှာ ကွေးလိုက်ပြီး အသည်းပုံဖော်ပြပြီး တာ့တာပြကာ ပြေးထွက်သွားတတ်သည်။ ကူးတို့ လုပ်ဖော် ကိုင်ဘက်တွေကတော့ ကူးကလွဲရင် ဘယ်သူ့မှ သိပ်ဂရုမစိုက် လှသော နန္ဒထက်စာရင် ဟာသမင်းသားလေးလိုဖြစ်နေသော နေသာ့ကို ပိုသဘောကျကြသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကူး သူ့ကိုမချစ်ပါ။ မောင် သာလျှင် ကူးရဲ့ချစ်ဦးသူ၊ တစ်ဦးတည်းသော ချစ်သူဖြစ်ပါသည်။

♥ ♥ ♥





✵ ✵ ✵

နေသာသည် နန္ဒရဲ့နောက်ကြောင်း ရာဇဝင်ကို ...မ်းရင်း နေသာ့ငယ်သူချင်းတစ်ယောက်နဲ့ နန္ဒနဲ့ ကြိုက်ခဲ့ဖူးမှန်း သိရသောအခါ ဆွေ့ဆွေ့ခုန် ပျော်ရွှင်သွားလေသည်။

နေသာက သူငယ်ချင်းမ ငုဝါကို နှစ်သစ်ကူးဆီ ...တ်သေအဖြစ်လိုက်ခဲ့ဖို့ ဖွတ်ခေါ်လေသည်။ ငုဝါက ရှုံ့မဲ့ ...ည်းတွား ငြင်းဆန်ရင်း...

"ငါ့ရည်းစားဟောင်းရဲ့ ရည်းစားအသစ်ဆီ ငါက ဘာကိစ္စ သွားရမှာလဲ၊ ဒီကိစ္စက ပြီးသွားတာကြာပြီ၊ နန္ဒနဲ့ ပတ်သက် ပြီး ငါ့စိတ်ထဲမှာ ဘာမှမရှိတော့ဘူး၊ ငါ့မှာလည်း ရည်းစား ရနေပြီ၊ ဘာမှ ပတ်သက်စရာအကြောင်းမရှိတော့ဘူး၊ ငါလည်း ငါ့အခု ရည်းစားကို တကယ်ချစ်သလို သူလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ရှိရည်းစားကို တကယ်ချစ်မှာပေါ့၊ နေပါဦး... နင်ဒီလို ကြံစည်တာကရော ဘာသဘောလဲ၊ နင် နန္ဒရည်းစားကို ကြိုက်နေလို့လား"

"အေး..."

"ပြဿနာပဲ"

"ကူညီပါဟာ"

"မကူညီပါရစေနဲ့ဟာ"

ငုဝါက ငြင်းနေတာမို့ နေသာ စိတ်ညစ်သွားမိပါသည်။ သို့သော် ချက်ချင်းအကြံရကာ...

"အေးလေ နင်မကူညီဘူးဆိုတော့လည်း ဘယ်တတ်နိုင်ပါမလဲ၊ ထားပါတော့၊ ကဲ...လာ နင့်ကို ငါ ဟမ်ဘာဂါလိုက်ကျွေးမယ်"

"ဟင် ဘာဖြစ်လို့ ကျွေးမှာလဲ"

"သူငယ်ချင်းမို့လို့ပေါ့ဟ"

"အရင် နင်ဒီလောက် သဘောမကောင်းပါဘူးဟာ၊ နင် ငါ့ကို လာဘ်ထိုးလည်း ငါက လုံးဝမကူညီဘူးနော်၊ ဒါ ကူညီသင့်တဲ့ကိစ္စလည်း မဟုတ်ဘူး"





"ထားပါ၊ လာဘ်ထိုးတာမဟုတ်ပါဘူး၊ ဒီနေ့ ငါမွေးနေ့မို့လို့ ကျွေးမှာပါ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆို"

"အေးလေ...ပြီးတာပဲ၊ စားရသေးတာပေါ့"

ငုဝါက လက်ခံလိုက်သောအခါ နေသာက ငုဝါကို နှင်းသစ်ကူးတို့ဆိုင်သို့ ခေါ်လာခဲ့လေသည်။

ဆိုင်ထဲရောက်တော့ နေသာက ငုဝါကို စားပွဲတစ်လုံးမှာ ဝင်ထိုင်ခိုင်းလိုက်ပြီး သူက သူမထံ လျှောက်သွားရာ...

"ကူး...နင့်ကို ငါပြောစရာရှိတယ်"

"နင်နဲ့ ငါ့ကြားမှာ ဘာမှပြောစရာမရှိဘူး နေသာ၊ နင် အေးအေးဆေးဆေး နေစမ်းပါ"

"ခဏလေး နားထောင်ပေးပါဟာ၊ လူလည်း ရှင်းနေတာပဲ၊ နင် သိပ်မှအလုပ်မရှုပ်တာ၊ ဟိုမှာကြည့်စမ်း...ငါနဲ့အတူ ပါလာတဲ့ အဲဒီတစ်ယောက်က ငုဝါတဲ့၊ နန္ဒရဲ့ရည်းစားဟောင်း၊ နန္ဒက အဲဒီလို ရည်းစားတွေ အများကြီးထားခဲ့

www.burmeseclassic.com



တာ၊ ငါ့လိုမျိုး နှလုံးသားအသစ်ကျပ်ချွတ်နဲ့ နင့်ကိုချစ်ခဲ့တာ မဟုတ်ဘူး၊ ငှဝါကိုထားခဲ့သလို တစ်နေ့ကျရင် နင့်ကို ထားခဲ့ဦးမှာပဲ၊ နင် နန္ဒကိုတွေ့ရင် မေးကြည့် ငှဝါကို သိလားလို့၊ အဲလိုအမေးခံရရင် ဒီကောင့်မျက်နှာတွေ အရမ်းမျက်ပြီး မလုံမလဲတွေဖြစ်ကုန်မယ်၊ ငါပြောတာတွေ နင်မယုံရင် လက်တွေ့မေးလို့ရအောင် ငှဝါကို ငါခေါ်လာတာ၊ နင်မယုံရင် မေးကြည့်ပါလား”

“ငါ ယုံတယ်”

“ဟာ...တကယ်၊ နင် ငါပြောတာကို ယုံတယ်ပေါ့”

“သိပ်ဝမ်းသာမသွားနဲ့၊ ငါယုံတာ နင့်ကိုမဟုတ်ဘူး၊ နန္ဒကို ယုံတာ၊ သူ အခု ငါ့ကိုသိပ်ချစ်တယ်ဆိုတာ ငါယုံတယ်၊ ဒါဆို ပြီးရောပေါ့၊ ဒီကမ္ဘာမှာ ကိုယ့်ချစ်သူစကားထက် ဘယ်သူ့စကားကို ယုံရဦးမှာလဲ”

သူမက နေသော့ကို စေ့စေ့ကြည့်ကာ အေးအေးဆေးဆေးပြောသည်။ သူ သူမရဲ့ယုံကြည်ခြင်းအောက်မှာ ခေါင်းငုံ့လျှိုးသွားသည်။

နန္ဒ ကံကောင်းလိုက်တာ။





ကိုယ့်ချစ်သူရဲ့ အကြွင်းမဲ့ ယုံကြည်ခြင်းကိုခံရတဲ့ ယောကျ်ားတစ်ယောက်လောက် ကျေနပ်စရာကောင်းတာ ရှိပါဦးတော့မလား။

သူ တစ်စတစ်စ မျှော်လင့်ချက် မဲ့လာသည်။

သို့သော် သူ သူမကို ဆုံးရှုံးမခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



✷ ✷ ✷

အဲဒီနေ့က နေသာ တစ်ယောက်တည်း အရည်ပူခါးခါးတွေကို ကြိတ်မှိတ်သောက်ကြည့်နေခဲ့သည်။ ဘာကောင်းလို့လဲ။ မူးလိုက်တာ။ အန်ချင်လာပြီ။ စိတ်ညစ်တယ်ကွာ...။ ကူးဆီသွားမယ်။

သူက ကူးအလုပ်ဆင်းမည့်အချိန်ကို သွားစောင့်နေလိုက်သည်။ ဆိုင်ပိတ်ခါနီးအချိန်မှာ အမြင်ကတ်စရာကောင်းအောင် အလှဆင်ထားသော နန္ဒရဲ့ဂျစ်ကားက ဆိုင်ရှေ့မှာ ထိုးရပ်လာသည်။ ခဏကြာတော့ ကူးက သူ့ကို ပြုံးမပြဖူးသောအပြုံးကလေးဖြင့် နန္ဒဆီ လျှောက်လာသည်။ သူ ထိုမြင်ကွင်းမှ မျက်နှာလွှဲကာ ဆိုနေကျသီချင်းကို အော်ဆိုပစ်လိုက်သည်။

"နှစ်သစ်ကူးလို့ ချစ်ဦးကိုရှာဖွေ... ဘယ်ရပ်ဌာနေ ဘယ်ဆီ





များ သွားပါလိမ့်... နေစိမ့်တဲ့သူရေ... ၊ နှစ်သစ်ကူးရေ... နေစိမ့်သူကြီးရေ"

ဂျစ်ကားမီးရောင်စူးစူးက သူ့ဆီဖြာကျလာသည်။

"ဟော့ကောင်... မင်းပါးစပ် ပိတ်ထားစမ်း"

နန္ဒအော်သံကြားတော့ သူ ပိုအော်လိုက်သည်။

"မပိတ်ဘူးကွာ၊ ငါ့ဘာသာသီချင်းဆိုတာ ဘာဖြစ်လဲ၊ နှစ်သစ်ကူးလို့ ချစ်ဦးကိုရှာဖွေ၊ ငါ့အချစ်ဦး နှစ်သစ်ကူးရေ..."

ကူးသည် ကားမီးအောက်မှာ ရှိုက်သံတစ်ဝက်ဖြင့် သီချင်းအော်ဆိုနေသော နေသာ့ကို ကြည့်ရင်း ပြဿနာတက်တော့မည်ဆိုတာ နားလည်လိုက်သည်။

ကူးအနားက နန္ဒကလည်း ဒေါသူပုန်ထနေပြီ။

"ဒီကောင်တော့ နည်းနည်းဆုံးမပေးမှ ဖြစ်တော့မယ်"

"မောင်... မလုပ်ပါနဲ့"

ကူး တားပေမယ့် မမီတော့။ နန္ဒက ဂျစ်ကားပေါ်က လွှားခနဲ ခုန်ဆင်းသွားပြီး...

"ဟော့ကောင်... မင်းပါးစပ် ပိတ်ထားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မပိတ်ဘူးကွာ၊ နှစ်သစ်ကူးက ငါ့အချစ်ဦး၊ နှစ်သစ်ကူးလို့ ချစ်ဦးကိုရှာဖွေ...ဘယ်ရပ်...အ..."

နေသာ့သီချင်း တစ်ပိုဒ်တောင် မဆုံးလိုက်ရဘဲ မေးရိုးတစ်ခုလုံး ကျင်တက်သွားသည်။ လက်သီးတွေက သူ့ခန္ဓာကိုယ်ဆီ ဆက်တိုက်ကျရောက်လာသည်။ ကူးရဲ့အော်ဟစ်တားမြစ်သံကို ကြားရသည်။

"မောင်...မလုပ်ပါနဲ့...တော်ပါတော့"

'မောင်' တဲ့။ ငါ့ကိုကျတော့ 'နင်' တဲ့။ မတရားဘူး ကူးရာ။

နေသာက မျက်ရည်ကျလျှက်ပင် နာနာကိုမခုခံဘဲ ကြိတ်မှိတ်ခံနေရင်း အော်ဟစ်နေသည်။

"နန္ဒ... ထိုးသွား၊ မင်း ငါ့ကိုကြိုက်သလောက် ထိုးသွား၊ ငါငုံ့ခံလိုက်မယ်၊ ပြီးရင်တော့ ကူးကို ငါ့ဆီပေးခဲ့"

"ဟာကွာ...ဒီကောင်၊ ပြောနေရင်းကြားက..."

"မောင်...တော်ပါတော့"

နန္ဒကို ကူးက အတင်းဆွဲလွဲ တားမြစ်နေသည်။ နေသာသည် သွေးအလူးလူး မျက်ရည်အလူးလူး





ကြားက ကြုံးထလာကာ သွေးရှူးသွေးတန်း အော်ဟစ်လျက်ရှိသည်။

"လောကကြီးက ဘာလဲကွာ...ရည်းစားတွေ ဖျောက်သောက်ထားပြီး ပွေရှုပ်နေတဲ့ မင်းလိုလူကကျတော့ ကူးလိုမိန်းကလေးတစ်ယောက်ဆီက အချစ်တွေ၊ သစ္စာတွေ၊ ယုံကြည်မှုတွေကိုရတယ်၊ ငါက ခုမှ ကူးတစ်ယောက်တည်းကို ချစ်မိတာပါကွ၊ ကူးက ငါ့အချစ်ဦးပါကွ၊ ငါ့ကျတော့ ဘာလို့ မင်းလို ကံမကောင်းရတာလဲ...ပြောစမ်းပါ"

"တော်ပါတော့ နေသာရယ်...တော်ပါတော့ဟာ၊ မဖြစ်နိုင်တာတစ်ခုအတွက် နင့်ကိုယ်နင် မညှဉ်းဆဲစမ်းပါနဲ့၊ နင်ပြန်ပါတော့၊ နင် ထနိုင်ရဲ့လား၊ နင် ကားမောင်းလို့တော့မဖြစ်ဘူး၊ ငါ ကားငှားပေးလိုက်မယ်...နင်ပြန်တော့"

"ကူး...သွားဂရုစိုက်မနေနဲ့၊ ရောင့်တက်မယ်...ထားပစ်ခဲ့"

"ထားပစ်ခဲ့လို့ ဘယ်ဖြစ်မလဲ၊ သူလည်း လူတစ်ယောက်ပဲမောင်ရဲ့၊ ပစ်စလက်ခတ်လုပ်လို့ဖြစ်မလား၊ မောင် ထိုးထားတာလည်း နည်းမှမနည်းတာ"

"ကူး...ငါ့ကို ဂရုမစိုက်ပါနဲ့ဟာ၊ နင်ဂရုစိုက်ရင် နင့်ကို ငါပိုချစ်မိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...မောင် မပြောဘူးလား၊ ကျုတ်...ဒီကောင် ငါ ထပ်ထိုးလိုက်ရရင်..."

"အမလေး...တော်ပါတော့၊ နှစ်ယောက်စလုံး ဘယ်လို ဖြစ်နေကြမှန်းကို မသိဘူး၊ စိတ်ညစ်လာပြီ"

ကူးက တကယ်ပဲစိတ်ဆင်းရဲလာရပါသည်။ နန္ဒကို မနည်းတားနေရပြီး နေသာ့ကိုကျတော့လည်း ပစ်စလက်ခတ် မထားခဲ့နိုင်။

"သွားပါ ကူး၊ နင် ငါ့ကို တစ်သက်လုံးတောင် ထားခဲ့ဖို့ စိတ်ကူးပြီးသားမဟုတ်လား၊ ဒီည ထားခဲ့တာအတွက် စိတ် မကောင်းဖြစ်စရာမလိုပါဘူး၊ နင်သွားပါတော့၊ ငါ့ဘာသာ ကားငှားပြန်လိုက်ပါ့မယ်"

နေသာပြောနေဆဲမှာ နန္ဒက နှစ်သစ်ကူးကို လက်ဆွဲ ခေါ်သွားပြီး ကားပေါ်တွန်းတင်ကာ မောင်းထွက်သွားသည်။

ကားပေါ်ပါသွားတဲ့ ကူးရဲ့ စာနာတဲ့ သမင်လည်ပြန် အကြည့်တစ်ချက်နဲ့ပဲ သူကျေနပ်လိုက်ပါသည်။

❤ ❤ ❤





✸ ✸ ✸

"နေသာ" တဲ့။

"ငါတို့ အေးအေးဆေးဆေး စကားပြောကြရ အောင်" တဲ့။

နှစ်သစ်ကူးရဲ့အသံ ချိုချိုအေးအေးလေးက နေသာ့ နားထဲက ခုထိမထွက်ချေ။

နေသာသည် လေကလေးချွန်ကာ သူမနဲ့တွေ့ဖို့ ရှင်းအေးဆေးသည့် ကော်ဖီဆိုင်လေးသို့မသွားမီ ၂ နာရီခန့် အဝင် ကြိုတင်ပြင်ဆင်နေမိသည်။

သူ့အခန်းထဲမှာ အဝတ်အစားတွေ ပွစာကြဲနေပြီး နောက်ဆုံးတော့ လှုငယ်ဆန်ဆန် ကာကီရောင် ဘောင်းဘီပွပွ လေးနှင့် တီရှပ်အဖြူလေးကို ရွေးချယ်လိုက်သည်။ သူမ ချက်စိ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ သူ ငြိမ်းငြိမ်းချမ်းချမ်းပုံစံမျိုးလေး နေပြချင်သေးသည်။ ပြီးတော့ ယဉ်ကျေးဖွယ်ရာစကားတွေ ဆိုမည်။ နေသာဆိုတာ အခြေအနေအရသာ ရိုင်းပျသလို ဖြစ်နေပေမယ့် ပုံမှန်အချိန်တွေမှာ အဆိပ်ကင်းကင်း လူငယ်လေးတစ်ဦးသာဖြစ်ကြောင်း ကူး ရိပ်မိစေချင်သည်။ ပြီးတော့ ကူးရယ်ရအောင် ဟာသတွေပြောချင်သည်။

ကူး စတင်ချိန်းဆိုလာခဲ့စဉ်က သူ ယုံတောင်မယုံခဲ့။ သူ့မှာ ဒဏ်ရာဗရပွဖြင့် တစ်ကိုယ်လုံးကိုက်ခဲနာကျင်နေကာ မျက်နှာကို ကြပ်ထုပ်ထိုးနေရသည့်အခြေအနေကြီးနှင့်။ စိတ်ခံစားချက်တွေကလည်း ဗရုတ်ဗရက် ဆောက်တည်ရာမဲ့နေဆဲ။ သို့သော် ထိုအခြေအနေနဲ့လည်း လက်မလျှော့ဘဲ သူမ ဆိုင်ရှေ့သွားမြဲ တစ်နေ့မှာ သူမက ထိုသို့ချိန်းဆိုခဲ့တာဖြစ်သည်။

ကူး ခုတော့ ကိုယ့်ကို သနားငဲ့ညှာပြီပေါ့။ ကိုယ့်မေတ္တာကို အသိအမှတ်ပြုခဲ့ပြီပေါ့။

ကူးနဲ့ နှစ်ယောက်တည်း တွေ့ရမည့်အခွင့်အရေး။ အေးအေးဆေးဆေး စကားပြောရဦးမည့် အခြေအနေ။





ကြိုပြီး စိတ်ကူးယဉ်လိုက်ရုံနဲ့တောင် သူခံစားခဲ့ရသမျှ စိတ်ဒုက္ခ ကိုယ်ဒုက္ခတွေ သူ့အနားက လွင့်ထွက်သွားသလို ခံစားရသည်။

အချစ်က အဲဒီလောက် တန်ခိုးကြီးပါသည်။

နေသာသည် သူမနှင့်ချိန်းဆိုထားသည့်ဆိုင်လေးသို့ အားမောင်းထွက်လာရင်း ဟိုတုန်းက အခြေအနေကို ပြန်တမ်းတမိလေသည်။

အဲဒီတုန်းကတော့ သူ့အချစ်ဟာ သန့်စင်စွာ ထွက်လပ်စွာ ဖြစ်တည်ခွင့်ရခဲ့သည်။ ပါးဖောင်းကလေးတွေကို ဆာလ်ပဲန်နှင့် တို့ကာတို့ကာ စ,နောက်ခဲ့ရသော အချိန်တွေ။

ပြီးတော့ ထိုပါးကလေးတွေမှာ အသည်းပုံကလေးတွေ ဆွဲပေးခဲ့တာလည်း သူမမေ့။ သူမရဲ့ ငိုက်နေတဲ့ ပုံကလေးကို ခု ပြန်စဉ်းစားရင်တောင် ပြုံးမိနေဆဲ။

သူမက ချစ်စရာကောင်းရုံမက သူမနဲ့ပတ်သက်သည့် အမှတ်တရတိုင်းက ချစ်စရာကောင်းသည်လေ။

ခုတော့ သူခံစားခဲ့ရတဲ့ ခါးသီးမှုတွေလည်း ကုန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အချိန်တန်ပါပြီ။ သူ့ကို မိတ်ဆွေ သူငယ်ချင်းအဖြစ် စပြီး သတ်မှတ်မည်ဆိုရင်တောင် သူနှစ်သိမ့်နိုင်ပြီ။

သူက ထိုအတွေးများဖြင့် သူ့ကားလေးကို စား သောက်ဆိုင်ရှိရာ ခြံဝန်းထဲသို့ ကွေ့ဝင်လိုက်သည်။

♥ ♥ ♥





✹ ✹ ✹

"နေသာ...ဒဏ်ရာတွေ သက်သာရဲ့လား"

သူမက ကြင်နာစွာ စတင်မေးခဲ့သည်။

သူက သူမကို ပြုံးပြလိုက်ရင်း...

"သက်သာပါတယ်၊ ဒီလောက်တော့ ခံရမှာပေါ့ အချစ် အတွက်ပဲ၊ ငါ ခံနိုင်ပါတယ်"

"နေသာရယ်...နင်..."

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ တစ်ခုခုလုပ်လို့ တစ်ခုခု ခြွန်ရတာ ထုံးစံပဲ"

"နင် ဆိုးဆိုးဝါးဝါး ထိခိုက်မသွားပါဘူးနော်၊ ဥပမာ ကျိုးပဲ့ အတွင်းကြေ ဆိုတာမျိုး..."

"အဲဒီလို ထိခိုက်ရင်တောင် နင်နဲ့ ခုလို တွေ့ခွင့်ရဖို့



www.burmeseclassic.com

www.burmeseclassic.com



ငါ ဘာမှမဖြစ်တော့ဘူး၊ နင်က ငါ့ရဲ့ဆေးလေ၊ ဒဏ်ရာ
ပျောက်စေတဲ့ ဩသဓဆေးကြီး၊ အဟင်း...မစိုးရိမ်ပါနဲ့
တခြားဘာမှမဖြစ်ပေမယ့် အတွင်းတော့ ကြေတာပေါ့ဟာ
ဒါပေမယ့် ငါ့အတွင်းကြေကလည်း နင်ကုရင် ပျောက်မှာ
ပဲလေ"

"နေသာ...ငါ့အကြောင်းပြောပြမယ်၊ နားထောင်မလား"

"နားထောင်မှာပေါ့"

"ငါ့ဘဝကလေ...နင်နဲ့နန္ဒလို မပူမပင် မကြောင့်မကြရတဲ့
ဘဝမျိုး မဟုတ်ဘူး"

"နန္ဒအကြောင်း ထည့်မပြောနဲ့"

"ကျေးဇူးပြုပြီး နားထောင်ပေးပါ နေသာ၊ အချစ်ကို
အတွက် ရှုပ်ထွေး လုယက် ပြိုင်ဆိုင်ကြ ရန်ဖြစ်ကြဆိုတာ
တွေဟာ နင်တို့လို လူတန်းစားတွေသာလုပ်နိုင်တဲ့ အလုပ်
ပါဟာ...၊

"ငါကတော့ အချစ်ဆိုတာကို ရိုးရိုးရှင်းရှင်း
လေးပဲ ခံစားနိုင်တယ်၊ ငါ့မှာ မိဘတွေလည်း မရှိတော့ဘူး
ဦးလေး တစ်ယောက်ရှိပေမယ့် ငါ့ကိုဂရုမစိုက်နိုင်ဘူး၊ ငါ





တစ်ယောက်တည်း အဆောင်မှာနေပြီး ငါ့ဘဝတက်လမ်း
အတွက် အရမ်းကြိုးစားရုန်းကန်ရတယ်...၊

"အဲဒီလို ရုန်းကန်နေရင်းနဲ့ပဲ သင်တန်းတစ်ခု
မှာ နန္ဒနဲ့တွေ့ခဲ့တယ်၊ သူ ငါ့ကိုသိပ်ချစ်သလို ငါလည်း
သူ့ကို အရမ်းချစ်သွားခဲ့တယ်"

"အခုရော နင် သူ့ကို ချစ်နိုင်သေးလို့လား"

"ကျေးဇူးပြုပြီး ဖြတ်မပြောပါနဲ့ နေသာ"

"အေးပါ...အေးပါ ပြောပါ၊ ဒါပေမယ့် အတတ်နိုင်ဆုံး
နန္ဒအကြောင်း မပါအောင် ပြော"

"သူပိုက်ဆံသုံးနိုင်တာ ငါသိသိလာပေမယ့် သူ့ကို ငါ
ငွေရေးကြေးရေးပိုင်းမှာ လုံးဝမမှီခိုခဲ့ဘူး၊ ဒါပေမယ့် သူဟာ
ငါ့ချစ်သူ တစ်ယောက်အဖြစ် ငါ့ကို စိတ်ဓာတ်ခွန်အား
ပေးနိုင်တယ်၊ သူ့ကြောင့် ငါပျော်ရတယ်၊ ငါ့ရည်မှန်းချက်
တွေပြည့်တဲ့တစ်နေ့ သူလည်းမိဘကိုမမှီခိုဘဲ သူ့ခြေထောက်
ပေါ် သူရပ်နိုင်တဲ့တစ်နေ့ကျမှ ငါတို့လက်ထပ်မယ်လို့
ဆုံးဖြတ်ခဲ့တယ်"

နေသာသည် ကူးကို မတားရဲတော့ပို့သာ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင် နေရသော်လည်း မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်လာသည်။

ဒါတွေပြောပြချင်လို့ ငါ့ကိုခေါ်ခဲ့တာလား ကူးရာ၊ ငါ ဘယ်လောက်ခံစားရမယ်ဆိုတာ နင် မစာနာဘူးလား။

"ငါ သူ့ကို အရမ်းချစ်တယ် နေသာ၊ နင် ရောက်မလာခင်တုန်းက အချစ်ကို ငါရိုးရိုးလေးခံစားနေခဲ့တယ်၊ နင်ရောက်လာတဲ့အချိန်ကျမှ ငါ နင်တို့နှစ်ယောက်ရဲ့ ဒေါသတွေ၊ ရန်ပွဲတွေကြားမှာ အပူဟပ်ခံနေရတယ်၊ ငါမေးပါရစေ... အချစ်ဆိုတာကို နင်က ဘယ်လိုခံယူထားတာလဲ"

"ငါ့ခံယူချက် ငါ့ခံစားချက်ကလည်း ရိုးရိုးရှင်းရှင်းလေးပါကူး၊ ငါ နင့်ကိုချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ ကျန်တာ ငါမသိဘူး"

"မသိလို့မရဘူးလေ...၊ နင် ကလေးမှ မဟုတ်တာဘဲ၊ ဆင်ခြင်နိုင်ရမှာပေါ့"

"အချစ်က သိပ်အင်အားကြီးလာရင် ဆင်ခြင်တုံတရားကလည်း မနိုင်ဘူး"

"စိတ်ပျက်စရာပဲ"





"ငါကတော့ ဘယ်တော့မှ စိတ်မပျက်ဘူး၊ နင့်ကို ချစ်တယ်"

"ကောင်းပြီ... ချစ်ပါ၊ မချစ်ပါနဲ့လို့ ငါ မတားဘူး၊ ဒါ နင့်အခွင့်အရေး၊ နင့်ကို ငါမချစ်နိုင်တာကလည်း ငါ့အခွင့်အရေး၊ ပြီးတော့ အချစ်ဆိုတာ မရ,ရအောင် လုယက်ပေါက်ကွဲနေမှ အချစ်မဟုတ်ဘူး၊ ရင်ထဲမှာ သိမ်းထားပြီးတော့ တစ်သက်လုံး ချစ်သွားလို့ ရတာပဲ"

"ဒါဆို ငါက ငါ့အချစ်တွေကို ရင်ဘတ်ထဲ ထည့်သိမ်းပြီး နင့်ကို တိတ်တိတ်ကလေးပဲ ချစ်နေ၊ နင်ကတော့ ဟိုကောင်နဲ့လက်ထပ်ပြီး ကလေးတွေဘာတွေမွေး၊ ပျော်ရွှင်ချမ်းမြေ့နေ၊ ငါက ဒါကိုကြည့်ပြီး မုဒိတာတွေပွား၊ အဲဒီလိုနေရမှာလား၊ နိုး...ငါ အဲဒီလောက် မရင့်ကျက်ဘူး"

"နင့်ကို စာနာလို့ အေးအေးဆေးဆေး ဖျောင်းဖျနေတာကို နင် လက်မခံနိုင်ပါလား နေသာ၊ ဒါဆိုလည်း နင့်သဘောပဲ၊ နင့်အပူနင်ရှာပြီး နင့်ဘာသာခံစားနေပေါ့၊ ငါလည်း ဘာမှမတတ်နိုင်တော့ဘူး"

ကူးက ထိုင်ရာမှ ထရပ်လိုက်သည်။ သူ ကူးကို မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကူး ခဏလေးနေပါဦး…။ မဟုတ်ဘူး အကြာကြီး နေပါဦး။ ငါ့အနားမှာ ဒါ့ထက်ကြာကြာလေးနေပြီး ငါ့ကိုနှစ်သိမ့် ပေးပါဦး။ ဒီခဏလေးကို ငါမက်မောလွန်းလို့ပါ ကူးရာ။

နင် ဒီလိုလွယ်လွယ်ပြောရုံနဲ့ ငါက ငါ့အချစ်တွေကို တစ်သက်လုံး သိမ်းဆည်းသွားပါ့မယ်လို့ ကတိပေးလိုက်ရမှာလား။ ငါ အချိန်ယူပါရစေဦး။ နင့် တောင်းဆိုမှုကို လိုက်လျောနိုင်တဲ့ အထိ ခံနိုင်ရည်ရှိဖို့…သဘောထားကြီးဖို့ အချိန်ယူပါရစေဦး ကူးရယ်။

ငါ နင့်ကို စိတ်ချမ်းသာစေချင်ပါတယ်။

ဒါပေမယ့် ငါ့အချစ်ကိုလည်း မရုပ်သိမ်းနိုင်ဘူး။ ငါဘယ်လိုလုပ်ရမှာလဲ…။

နေသာသည် ရင်ထဲကသာ တောင်းပန်တိုးလျှိုးရင်း နှုတ်ခမ်းတွေကတော့ တိတ်ဆိတ်တုန်ယင်နေသည်။

“ငါ သွားတော့မယ်”

“ကူး…ခဏနေပါဦး”

သူမက သူ့ရှေ့ကလှည့်အထွက်မှာ သူ…သူမ လက်ကို လှမ်းဆွဲလိုက်မိသည်။





“ငါ့လက်ကိုလွှတ်”

“ကူး…ငါ နင့်ကို အရမ်းချစ်တယ်”

သူက သူမလက်ကို ဖျတ်ခနဲဆွဲယူကာ လက်ဖမိုး ပေါ်ကို ဖွဖွနမ်းလိုက်မိလေသည်။

သူမက တိတ်ဆိတ်သွားသည်။ လက်ကိုလည်း ရုန်း ထွက်မသွား။ သူ…သူမကို မော့ကြည့်ရင်း သူမလက်ကို လွှတ် ပေးလိုက်သည်။

သူရင်ဆိုင်ရသည်မှာ သူမရဲ့ စူးရှအေးစက်သော မျက်ဝန်းများနှင့် အပြုံးဟု ထင်ရသော မဲ့နေသည့် နှုတ်ခမ်းတစ်စုံ ဖြစ်သည်။

သူမက သူ နမ်းလိုက်သော လက်ကို သူ့မျက်နှာ ရှေ့မှာ မြှောက်ပြလိုက်ရင်း…

“ဒါ နင် နမ်းလိုက်တဲ့ လက်နော်၊ နင် ခုနပြောတာ မှတ်မိသေးတယ်မဟုတ်လား၊ တစ်ခုခုလုပ်ရင် တစ်ခုခု ပြန်ရတာ ထုံးစံပဲတဲ့၊ မှန်တာပေါ့၊ နင်တစ်ခုတော့ ပြန်ရ သင့်တယ်…ကဲ…”

သူမက သူနမ်းခဲ့သောလက်ဖြင့် သူ့ပါးကို လွှဲရိုက် လိုက်သည်။ ပြီးတော့ ချက်ချင်း လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တိတ်ဆိတ်ကြောင်အကျန်ခဲ့သည်။ ပါးကိုတော
နာတယ်ထင်ပါဘူး ကူး...။

ဒါပေမယ့်...။

♥ ♥ ♥





✹ ✹ ✹

အဲဒီနေ့တစ်နေ့လုံး သူကားလျှောက်မောင်းနေခဲ့သည်။ ပြီးတော့ ကားကို ရပ်ချင်ရာရပ်ပစ်ခဲ့ကာ မိုးရေထဲ လျှောက်သွားသည်။

ထိုနေ့ညတစ်ညလုံးလည်း အိပ်မက်တွေ ကယောင်ကတမ်းမက်ကာ ခထာခထာလန့်နိုးသည်။

မနက်ရောက်တော့ သူ့တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ အာခေါင်တွေ ခြောက်သွေ့နေသည်။

သူဖျားပြီထင်ပါရဲ့။ သူ့ခန္ဓာကိုယ်မှာ... စိတ်မှာ အထိရာတွေထပ်ကာ လူက အတွင်းကြေကြေနေသည်။

သူ... သူမကိုတွေ့ချင်သည်။ သို့သော် သူမဆီ သွားရဲ။ မသွားရဲတာမဟုတ်ပါဘူးကွာ... မသွားရက်တာပါ။ နောင့်ယှက်ရက်တာပါ။ စိတ်မဆင်းရဲစေချင်တော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အလွမ်းတွေပြေဖို့တော့ နည်းလမ်းလိုအပ်သေးတာမို့ သူက သူမကို တိတ်တိတ်လေး သွားသွားချောင်းမိလေသည်။

ဖျားနေလည်းသူသွားသည်။ မိုးရွာလည်းသွားသည်။ နေပူလည်း သွားသည်။ သူမ မမြင်အောင် ခိုးကြောင်ခိုးဝှက်ကြည့်သည်။ သူမနှင့် နန္ဒတို့ ယှဉ်တွဲထွက်သွားတာမြင်ရရင်တော့ သူရင်နာစွာ မျက်နှာလွှဲမိပြန်၏။

သူက သူ့စိတ်ကို ထိန်းချုပ်အောင့်အည်းကာ သူမ ရှေ့ထွက်ရပ်မပြမိဖို့ အတတ်နိုင်ဆုံး ကြိုးစားနေခဲ့ရသည်။ သူ သူမကို စိတ်ချမ်းသာစေချင်သည်။

သို့သော် ကံကြမ္မာက သူ့ကိုအဆိုးဝါးဆုံး အဖြစ်အပျက်ကြီးဆီ ဆွဲခေါ်သွားခဲ့သည်။

အဲဒီနေ့က သူ Oceanကုန်တိုက်ကိုသွားဖို့ ပြည်လမ်းအတိုင်း ကားမောင်းလာခဲ့တာဖြစ်သည်။

ခုနစ်မိုင် အေဒီကွေ့အလွန်လေးမှာ ကားတစ်စီးက သူ့ကားကို ပွတ်ကာသီကာ ကျော်တက်သွားခဲ့သည်။ ဒါ နန္ဒရဲ့ ဂျစ်ကားပဲဆိုတာ သူချက်ချင်းသိလိုက်သည်။ ပြီးတော့ ကားပေါ်မှာ နှစ်သစ်ကူးလည်း ပါသည်။





နန္ဒက အေးအေးဆေးဆေး ဆက်မောင်းမသွားဘဲ ...ကနေ ပိတ်မောင်းနေတာမို့ သူ ထောင်းခနဲဒေါသထွက် ...သည်။ သို့သော် နှစ်သစ်ကူးကိုငဲ့ရတာမို့ သူ့ဒေါသကို မျိုသိပ် ...ခဲ့ရသည်။

နန္ဒက ရှေ့ကပိတ်မောင်းနေရာကနေ နေသာကားနဲ့ ...မောင်းလိုက်ရင်း ...

"ဟော့ကောင် ...ဂျစ်ကားလေးကိုတောင် မီအောင် မမောင်းနိုင်ဘူးလား၊ မင်းက ဘယ်နေရာမဆို အမြဲနောက်ကောက်ကျနေတော့တာပဲနော်"

ဟု လှမ်းအော်ပြောလိုက်လေသည်။ သူ့ဒေါသက ...်ကွဲလုဆဲဆဲ ဖြစ်သွားသည်။ သို့သော် နန္ဒနားက ကူးက ...ိ စိုးရိမ်တကြီး ပြောဆိုတားမြစ်နေတာတွေ့တာမို့ သူဘာမှ ...ပြောဘဲ ဆက်မောင်းနေခဲ့သည်။ သို့သော် နန္ဒက လက်လျှော့ ...ါ။

"မင်းမျက်နှာကို မတွေ့ချင်ဘူးဆိုကာမှ ဒီလမ်းမကြီးမှာ လာဆုံရတယ်လို့ကွာ ..."

နန္ဒက အော်ဟစ်ပြောရင်း သူ့ဒေါသကို ဆက်ဆွ ...ည်။ သူက အံကြိတ်ကာ အောင့်အည်းသည်းခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ကြောက်၊ မင်းနဲ့ငါ ကားပြိုင်မောင်း
အောင်ကွာ၊ ဘယ်လိုလဲ မမောင်းရဲဘူး မဟုတ်လား
ဘယ်နေရာမှာ ဘာပဲပြိုင်ပြိုင် မင်း ငါ့ကို မနိုင်နိုင်ဘူး
သဘောပေါက်သွားပြီထင်တယ်၊ ကိုယ့်ဘာဝကိုယ် နားလည်
သားပဲ"

သူ့ ဒေါသက ပွင့်ထွက်သွားသည်။ သူ ကားလီဗာ
ကို ဖိနင်းပစ်လိုက်ပြီး နန္ဒရဲ့ ဂျစ်ကားနံဘေးကနေ ဝေါခနဲ ကျော်
တက်လာခဲ့သည်။ နန္ဒကလည်း နောက်က တောက်လျှောက်လိုက်
လာရင်း အော်ပြောပြန်သည်။

"ဟော့ကောင် ... ကြောက်၊ မင်းသတ္တိရှိရင် မြို့ပြင်
မောင်းလိုက်၊ မင်းနဲ့ငါ အဲဒီမှာ ပြိုင်မောင်းမယ်"

ကားနှစ်စီးက တစ်လှည့်စီကျော်တက်ရင်း မြို့ပြ
ဘက်ရောက်လာသည်။

နန္ဒက ကားချင်းယှဉ်တိုင်း သူ့ကိုအော်ဟစ်လှောင်
ပြောင်နေသည်။ သူ နှုတ်ခမ်းကိုဖိကိုက်ထားရလွန်းတာမို့ သွေး
များပင်စိမ့်ထွက်လာသည်။ သူ့ဒေါသက တစ်ကိုယ်လုံးသို့စီးဆင်း
ပျံ့နှံ့သွားကာ သူ့ရဲ့ထိန်းချုပ်မှုအားလုံးကို ရုပ်သိမ်းပစ်လိုက်သည်။





ရှေ့က်စီထဲမှာ တရိပ်ရိပ်ဖြစ်နေသော ကတ္တရာလမ်းမကိုသာ
နေရသည်။ သူ ကားလီဗာကို သတိလက်လွတ် နင်းမိနေသည်။

နန္ဒကလည်း သူ့ကားကို ပွတ်ကာသီကာ အမီလိုက်
သည်။

လမ်းကွေ့တစ်ခုအရောက်မှာ နန္ဒက အော်ဟစ်
မောင်းနေသောကားကို ကျော်အတက်မှာ ကုန်ကားကြီး
စီးက သူတို့ဆီ အရှိန်ဖြင့် ဦးတည်လာတာကို ဘွားခနဲ
လိုက်ရသည်။

နေသာက ကားကို လမ်းဘေးသို့ဆွဲချလိုက်တာမို့
ကားနှင့် ပွတ်ရုံပွတ်မိကာ ကားတံခါးဖွင့်ပြီး လိမ့်ထွက်လိုက်
လူကတော့ ဆိုးဆိုးဝါးဝါးမဖြစ်။

ဝုန်းခနဲအသံတစ်ခု ကြားလိုက်တော့မှ သူသတိ
လာသည်။

"ကျူး..."

ကျူး...။ နန္ဒဘေးမှာထိုင်နေတဲ့ ကျူး...။ သူဖျတ်ခနဲ
ကာ ကြုံးထကြည့်လိုက်တော့ တွန့်လိမ်ပိပြားသွားသော
ရဲ့ ဂျစ်ကားကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်တွေ ဖြုန်းခနဲ ပွင့်ထွက်သွားသည်။

ကူး...ကူးရေ...။

ဘုရား...ဘုရား...ကူး ဘယ်မှာပါလိမ့်...။

သူ ထိုကားဆီ သွေးရူးသွေးတမ်းဖြင့် တစ်ရှိန်

ပြေးထွက်သွားကာ ကူးကို ရှာသည်။

နောက်ဆုံးမှာ ဂျစ်ကားပေါ်မှအောသို့လွင့်ထွက်သွ

ပုံရသော ကူးကို ခေါင်းမှာ သွေးတွေအရွှဲသားဖြင့် တွေ့လို

ရသည်။

သူ ကူးကိုပြေးပွေ့ကာ သူ့ကားဆီ ပြန်ပြေးလာ

သည်။

အဲဒီခဏလေးမှာ သူ့တစ်ကိုယ်လုံး မောဟိုင

တုန်ယင် သွေးပျက် ချောက်ချားနေခဲ့ပါသည်။

♥ ♥ ♥





✺ ✺ ✺

အမှောင်ထုက သူမခန္ဓာကိုယ်ကို တဖြည်းဖြည်း

ါးမျိုနေသည်။ သို့သော် သူမက ထိုအမှောင်ကို လွန်ဆန် ရုန်း

ာန်နေသည်။ အမှောင်နှင့် သူမ လွန်ဆွဲပွဲက ကြာရှည်လွန်းလှ

သည်။ နောက်ဆုံးတော့ အမှောင်ကို သူမ အနိုင်ရကာ သူမ

ျက်လုံးထဲကို အလင်းရောင် တစ်စွန်းတစ်စ ဝင်ရောက်လာသည်။

အား...လင်းလိုက်တာ။ အလင်းက သူမကို လန့်

ာသည်။ သူမ မျက်လုံးတွေကို ဖျတ်ခနဲဖွင့်ကြည့်လိုက်သည်။

ိုခဏမှာ မသိခြင်းတွေက သူမကို လွှမ်းမိုးအုပ်ဆိုင်းသွားသည်။

သူမကို ဝိုင်းကြည့်နေသော မျက်နှာတွေကို သူမ

သိ။ သူမ ရောက်နေသောနေရာကို သူမ မသိ။ သူမ ဘာဖြစ်နေ

သလဲဆိုတာလည်း မသိ။ ယုတ်စွအဆုံး သူမ ဘယ်သူလဲဆိုတာ

တောင် သူမ မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသံတွေကိုတော့ သူမ ကောင်းကောင်း ကြားနေရသည်။

"နှစ်သစ်ကူးမှာ ဒီလိုချစ်သူမျိုးတစ်ယောက်ရှိတာ အရမ်းကံကောင်းတာပေါ့"

"မင်းချစ်သူက မင်းကို တော်တော်ချစ်တာပဲ၊ သူ မင်းကို တစ်ချိန်လုံး ဂရုစိုက်နေတယ်"

သူမ နားမလည်နိုင်သော စကားများ...။

ထိုအခိုက်မှာ မျက်နှာတစ်ခုက သူမမျက်နှာပေါ် စီးမိုးလာသည်။

ကောင်လေးတစ်ယောက်က သူမကို နက်ရှိုင်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။

ပြီးတော့ သူမနားကပ်ပြီး တိုးတိုးလေးပြောပြသည်။

"ကူး...ကိုယ်က ကူး ချစ်သူလေ..."

သူမ ထိုကောင်လေးကို မသိပါ။ သို့သော် ထိုကောင်လေးရဲ့ မျက်လုံးတွေကို ခံစားယုံကြည်စွာ 'အဲဒါအမှန်ပဲ' ဟု ယူဆလိုက်မိပါသည်။

♥ ♥ ♥





## အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



* * *

အဒေါ်ကြီးက ပြတင်းမှန်လိုက်ကာတွေကို ဆွဲဖွင့်သောအခါ နေရောင်ဖျော့ဖျော့က ကျွန်မရဲ့အိပ်ရာပေါ် န်းတစ်စ ဖြာကျလာပါသည်။ အခန်းတစ်ခုလုံးက လင်းချင်း သည်။

ဒါ ကျွန်မအခန်း၊ ဒါ ကျွန်မအိမ်တဲ့။ သို့သော် ုံးက ကျွန်မနဲ့ စိမ်းနေသည်။ ကျွန်မ ဒီအိမ်ကို မသိ၊ န်းကိုမသိ။ ကျွန်မကိုယ်ကျွန်မလည်း မသိပါ။

Aircon ဖြင့် စိမ့်အေးနေသောအခန်းထဲမှာ ဆောင် နံဝင်စိမ်ကျနေသော အရသာကိုပဲ ကျွန်မ လောလောဆယ် ရသည်။

ဒါ ကျွန်မအိမ်ဆို ကျွန်မက ပြည့်ပြည့်စုံစုံ နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့သူပေါ့။ ကျွန်မ ဘယ်လိုနေထိုင်ကြီးပြင်းလာခဲ့သလဲဆိုတာ ကျွန်မ သိချင်မိပါသည်။

"အဒေါ်..."

ကျွန်မ လှမ်းခေါ်တော့ အဒေါ်ကြီးက ကျွန်မကို လှည့်ကြည့်ပြုံးပြရင်း...

"ဩော်...နိုးပြီးလားသမီး၊ နေကောင်းရဲ့လား"

"ဟုတ်ကဲ့...ကောင်းပါတယ်"

"အေး...အေး...ဒါဆို ဒေါ်ယု မနက်စာ သွားပြင်လိုက်ဦးမယ်"

"ခဏလေး အဒေါ်"

အဒေါ်ကြီးက ကျွန်မဘက် ပြန်လှည့်လာသည်။

"အဒေါ် အရင်က ကျွန်မကို သိလားဟင်"

"မသိပါဘူးကွယ်၊ မောင် နေသာက သူ့ချစ်သူ မိန်းကလေး ကားအက်ဆီးဒင့်ဖြစ်ပြီး အတိတ်မေ့နေလို့ လာစောင့်ရှောက်ပေးဖို့ အကူအညီတောင်းလို့ လာခဲ့တာ"

"ဒါဆို ကျွန်မက အရင်တုန်းက ဒီအိမ်မှာ တစ်ယောက်တည်း နေတာလား"





"မောင်နေသာ ပြောတာတော့ အဖော် အဒေါ်ကြီး တစ်ယောက်ရယ်၊ သူငယ်ချင်း မိန်းကလေး တစ်ယောက်ရယ်နဲ့အတူနေတာတဲ့၊ ကားအက်ဆီးဒင့် မဖြစ်ခင်ကမှ အဒေါ်ကြီးကလည်း ရွာပြန်သွား၊ သူငယ်ချင်း မိန်းကလေးကလည်း နိုင်ငံခြား ထွက်သွားလို့ တစ်ယောက်တည်း ဖြစ်နေတာတဲ့၊ သမီးရဲ့ မိဘတွေကတော့ မရှိကြတော့ဘူးတဲ့"

"ဒါဆို ဒီအိမ်က ကျွန်မ မိဘတွေ ထားခဲ့တဲ့ အိမ်ပေါ့နော်"

"ဟုတ်မယ်ထင်တယ်"

"ကျွန်မအရင်က ဘာလုပ်သလဲ မသိဘူးနော်"

"အဲဒါတော့ အဒေါ်မသိဘူးကွယ့်"

"အဒေါ်ရဲ့ မောင်နေသာနဲ့ အဒေါ်နဲ့ကတော့ သိတာကြာပြီပေါ့နော်"

"ဘယ့်နှယ့် အဒေါ်ရဲ့မောင့်နေသာရမှာလဲ၊ မောင်နေသာက သမီးရဲ့ချစ်သူလေ၊ သူ့ခမျာ သမီးကို သိပ်ချစ်ရှာတယ်၊ ဆေးရုံမှာ သမီးသတိလစ်နေတုန်းကလည်း တစ်ချိန်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်နေတယ်၊ သမီးနားမှာထိုင်ပြီး စကားတွေပြောလို
ငိုလိုက်နဲ့ မအိပ်နိုင်မစားနိုင်ဖြစ်နေလို့ အဒေါ်မှာ သူရူးသွ
ပြီးလားတောင် ထင်မိတယ်”

သူဂရုစိုက်တာတော့ ကျွန်မသိသည်။ အားလုံး
လည်း သူ ကျွန်မကို ဂရုစိုက်ကြောင်း ပြောကြသည်။ သူ
ကျွန်မချစ်သူတဲ့။ သို့သော် ကျွန်မ သူ့ကိုမသိပါ။ သတိရ
သတိရငြား စဉ်းစားကြည့်တော့လည်း ခေါင်းတွေ မူးလာသည်

“အမှန်တော့ သမီးတို့နှစ်ယောက်စလုံး ကံကောင်းကြတ
ပါကွယ်၊ သမီးတို့ကို နှောင့်ယှက်တဲ့သူဆိုလား အဲဒီသူ
ကတော့ ပွဲချင်းပြီးပဲတဲ့”

“ဩော်...”

“ကဲကဲ...သမီး အဒေါ်ပြောတာတွေ နားထောင်ပြီး
လျှောက်စဉ်းစားမနေနဲ့ဦး၊ ခေါင်းမူးမယ်၊ မောင်နေသ
ကလည်း ဘာမှလျှောက်မစဉ်းစားဖို့မှာခဲ့တယ်မဟုတ်လာ
သူလည်း ခဏနေရင် ရောက်လာပါလိမ့်မယ်”

အဒေါ်ကြီးထွက်သွားတော့ ကျွန်မ အိပ်ရာထသည်
ပြီးတော့ ရေချိုးအဝတ်အစားလဲ မနက်စာစားပြီး အိမ်ရှေ့ ဝရန်တာ





လေးမှာထိုင်ကာ ကျွန်မချစ်သူဟုပြောကြသော ကျွန်မ မသိသော
ယောကျ်ားတစ်ယောက်ကို စောင့်မျှော်နေခဲ့မိပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

"ရှင်က ကျွန်မချစ်သူလားဟင်..."

သူရောက်လာတော့ ကျွန်မအသိချင်ဆုံး မေးခွန်းကို မေးမိသည်။

သူက ကျွန်မမေးတာကို ချက်ချင်းမဖြေဘဲ ကျွန်မ မျက်လုံးတွေကို စိုက်ကြည့်ရင်း...

"ကိုယ့်မျက်လုံးတွေကိုကြည့်ပြီး ခံစားတတ်ရင် ဒီမေးခွန်း ကို ကူး မေးဖို့တောင် မလိုပါဘူး၊ ကိုယ် ကူးကို သိပ်ချစ် တယ်၊ ကိုယ့်မျက်လုံးတွေထဲမှာ အချစ်ကို မတွေ့ဘူးလား"

ကျွန်မ သူ့မျက်လုံးတွေကို စိုက်ကြည့်မိသည်။ သူ့ မျက်လုံးတွေမှာ မြတ်နိုးခြင်းတွေကို တွေ့ရသည်။ သူ့ကို ကျွန်မ မသိပေမယ့် သူ့မျက်လုံးတွေကတော့ ယုံကြည်ချင်စရာကောင်း သည်။ အဲဒီမျက်လုံးတွေကို ကျွန်မ ခံစားနားလည်လို့ရသည်။





"ကျွန်မ အားနာတယ်"

ကျွန်မ ခပ်တိုးတိုးပြောမိသည်။

"ဘာဖြစ်လို့လဲ"

"ရှင့်ကို မမှတ်မိလို့ပေါ့၊ ပြီးတော့ ကျွန်မကို အရမ်းဂရု စိုက်ခဲ့၊ စောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"တစိမ်းတွေမှ မဟုတ်တာကွာ"

"ကျွန်မ ပြောတာဆိုတာတွေ တစိမ်းသိပ်ဆန်နေလားဟင်"

"အင်း...နည်းနည်းတော့ စိမ်းတယ်၊ ဒါပေမယ့် ရပါတယ်၊ ကူးမှ မမှတ်မိဘဲ"

"ကျွန်မ အတတ်နိုင်ဆုံး ရင်းနှီးအောင်ကြိုးစားပါ့မယ်၊ ဟို အရင်တုန်းက ရှင့်ကို ကျွန်မ ဘယ်လိုခေါ်လဲမသိဘူး"

သူခဏငြိမ်သွားပြီး မျက်နှာပေါ်မှာ အရိပ်တစ်ခု ဖြတ်ပြေးသွားသည်။ ပြီးတော့မှ ကျွန်မကို ပြုံးကြည့်ရင်း...

"ကို လို့ ခေါ်တယ်"

"ဒါဆို အခုလည်း ကျွန်မ အဲဒီလိုခေါ်မှပဲ ကောင်းမယ် ထင်တယ်"

"ကူး သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကို လို့ပဲ ခေါ်ပါ့မယ်"

သူက ကျွန်မကိုစိုက်ကြည့်ရင်း မျက်ရည်ဝဲလာသည်။ သူဘာကို ဝမ်းနည်းသွားပါလိမ့်။ အေးလေ…သူ့ကိုတောင် မမှတ်မိတော့တဲ့ ကျွန်မအဖြစ်ကို သူဘယ်စိတ်ကောင်းနိုင်ပါ့မလဲ…။

"ကူးရယ်…"

သူက တိုးတိုးညည်းတွားရင်း ကျွန်မလက်တွေကို ဆုပ်ကိုင်လိုက်သည်။ ကျွန်မ ဖျတ်ခနဲရုန်းလိုက်ပြီးမှ ပြန်အားနာသွားကာ…

"ဆောရီး…ကို၊ ကျွန်မ မေ့နေလို့ပါ၊ ချစ်သူချင်းပဲ ဒီလောက်တော့ ရှိမှာပေါ့နော်"

ကျွန်မလက်တွေကို သူ့ထံကမ်းပေးလိုက်သည်။ သို့သော် သူက ကျွန်မလက်တွေဆီ လက်ကမ်းမလာတော့ဘဲ…

"ကဲ…ကူးလေး ထ၊ ကိုယ် ကူးအတွက် ဝယ်လာတာတွေ ကြည့်ပါဦး၊ လျှောက်လျှောက်စဉ်းစားနေရင် ခေါင်းနောက်လာလိမ့်မယ်"

သူက အိတ်ထဲက ပစ္စည်းတွေကို ထုတ်ချရင်း…

"ဒါက ကူးနားထောင်ဖို့ သီချင်း CD တွေ၊ Pop သီချင်း





အေးအေးလေးတွေချည်းပဲ၊ ကူး ပျင်းရင် နားထောင်ပေါ့၊ သီချင်းနားထောင်တော့ စိတ်လည်း ကြည်တယ်…၊

"ပန်းသီးတွေလည်း ဝယ်လာတယ်၊ ကူး စားချင်တာရှိရင်လည်း မှာ၊ ကိုယ်ဝယ်လာပေးမယ်၊ ဒီမှာ ကူး ကြိုက် မကြိုက်တော့ မသိဘူး၊ ကူးဝတ်ဖို့အင်္ကျီလေး တွေလည်း ဝယ်လာတယ်၊ ဒါက အိမ်ထဲမှာစီးဖို့ ဖိနပ်"

သူက အမွေးအိအိအရုပ်ကလေးပုံစံ ခြေစွပ်ကလေး ပါသော ဖိနပ်ပြားပြားလေးကို ကျွန်မရှေ့ချပေးတာမို့ ကျွန်မ သဘောကျသွားမိသည်။

"ဖိနပ်ကလေးက ချစ်စရာလေးနော်"

"စီးကြည့်လေ"

ကျွန်မ စီးကြည့်လိုက်တော့ အတော်ပဲဖြစ်နေသည်။ ပြီးတော့ ခြေဖဝါးမှာ နူးညံ့သောအထိအတွေ့ကို ရသည်။

"ဒါမျိုး အရင်တုန်းက စီးဖူးသလားမသိဘူး၊ ကို ကျွန်မ ဒါမျိုးစီးတာ တွေ့ဖူးလား"

"မတွေ့ဖူးဘူး"

"လမ်းလျှောက်လို့ ကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ပါကေးကြမ်းပြင်ပေါ် ရုပ်တိုက်လျှောက်ရင်း ကလေးတစ်ယောက်လို သဘောကျနေတာမို့ သူက ကျွန်မကို ပြုံးကြည့်နေသည်။

သူ့အကြည့်ကတော့ ချစ်သူတစ်ယောက်ကိုကြည့်တဲ့ အကြည့်မျိုးပါပဲ။ ခက်တာက ကျွန်မစိတ်ထဲမှာ သူ့ကိုချစ်သူ တစ်ယောက်အဖြစ် ခံစားလို့ မရသေးတာပါ။

ဒါပေမယ့် သူဂရုစိုက်တာကိုတော့ ကျွန်မ ကျေနပ်နေမိပါသည်။

"ကူး...ရော့၊ ဒီခေါင်းစွပ်ကလေးပါယူထား၊ ညည Aircon ကြောင့် ခေါင်းအေးမယ်ထင်ရင် ဒီခေါင်းစွပ်လေးစွပ်ပြီး အိပ်နော်"

သူက ခေါင်းစွပ်အနီလေးတစ်ခုကို ထုတ်ယူပြီး ကျွန်မခေါင်းမှာ စွပ်ပေးလိုက်သည်။

အသေးစိတ်ဂရုစိုက်နိုင်တာကို ကျွန်မအံ့သြရသည်။ ကျွန်မ မမှတ်မိတော့တဲ့အချိန်တွေတုန်းက သူဟာ ကျွန်မအတွက် ချစ်သူကောင်းတစ်ယောက်ဖြစ်ခဲ့မှာပါပဲ။

"ကူး...အိမ်မှာနေရတာ ပျင်းလား"





"ဟုတ်ကဲ့၊ တစ်ခါတစ်ခါ ပျင်းတယ်"

"ဒါဆို ကူး မပျင်းအောင် အဖော်တွေခေါ်လာပေးမယ်"

"ဘယ်လိုအဖော်တွေလဲဟင်"

"တွေ့တော့ သိမှာပေါ့"

သူက နှုတ်ခမ်းပြုံး၍ ပြောသည်။

"ခု ပြောမပြဘူးလား"

သူက ခေါင်းခါရင်း...

"နိုး...ပြောမပြဘူး"

"ကျွန်မကို စောင့်ရှောက်ဖို့ လူတွေ ထပ်ခေါ်လာပေးမှာလား"

"နိုး..."

"ကလေးတွေ ခေါ်လာပေးမှာလား"

"နိုး..."

"ခွေးလေးတွေ ဝယ်လာပေးမှာလား"

"ပြောမပြဘူးဆိုကွာ၊ ခုပြောပြထားရင် ကိုယ်ခေါ်လာတဲ့ အချိန်ကျမှ ကူးအရမ်းမပျော်ရဘဲနေမှာပေါ့"

"ပြီးရော...ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဖိနပ်ကလေးကို ရုပ်တိုက်စီးကာ သူ့အနားက လျှောက်ထွက်လာသည်။

သူက ပြတင်းတစ်ခုကို ကျောမှီရပ်ရင်း ကျွန်မကို ခပ်ပြုံးပြုံးလှမ်းကြည့်နေသည်။ ကျွန်မ စတင်ရင်းနှီးခဲ့မိတာ အဲဒီလို တိတ်တိတ်ဆိတ်ဆိတ်ငေးမောနေတတ်တဲ့ သူ့မျက်ဝန်းများကို ဖြစ်သည်။

သူက ကျွန်မကို သူကိုယ်တိုင် ဆေးတိုက်သည်။ အဒေါ်ကြီးကိုလည်း ဆေးမှန်မှန်တိုက်ဖို့၊ ဂရုစိုက်ဖို့ မှာသည်။

အဲဒီတစ်နေ့တည်းမှာပဲ ကျွန်မစိတ်ထဲမှာ သူ့ကို ရင်းနှီးစပြုလာသည်။ သို့သော် ချစ်သူတွေလိုမျိုးတော့ မဟုတ်သေးပါ။

သူပြန်ခါနီးတော့ ကျွန်မသူ့ရှေ့မှာ ခေါင်းငုံ့မိရင်း...

"ကို..."

"ပြောလေ ကူး..."

"ကျွန်မ ကြိုးစားပါ့မယ်"

"ဘာကို ဘယ်လိုကြိုးစားမှာလဲ ကူးလေးရဲ့"

"အရင်တုန်းက အကြောင်းတွေကို မမှတ်မိရင်တောင် ခု





လက်ရှိအချိန်မှာ ကိုကို ချစ်သူတစ်ယောက်လိုခံစားမိလာအောင်ပေါ့"

"ခံစားချက်ဆိုတာ သူ့အလိုလိုဖြစ်လာမှ သဘာဝကျပြီး စစ်မှန်မှာပေါ့၊ ခံစားချက်ဖြစ်လာအောင် ကြိုးစားလို့ မရဘူးလေ၊ ကဲပါကွာ...ကိုယ့်အတွက် ကူး ဘာမှ စိတ်ပင်ပန်းမခံပါနဲ့၊ ကူးသတိရရ၊ မရရ ကိုယ် ကူးကို ချစ်နေမှာပါ"

သူက ကျွန်မ ခေါင်းလေးကို ပုတ်မည်ဟန်ပြင်ပြီး သက်ကို ပြန်ရုပ်လိုက်ပြီး နှုတ်ဆက်ထွက်သွားလေသည်။

သူ့ကိုငေးကြည့်ရင်း ကျွန်မရင်ထဲမှာ ဘာမှန်း သည့် တစ်ခုခုတော့ ငြိကျန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



✺ ✺ ✺

"သမီး ... ညက ပျော်စရာကောင်းတဲ့ အိပ်မက်တစ်ခုခုကို မမက်ဘူးလား ..."

မနက်ခင်းတစ်ခုမှာ ကျွန်မ အိပ်ရာကနိုးတော့ အဒေါ်ကြီး ဒေါ်ယုက ကျွန်မကို ပြုံးကြည့်ရင်း မေးလာပါသည်။ ကျွန်မက နဝေတိမ်တောင်လေး ခေါင်းခါပြမိရင်း ...

"ဟင့်အင်း ... မမက်ပါဘူး ..."

"လက်ဆောင်တစ်ခုခု ရတယ်ဆိုတာမျိုးတောင် မမက်ဘူးပေါ့ ..."

"ဟင့်အင်း ... မမက်ပါဘူး ဒေါ်ယုရဲ့၊ ဘာဖြစ်လို့ ဒီလို မေးတာလဲ ..."

"အိပ်မက် မမက်လည်း ကိစ္စမရှိပါဘူး၊ အပြင်မှာ ပျော်ရ





တာက အိပ်မက်ထဲမှာ ပျော်ရတာထက် ပိုကောင်းတာပေါ့၊ ကဲ ... လာ အပြင်ထွက်ရအောင်"

"ဘယ်အပြင်လဲ ..."

"အခန်းပြင်လေ ..."

"မျက်နှာမှ မသစ်ရသေးတာ"

"နောက်မှ သစ် ... နောက်မှ သစ်"

BURMESE CLASSIC .com

ဒေါ်ယုက အတင်းခေါ်နေတာ အကြောင်းတော့ [illegible]ပဲဟု ထင်မိတာမို့ ဒေါ်ယုနောက်က လိုက်လာခဲ့သည်။

"အိုး ... လှလိုက်တာ ... လှလိုက်တာ"

ဧည့်ခန်းထဲက ရှည်မျောမျော ငါးကန်ကိုအတွေ့မှာ [illegible]ခ လွှတ်ခနဲ့ အော်ပစ်လိုက်မိသည်။

ရောင်စုံ ငါးကလေးတွေ ကူးခတ်နေသော ငါးကန် [illegible] အပြာရောင် မီးကလေး လဲ့နေကာ ကျောက်တုံး ကျောက် [illegible]လေးတွေ၊ ရေမှော်ပင်ကလေးတွေဖြင့် အလှဆင်ထားသည်။

ကျွန်မက ငါးကန်နား ပြေးကပ်သွားမိကာ ငါး[illegible]းတွေ ရှိသည့် မှန်နံရံဆီ တို့ထိကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုက ကျွန်မကို ပြုံးကြည့်နေရင်း ...

"မနက်အစောကြီးကတည်းကကွယ် ... အဲဒီ ငါးကန်ကို လာဆင်ပေးသွားတာ၊ သမီး နိုးလာရင် အံ့သြသွားအောင်တဲ့ ...၊ သူ့ခမျာ သမီး ပျင်းနေမှာစိုးလို့ လုပ်ပေးတာ ထင်တယ်၊ မောင်နေသာ သမီးကို ချစ်ပုံများတော့ အားလျှ တောင်မှ အံ့သြအားကျယူရတယ်၊ သမီး ... အချစ်ရေး ကံကောင်းလိုက်တာကွယ်"

"ကျွန်မလည်း အဲဒီလိုပဲ ထင်တာပါပဲ ဒေါ်ယုရယ်၊ ဒါပေမယ့် အရင်တုန်းက အကြောင်းတွေကို ပြန်သတိမရ တာ ခက်တယ်"

"တဖြည်းဖြည်းတော့ ပြန်သတိရလာနိုင်တယ်လို့ ဆရာဝန်က ပြောတာပဲ ...၊ သတိမရလည်း ဘာအရေးလဲကွယ်၊ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကိုယ့်အနားမှာလည်း အရမ်းဂရုစိုက်တဲ့ ချစ်သူတစ်ယောက် ရှိရင် ပြီးတာပဲ မဟုတ်လား၊ သတိမရလည်း လက်သာ လက်ထပ်လိုက် တော့ ..."

"အို ... ဒေါ်ယုကလည်း ... သူကဖြင့် ဘာမှမပြောဘဲနဲ့"





ကျွန်မက ရှက်ရှက်နှင့် ကမန်းကတန်း ပြန်ပြောမိ ... ဖုန်းသံကြားရတာမို့ ဒေါ်ယုက ဖုန်းသွားကိုင်သည်။

"သမီးရေ ... မောင်နေသာ့ဆီက ..."

ကျွန်မ ရင်ထဲမှာ လှုပ်ခနဲ ပျော်သွားသည်။ ကျွန်မ ... သွားကိုင်တော့ သူ့ရဲ့ နူးနူးညံ့ညံ့အသံကို ကြားရသည်။

"ကူးလေး ... အဖော်တွေ တွေ့ပြီလား ..."

"ဟုတ်ကဲ့ ... တွေ့ပြီ ကို၊ ကျွန်မ အရမ်း သဘောကျ တာပဲ"

"နောက်ထပ် ကူး လိုချင်ရင် ငါးလေးတွေ ထပ်ဝယ်ထည့် ပေးမယ်၊ ကူးပျင်းရင် ငါးလေးတွေကို ထိုင်ကြည့်ရင်း အစာကျွေးပေါ့"

"ကျေးဇူးတင်ပါတယ် ကို၊ ကျွန်မ အိပ်ပုပ်ကြီးနေတာနဲ့ ကို အစောကြီး လာသွားတာတောင် မသိလိုက်ဘူး၊ ကိုက နှိုးရောပေါ့ ..."

"မနှိုးရက်လို့ပေါ့ကွာ ..."

"ကိုကို တွေ့ပြီးတော့တောင် ကျေးဇူးတင်ကြောင်း မပြော လိုက်ရဘူး ..."

www.burmeseclassic.com



"ကူးက ကိုကိုတွေ့ပြီး ပြောချင်တာလား ..."

"ဟုတ်ကဲ့ ..."

"ဒါဆို ကူး မျက်စိမှိတ်လိုက်ပြီး ပြောရင် ရတာပဲ"

"ဘာဖြစ်လို့လဲ ..."

"မျက်စိမှိတ်လိုက်ရင် ကိုယ့်ကို ကူး မြင်ယောင်မိမှာပေါ့

အဲဒီလိုအချိန်မှာ ပြောရင် ကိုယ့်ကိုတွေ့ပြီး ပြောသလို

ပေါ့ ..."

"ဟုတ်လား ... ကူး မှိတ်ကြည့်လိုက်ဦးမယ်"

ကျွန်မက သူပြောသလို မျက်စိမှိတ်ကြည့်လိုက်

သည်။ သို့သော် သူ့ကို ကျွန်မ မမြင်မိတာမို့ ရယ်မောမိရင်း

"အားနာလိုက်တာ၊ ကျွန်မ မမြင်ဘူး၊ ချစ်သူတွေချင်း

တာ မြင်ယောင်သင့်တာပေါ့နော်၊ ကျွန်မက အတိတ်

လို့ မမြင်ယောင်တာလား မသိဘူး"

သူ့ဘက်က ရယ်မောသံသဲ့သဲ့ ကြားရကာ ...

"မြင်ယောင်တာတို့ဘာတို့က တင်စားချက်တွေပါ ကူး

ကိုယ်က ကူးကို နောက်တာပါ"

သူ့ ရယ်မောသံကို ကြားရတော့ ကျွန်မစိတ်





င်လန်းလာသည်။ ကျွန်မအတွက် တစ်ခုတည်းသော အားကိုးရာ

ဖြစ်နေလို့ပဲလားမသိ၊ ကျွန်မ သူ့ကို တွေ့ချင်နေမိသည်။

"ဟို ... ကို ဒီနေ့ ကျွန်မဆီ လာဦးမှာလား မသိဘူး"

"ကူးက လာစေချင်လို့လား ..."

"ဟုတ်ကဲ့ ... ကို လာရင် ကျွန်မ ပျော်တယ်၊ အားလည်း

ရှိတယ်"

"ကိုယ်လည်း ပျော်တာပါပဲ ကူးရယ်၊ ညနေကျ ကိုယ်

လာခဲ့မယ်နော်၊ ငါးလေးတွေ ကျွေးဖို့ အစာဘူးလေးတွေ

ကိုယ် ဝယ်လာခဲ့မယ်၊ ဒါပဲနော် ကူး ... ကိုယ် ဖုန်းချလိုက်

တော့မယ်"

"ခဏ ... ခဏလေး"

"ပြောလေ ကူး ... ဘာပြောမလို့လဲ"

"အရင်တုန်းကလေ ..."

"အင်း ... အရင်တုန်းက ဘာဖြစ်လဲ ... ပြော"

ကျွန်မက မရဲတရဲ ပြောနေတာမို့ သူက စကား

ထောက်ပေးနေသည်။

"အရင်တုန်းက ကျွန်မ ကိုကို ကျေးဇူးတင်ရင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပြန်လဲဟင်၊ ဟိုလေ ... မုန့်တွေ ဘာတွေ လုပ်ကျွေးတာ မျိုး၊ ဟင်းချက်ကျွေးတာမျိုးတွေ လုပ်လား ...”

“ဟင့်အင်း ... ကူးက ချက်မကျွေးပါဘူး၊ ကိုယ်ပဲ ချက် ကျွေးရတာ”

“ကိုက ချက်ကျွေးတယ် ၊”

“ဒါပေါ့ ... ကူးက ကိုယ့်ကို ကျေးဇူးတင်ရတိုင်း ကိုယ်က ကူးကို ဟင်းချက်ကျွေးနေကျ ...”

“ဟင် ... အထူးအဆန်းပါလား ...”

“ညနေကျရင် ကိုယ်ပဲ ချက်ကျွေးမယ်၊ ကူး ဘာစားချင်လဲ စဉ်းစားထား”

“လွယ်လွယ်ကူကူ ခေါက်ဆွဲကြော်ပဲ ကြော်ကျွေးပါ”

“အိုကေ ... အိုကေ ... ညနေတွေ့မယ်နော်”

“ဟုတ်ကဲ့ ... ကို”

သူ ဖုန်းချသွားတော့ ကျွန်မက ငါးကလေးတွေ ကူးခတ်နေတာကို ကြည့်ရင်း ပြုံးနေမိသည်။

ဘာမှ မမှတ်မိဘဲနဲ့တောင် ဒီလောက် စိတ်ချမ်းသာ စရာကောင်းတာ ...





အားလုံးသာ မှတ်မိရင် ကျွန်မ ဘယ်လောက်တောင် ပျော်ရွှင်ချမ်းမြေ့ရမှာပါလိမ့်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com



* * *

ညနေကျတော့ သူက ခေါက်ဆွဲကြော် ကြော်
ပစ္စည်းတွေ ဝယ်ခြမ်းကာ ကျွန်မဆီ ရောက်လာခဲ့ပါသည်။ ပြီးတော
မီးဖိုချောင်ထဲ ဝင်သွားကာ လုပ်ငန်းစသည်။

"ကျွန်တော်က ပြင်သစ်နိုင်ငံက လက်မှတ်ရ စားဖိုမှူးကြီ
ဦးနေသာ ဖြစ်ပါတယ်၊ နိုင်ငံတကာ ဟိုတယ်တွေ
လှည့်လည် အမှုထမ်းခဲ့ဖူးပါတယ်၊ ဒါပေမယ့် တရုတ်
ခေါက်ဆွဲကြော် တစ်မျိုးပဲ အရသာရှိအောင် ကြော်တတ်
အလုပ်ပြုတ်ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော် အားမလျှော့
ပါဘူး၊ အီဆီယိုးပီးယားကို စားဖိုမှူးလုပ်ဖို့ သွားခဲ့ပါသေး
တယ်၊ ဒါပေမယ့် ကြော်စရာ ခေါက်ဆွဲ ရှားလို့ ပြန်လာ
ရပါတယ်၊ ခုတော့ ကောင်းကောင်း မကောင်းကောင်





ကြိတ်မှိတ်စားပေးမယ့် ကျွန်တော့် ချစ်သူလေး အားကိုးနဲ့ ကျွန်တော့် ပညာတွေကို အစွမ်းကုန် ထုတ်သုံးရပါတော့မယ် ..."

သူက ဗရွတ်ဗရွတ်တွေပြောပြီး အေပရွန်ကို လွှားခနဲယူကာ ခါးမှာစည်းလိုက်ပြီး လက်သုတ်ဝတ်ကို ခေါင်းမှာ ပတ်ချည်ကာ သံယောက်မကြီးဖြင့် ဒယ်အိုးကို ဒေါင်ခနဲ ခေါက်လိုက်သေးတာမို့ ကျွန်မ အူတက်မတတ် ရယ်မောနေရသည်။

သူက ပြုတ်ထားသည့် ခေါက်ဆွဲတွေကို ဇကာဖြင့် စစ်ယူပြီး ခေါက်ဆွဲတစ်ဖတ် ယူမြည်းရင်း ...

"အင်း ... နည်းနည်းတော့ ပျော့သွားသလိုပဲ၊ ဟဲ ဟဲ ..."

"ဟုတ်မှလည်း လုပ်ပါ ကိုရယ်၊ တကယ်ရော ကြော်တတ်လို့လား"

"ခေါက်ဆွဲကြော်တာပဲ ဘာခက်လို့လဲ ..."

သူက ဒယ်အိုးထဲ ဆီတွေထည့်ပြီး တရှဲရှဲကြော်တော့သည်။ ကြော်ရင်းက အဆက်မပြတ်လည်း မွှေသေးရာ ခေါက်ဆွဲဖတ် ပျော့ပျော့တွေက အတစ် အတစ် ပြတ်ကုန်သည်။ ပုံမကျပန်းမကျ အကြီးအသေးမညီသော ဂေါ်ဖီတွေ၊ မုန်လာဥနီ



www.burmeseclassic.com

www.burmeseclassic.com



တွေက ခေါက်ဆွဲပြိုပြိုတွေနှင့် ရောပေါင်းကာ ဂျပ်ခဲကြီး ဖြစ်နေသည်။

သူ ခေါက်ဆွဲကြော် ကြော်နေတဲ့ပုံက ဟာသမြောက်လွန်းတာမို့ ကျွန်မက ဓာတ်ပုံရိုက်ထားဖို့ စိတ်ကူးရကာ ...

"ကိုရေ ... ကို့ဖုန်း ဘယ်မှာလဲ၊ ကို့ဖုန်းက ဓာတ်ပုံရိုက်လို့ ရတယ် မဟုတ်လား၊ ကို့ပုံကို ကျွန်မ ဓာတ်ပုံရိုက်ထားပေးမယ်"

"အိမ်ရှေ့ စားပွဲမှာ တင်ထားတယ်၊ ကူး သွားယူ၊ ဘယ်လိုရိုက်ရတယ်ဆိုတာ ကိုယ် ပြောပြမယ်"

သူက ဒယ်အိုးထဲ မွှေနှောက်ရင်း လှမ်းပြောတာမို့ ကျွန်မ သူ့ဖုန်းကို သွားပြေးယူမိသည်။

သူ့ဖုန်းကလေးကို ဖွင့်လိုက်စဉ်မှာ ဖုန်းရဲ့ Screen မှာ ပေါ်လာသော ကျွန်မ ပုံရိပ်ကလေးကို တွေ့လိုက်ရလေသည်။

ကျွန်မ အံ့အားသင့် ပျော်ရွှင်သွားမိသည်။

သူ့ဖုန်းထဲမှာ ကျွန်မပုံလေးကို ထည့်ထားခဲ့တာ ...။ သူ ကျွန်မကို ဘယ်လောက်တောင် အလေးအနက်ထားပြီး ချစ်ခဲ့တာပါလိမ့်။ ဘယ်လိုမျိုး ကဗျာဆန်ဆန် အပြုအမူလေးတွေနဲ့ ကျွန်မကို နှစ်သိမ့်ပျော်ရွှင်စေခဲ့တာပါလိမ့်။





ပျော်စရာကောင်းမှာ သေချာသော အတိတ်ကို ကျွန်မ မှတ်မိချင်လာသည်။ စဉ်းစားကြည့်တော့လည်း ခေါင်းတွေသာ မူးလာသည်။

ဒီပုံလေးကို သူ ဘယ်တုန်းက ဘယ်နေရာမှာ ရိုက်ခဲ့တယ်ဆိုတာလေးတောင် ကျွန်မ သတိမရ။

ကျွန်မက သူ့ဆီ လျှောက်သွားကာ ဖုန်းထဲက ကျွန်မပုံလေးကို မြှောက်ပြရင်း ...

"ကို ... ဒီပုံလေးက ဘယ်တုန်းက ရိုက်ထားတာလဲ ..."

ရုတ်တရက် ဒယ်အိုးမွှေသံ ပျောက်သွားသည်။ သူက ခဏငြိမ်သက်သွားပြီးမှ ...

"ကူးကို စချစ်မိတဲ့နေ့က ရိုက်ထားတာ"

"ဘယ်တုန်းက စချစ်တာလဲ ..."

"စတွေ့တွေ့ချင်းကတည်းက ..."

ကျွန်မ စိတ်ထဲ ကြည်နူးသွားကာ ပြုံးနေမိသည်။ သူက ဓာတ်ပုံရိုက်ဖို့ ခလုတ်တွေ ပြောပြတော့ ကျွန်မက သေသေချာချာ မှတ်ပြီး သူ့နားသွားရပ်ကာ နှစ်ယောက်အတူ ဓာတ်ပုံ ရိုက်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံကတော့ ဟိုတယ်ပိုင်ရှင် သူဌေးမလေးနဲ့ သူ့ စားဖိုမှူးကြီးရဲ့ ပုံပဲ ဖြစ်ပါတယ် ခင်ဗျာ"

သူက အဲဒီလိုလည်း အော်လိုက်သေးတာမို့ ကျွန်မ ရယ်မောရပြန်သည်။

ကိုယ့်ကို အမြဲလို ရယ်မောပျော်ရွှင်စေတဲ့ ချစ်သူတစ်ယောက် ရခဲ့တာ ကျွန်မ သိပ်ကံကောင်းခဲ့လို့ပေါ့ ...။

ခေါက်ဆွဲကြော်အိုးကျတော့ သူက မျက်နှာကို ရှုံ့မဲ့ကာ ...

"ဒုက္ခပဲ ...၊ ပြကုန်ပြီ ဘယ်လိုလုပ်ရမလဲ ..."

"ဒါလည်း စားလို့ ဖြစ်တာပါပဲ ကိုရယ်၊ ခါးလိုက်ရင်လည်း ဒီလို ပြသွားမှာပဲဥစ္စာ၊ အဝါးရတောင် သက်သာသေး ..."

"ကူး တကယ် စားနိုင်လို့လား"

"ဘာလို့ မစားနိုင်ရမှာလဲ၊ ကိုလည်း စားမယ်မဟုတ်လား၊ အတူတူ စားမယ်လေ"

"အင်းလေ ...အတူတူစားရင်တော့ စားလို့ဝင်မှာပါ၊ ကိုယ်တစ်ယောက်တည်းဆိုရင်တော့ စားဝင်ဖို့ မသေချာဘူး"





သူက ခေါက်ဆွဲကြော်တွေကို ပန်းကန်ထဲ ထည့်နေဆဲ ဒေါ်ယုက မီးဖိုချောင်ထဲ ဝင်လာတာမို့ ကူးက လှမ်းခေါ်သည်။

"ဒေါ်ယု ... လာလေ၊ စားပါဦး"

ဒေါ်ယုက ခေါက်ဆွဲကြော်အိုးကို ငုံ့ကြည့်ပြီး ရှုံ့မဲ့သွားကာ ...

"ဒေါ်ယု အနားမှာက ချစ်သူမရှိတော့ စားဝင်မယ် မထင်ပါဘူးကွယ်"

ဟု ပြောကာ ပြန်ထွက်သွားတာမို့ ကျွန်မတို့ နှစ်ယောက် ပြိုင်တူ ပခုံးတွန့်ကာ ရယ်မိကြသည်။

"ကူးရေ ... တစ်ပန်းကန်တည်းပဲ ထည့်ပြီး အတူတူစားရအောင် ..."

"ကို့ သဘောလေ ..."

ကျွန်မတို့ နှစ်ယောက်ရဲ့အလယ်မှာ ကိုက ပန်းကန်ပြားကြီးကို ချလိုက်ပြီး နှစ်ယောက် ခေါင်းချင်းဆိုင်ကာ ခပ်စားလိုက်ကြသည်။

ခေါင်းချင်းဆိုင် စားနေရင်း သူက ကျွန်မရဲ့ နဖူး



www.burmeseclassic.com

www.burmeseclassic.com



ကို သူ့နဖူးနှင့် ကြိတ်၍တိုက်လိုက်တာမို့ ကျွန်မလည်း ခေါင်းဖြင့် ပြန်ဖိတွန်းလိုက်မိသည်။

ထိုခဏမှာ သူက ကျွန်မ စိတ်ထဲကို ရင်းရင်းနှီးနှီး နေရာယူသွားသည်။

♥ ♥ ♥





✺ ✺ ✺

တဖြည်းဖြည်းနှင့်ပင် ကျွန်မသည် အတိတ်ကို သတိ
တဲလည်း သူ့ကို ကျွန်မရဲ့ ချစ်သူတစ်ယောက်ဟုပင် ခံစား
ရလေသည်။ ဒေါ်ယုကတောင် ကျွန်မတို့ နှစ်ယောက်ကို
ပန်လာသည်။

"သမီးတို့နှစ်ယောက်ကို ကြည့်ရတာ အရမ်းချစ်ကြတဲ့ ချစ်သူစုံတွဲလေးတွေလိုပါပဲကွယ်၊ အစပိုင်းတုန်းကတော့ သမီး ပုံစံက နည်းနည်းစိမ်းတယ်၊ ခုတော့ ဒီလိုမဟုတ်တော့ဘူး၊ သမီး မျက်လုံးတွေထဲမှာ အချစ်ကို တွေ့နေရသလိုပဲ၊ ဟင်း ... ဟင်း ... ဒေါ်ယုလည်း ငယ်ရာက ကြီးလာတာဆိုတော့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုက ဒီလိုပြောလျှင်တော့ ကျွန်မက ရှက်သွားကာ ဒေါ်ယုနားက ထွက်ထွက်ပြေးမိသည်။

သူကတော့ ကျွန်မကို အရိပ်တကြည့်ကြည့် ဂရုစိုက်မြဲပင် ...။

တစ်နေ့တော့ ကျွန်မတို့နှစ်ယောက် ငါးကန်ဘေးမှာ ထိုင်ကာ ငါးလေးတွေကို ကြည်နူးစွာ ငေးကြည့်နေမိကြသည်။

ကြည်လင်သော ရေထဲက ကျောက်ခက်လေးတွေကြားမှာ ငါးကလေးတွေ ကူးခတ်သွားလာနေသည့် မြင်ကွင်းကို သူနဲ့အတူ ကြည့်နေရသည့် အခြေအနေလေးကပင် ကျွန်မကို ကြည်နူးနေစေသည်။ ကျွန်မတို့နှစ်ယောက်လုံး ကြည်နူးမှု ကူးစက်ကာ ပြုံးပြုံးကလေးတွေ ဖြစ်နေသည်။

ကျွန်မက ငါးလေးတွေ ကပ်လာသည့် မှန်နံရံကို လက်ညှိုးလေးဖြင့် လိုက်လိုက်တို့နေရင်း သူ့ကို မေးမိသည်။

"ကို ... ဒီငါးလေးက ပြားပြားချပ်ချပ်လေးတွေနော်၊ ဘာငါးလဲဟင် ..."

"အဲ့ဒါ Discus ငါးလို့ခေါ်တယ် ကူးရဲ့၊ သူတို့က တစ်





ကောင် ခေါင်းတည်တဲ့ဘက်ကို တစ်ကောင်က လိုက်ကူးတတ်တော့ ကူးနေရင် အုပ်လိုက်ကလေးတွေပဲ၊ သိပ်ကြည့်လို့လှတယ် ..."

"ဟယ် ... ဟိုမှာကြည့်စမ်း ကို ...၊ ဟိုငါးနှစ်ကောင်က သပ်သပ်ခွဲထွက်ပြီး ထောင့်နားမှာကပ်နေတယ်၊ ဟော ... ဟော ... ကြည့်စမ်း သူတို့က ကျန်တဲ့ ငါးတွေကို မောင်းထုတ်နေသလိုပဲ၊ ဘာဖြစ်လို့လည်း မသိဘူးနော် ကို"

သူက ပြုံးလိုက်ရင်း ...

"ချစ်သူတွေ့သွားလို့လေ ..."

"ချစ်သူတွေ့တယ် !"

"ဟုတ်တယ် ... သူတို့ချင်း ချစ်သူတွေ ဖြစ်သွားကြလို့ ကျန်တဲ့ကောင်တွေကို မောင်းထုတ်ကြတာ"

"ငါးတွေမှာလည်း အဲဒီလို ရှိတာပါ ...၊ ဟုတ်ရော ဟုတ်ရဲ့လား ကိုရယ်၊ ကို လျှောက်ပြောနေတာများလား"

"ဟုတ်ပါတယ် ကူးရဲ့၊ ကိုယ် စာအုပ်တွေထဲမှာလည်း ဖတ်ဖူးတယ်၊ ဒီ Discus ငါးတွေရဲ့ သဘာဝကိုက အဲဒီအတိုင်းပဲ၊ အရွယ်ရောက်ပြီဆို သူတို့ချင်း သဘောကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိုးနဲ့ အမက သပ်သပ်ခွဲပြီး သီးသန့်နေကြတာ၊ ကူး

မယုံလို့လား၊ ငါးတွေမှာလည်း အချစ်ရှိပါတယ်ကွ ...”

“အံ့သြစရာနော် ...”

“အချစ်မှာ အံ့သြစရာတွေ အများကြီး ရှိနေတတ်ပါတယ်

ကူးရယ်”

သူက တိုးတိုးလေး ညည်းညူသလိုပြောရင်း ငါး

လေးတွေကို ငေးကြည့်နေတော့ ကျွန်မက သူ့ကိုငေးကြည့်မိသည်။

ကျွန်မက ငါးလေးတွေကို ပြန်ငေးနေတော့ သူက ကျွန်မ

ငေးကြည့်လာပြန်သည်။ နောက်တော့ နှစ်ယောက်စလုံး အကြည့်

ချင်းဆုံပြန်တာမို့ ကျွန်မက ရှက်ရွံ့ထူပူကာ ခေါင်းငုံ့ချလိုက်မိ

သည်။

“ကူး ... ဒီမှာကြည့်စမ်း”

သူခေါ်တော့မှ ကူးက မော့ကြည့်မိသည်။ သူက

နှစ်ကောင်တည်း တွဲနေသော ငါးနှစ်ကောင်ကို လက်ညှိုးလေးဖြင့်

ထောက်ပြရင်း ...

“အဲဒီ ငါးလေးက ကူးပေါ့၊ ဒါက ကိုယ် ...”

ကျွန်မက သူ့ကို မျက်စောင်းထိုးရင်း ရှက်စနိုးစိတ်

ဖြင့် ပြုံးငုံ့နေမိသည်။





ခဏကြာတော့မှ ကျွန်မက သူ့ကိုမေးမိသည်။

“ကို ... ကျွန်မက အရင်တုန်းက ဘယ်လို မိန်းကလေး

မျိုးလဲဟင်”

သူက ချက်ချင်းမဖြေဘဲ ကျွန်မကို သတိလက်လွတ်

မောသွားပြီး ခဏကြာတော့မှ ...

“ကူးက အရမ်းချစ်စရာကောင်းတဲ့ မိန်းကလေးပေါ့”

“ဘယ်လို ချစ်စရာကောင်းတာလဲ ...”

“ဖြူစင်တယ်၊ ရိုးသားတယ်၊ ပြီးတော့ ချစ်သူအပေါ် အရမ်း

သစ္စာရှိတယ်၊ ကူး ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော၊ ဘယ်လို

ပဲနေနေ အမြဲပဲ ချစ်စရာကောင်းနေတတ်တယ်”

“မြှောက်များ ပြောနေတာလား မသိပါဘူးနော်”

ကျွန်မက ညည်းညူသလို ပြောမိတော့ သူ့ဆီက

သက်ပြင်းချသံ ဖွဖွလေးကို ကြားရသည်။

သူ ဘာကြောင့် သက်ပြင်းချရသလဲတော့ ကျွန်မ

သိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

သူပြန်သွားပြီး ကျွန်မ တစ်ယောက်တည်း ရှိနေသည့် အချိန်တွေမှာတော့ စဉ်းစားစရာကိစ္စတွေက ကျွန်မ ခေါင်းထဲ ရောက်ရောက်လာတတ်လေသည်။

သူ့ကိုမေးမိသည့် မေးခွန်းတွေအပြင် ကျွန်မမှာ သိချင်တာတွေ အများကြီး ကျန်သေးသည်။

ကျွန်မ အံ့သြရသော ကိစ္စတစ်ခုမှာ ကျွန်မထံသို့ ဘယ်အသိမိတ်ဆွေမှ ရောက်မလာကြခြင်းနှင့် ကိုထံမှ ဖုန်းတာ လွဲရင် ဘယ်သူ့ဆီက ဖုန်းကိုမှ လက်ခံမရရှိခြင်း ဖြစ်သည်။

ကျွန်မ အတိတ်မမေ့ခင်က ခင်မင်ရင်းနှီးခဲ့သူများနှင့် တွေ့လျှင် အတိတ်အကြောင်းတွေကို တစ်ခွန်းတစ်စ စဉ်းစားလို့ ရလေမလားဟု ကျွန်မ မျှော်လင့်မိခဲ့သော်လည်း ကျွန်မထံသို့





ဘယ်သူကမှ ဆက်သွယ်မလာခဲ့ချေ။ ကျွန်မက ဒေါ်ယုကိုသာ ခဏခဏ မေးမိနေသည်။

"ဒေါ်ယု ကျွန်မ ဖုန်းလာလားဟင်"

"မောင်နေသာ့ဆီက လာတယ်လေ"

"သူ့အပြင် တခြားတစ်ယောက်ယောက်ဆီကရော မလာဘူးလား"

"မလာဘူးကွယ် ..."

"ထူးဆန်းလိုက်တာ၊ ကျွန်မမှာ ဖုန်းဆက်မယ့် သူငယ်ချင်း တစ်ယောက်တလေတောင် မရှိတော့ဘူးလား"

ကျွန်မ တစ်ယောက်တည်း ညည်းတွားမိသည်။ စိတ်ထဲမှာ ထူးဆန်းသလိုမျိုး ခံစားရသည်။

"ကျွန်မ အခန်းထဲမှာ အိပ်နေတုန်း ဧည့်သည်လေး တစ်ယောက်တလေတောင် မလာဘူးလား ဒေါ်ယု"

"မလာဘူးကွယ်"

"အိမ်နီးနားချင်းတွေလည်း မလာကြဘူးနော်၊ ဆက်ဆံရေး ကျဲလိုက်ကြတာ ..."

ကျွန်မက ညည်းညည်းညူညူလေး ပြောပြီး ခြံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ဖို့ ဆင်းလာခဲ့သည်။ ဒေါ်ယုကတော့ မီးဖိုချောင်ထဲ ဝင်သွားသည်။

ကျွန်မ တစ်ယောက်တည်း ခြံထဲမှာ လမ်းလျှောက်ရင်း ပတ်ဝန်းကျင်ကို စူးစမ်းချင်စိတ် ဖြစ်လာသည်။ ခြံပတ်ပတ်လည်မှာက အုတ်တံတိုင်းမြင့်မြင့်တွေ ကာရံထားတာမို့ အေးပတ်ဝန်းကျင်က ခြံတွေကိုလည်း မမြင်ရပါ။

ကျွန်မက ခြံပြင်ဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်ထွက်လာခဲ့သည်။ ကျွန်မကို တစ်ယောက်ယောက်ကများ လှမ်းနှုတ်ဆက်လိုက်လေမလား။ အဲဒီလိုဆို ... အဲဒီလူဆီမှာ ကျွန်မအကြောင်းတွေ မေးချင်သည်။

ကျွန်မ လျှောက်လာနေဆဲမှာ ကိုကားက ကျွန်မတို့ခြံရှေ့ လမ်းထဲ ကွေ့ဝင်လာတာ တွေ့လိုက်ရသည်။ ကိုက ကားရပ်ပြီး ကျွန်မထံ အပြေးတစ်ပိုင်း လျှောက်လာကာ ...

"ကူး ... ဘယ်သွားမလို့လဲ"

"ဒီနားဟိုနား လမ်းလျှောက်ကြည့်မလို့လေ"

"သိပ်လည်း နေမကောင်းသေးဘဲနဲ့ကွာ၊ ခေါင်းမူးပြီး လဲပြိုနေရင် ဘယ်လိုလုပ်မလဲ၊ လာ ... လာ ... ကားပေါ်တက်၊ ပြန်ရအောင်"





"ကျွန်မ နေကောင်းနေပြီပဲ ကိုရဲ့၊ အတိတ်ကို သတိရတာကလွဲရင် လူကအကောင်းပဲ ..."

"လာပါ ကူးရာ၊ အဲဒီလို လျှောက်သွားတာ ကိုယ် စိတ်မချလို့ပါ"

"ဟင့်အင်း ... ကျွန်မ လျှောက်ကြည့်ဦးမယ်၊ လူတွေနဲ့လည်း တွေ့ချင်တယ်"

"လူတွေနဲ့ တွေ့ချင်တယ် !"

"ဟုတ်တယ် ကို၊ ကျွန်မကို သိကြတဲ့ လူတွေနဲ့ ကျွန်မ တွေ့ချင် စကားပြောချင်တယ်၊ ကို့ဆီက ချစ်သူ တစ်ယောက်အပေါ် မြင်တဲ့အမြင်အပြင် တခြား ရိုးရိုးမိတ်ဆွေတွေရဲ့ အမြင်ကိုပါ သိချင်တယ်၊ ကိုကတော့ ကို့ချစ်သူမို့လို့ ကျွန်မကို ချစ်စရာကောင်းတယ်လို့ မြင်ပေမယ့် တခြားသူတွေအမြင်မှာ ကျွန်မက ပုပ်ပုပ်စပ်စပ် ကောင်မလေး တစ်ယောက် ဖြစ်ချင်ဖြစ်နေမှာပေါ့၊ သူတို့တွေဆီက ကျွန်မအကြောင်းကို မေးကြည့်ရင်း တစ်ခုခုကို ပြန်သတိရမလားလို့ မျှော်လင့်မိတာလေ ..."

"လာပါ ကူးရယ်၊ ကိုယ်လာတုန်း ငါးလေးတွေကို အတူတူ အစာကျွေးရအောင်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကို ... ကျွန်မက အရင်က ဘာအလုပ်လုပ်လဲဟင် ..."

"အင်း ... ကူးက သင်တန်းတွေ တက်တယ်လေ"

"သင်တန်းတွေပဲ လျှောက်တက်နေတာလား၊ အလုပ် တစ်ခုခု မလုပ်ဘူးလား၊ ကျွန်မ ဘယ်က ပိုက်ဆံနဲ့ သုံးစွဲနေတာလဲ ..."

"ဒါလား ... အင်း ... ကူးမှာ ကော်ဖီဆိုင်လေး တစ်ဆိုင် ရှိတယ်၊ အရင်တုန်းက ကူး ကိုယ်တိုင် အဲ့ဒီဆိုင်ကို ဦးစီးတယ်၊ နောက်တော့ ဆိုင်ကို ငှားထားပြီး အဲဒီက ရတဲ့ ပိုက်ဆံနဲ့ သုံးစွဲတာပေါ့"

"အဲ့ဒီဆိုင်က လူတွေနဲ့ ကျွန်မ တွေ့ချင်တယ်"

"သူတို့က ကူးကို ဘယ်သိမလဲ၊ ဝန်ထမ်းတွေက အမြဲ အဝင်အထွက်ရှိတာပဲ၊ ပိုင်ရှင်အသစ်က ဦးစီးနေတာဆို တော့ ကူး အုပ်ချုပ်တုန်းက ဝန်ထမ်းတွေလည်း ရှိချင်မှ ရှိတော့မှာ၊ အဲ့ဒီဆိုင်ငှားခတွေကို ကိုယ်ပဲ ယူပြီး ကူး ဆေးကုစရိတ်တွေ၊ အသုံးစရိတ်တွေ ဖြည့်ပေးနေတာပေါ့"

"ကို ပြောသလိုဆို ကျွန်မက ညံ့တော့ မညံ့ဘူးနော်၊ ဒီအရွယ်နဲ့ ဒီလိုဆိုင်မျိုးကို အုပ်ချုပ်ဖူးတယ်ဆိုတော့ ..."





"ဒါပေါ့ ... ကူးက မညံ့ပါဘူး၊ တော်တယ်၊ ထက်တယ်၊ ကြိုးလည်း ကြိုးစားတယ်"

"ကိုက ကျွန်မကို အမြဲ အကောင်းချည်း ပြောနေတာပဲ၊ ဪ ... ဒါနဲ့ ကိုကို ပြောရဦးမယ်၊ ကျွန်မ ခုတလော စဉ်းစားမိနေတာ၊ ကျွန်မဆီကို ဘယ်ကမှ ဖုန်းမလာတာ ကျွန်မစိတ်ထဲမှာ ထူးဆန်းနေသလိုပဲ၊ ပြီးတော့ ကျွန်မအိမ် ကို ဘယ်သူမှလည်း မလာကြဘူး"

သူ့မျက်လုံးထဲမှာ အရောင်တစ်မျိုး တွေ့ရသည်။ ကျွန်မ မဖေခွဲတတ်တဲ့ အရောင်မျိုးပေါ့။

သူက ကျွန်မကို သနားကြင်နာသော အကြည့်မျိုး ဖြင့် ကြည့်ရင်း ...

"အရင်က ကူး အိမ်မှာ ဖုန်းမရှိဘူးလေ၊ ကူး ဆေးရုံက ဆင်းကာနီးတော့မှ CDMA ဖုန်းတစ်လုံး ကိုယ် ဝယ်ပေး လိုက်တာ၊ ကူးဆိုင်ငှားခရတဲ့ ပိုက်ဆံထဲကပဲ ဝယ်လိုက် တာပါ၊ အဲဒါကြောင့် ကူး ဖုန်းနံပါတ်ကို ဘယ်သူမှ မသိကြတာပေါ့ ..."

ကျွန်မက မျက်နှာလေးကို ရှုံ့မဲ့မိရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကျွန်မက ပိုက်ဆံရှိတယ်သာ ဆိုတယ်၊ ဖုန်းကလေး တစ်လုံးတောင် မကိုင်နိုင်ခဲ့ဘူးလား ..."

"ကူး ကိုင်တဲ့ ဟန်းဖုန်းက ကားအက်ဆီးဒင့်ဖြစ်တုန်းက ပျက်စီးသွားတယ်၊ ကတ်အသစ် လျှောက်ဖို့ကိစ္စတွေ ကိုယ်သွားမလုပ်အားသေးလို့ ..."

"ကျွန်မဆီ ဖုန်းဆက်လို့ မရရင် အိမ်ကိုတော့ လာကြရမှာပေါ့ ... ခုတော့ ..."

"လူတွေကလည်း ကိုယ့်အလုပ်နဲ့ကိုယ် မဟုတ်လား ကူးရယ်၊ ပြီးတော့ ကူး ဒီလိုဖြစ်တာကို မသိကြလို့ နေမှာပေါ့"

"အိမ်နီးနားချင်းတွေကလည်း ကျွန်မဆီ မလာကြပါဘူး"

"ခြံဝန်းကျယ်ကျယ်နဲ့ သီးသန့်နေကြတာဆိုတော့ တော်ရုံလည်း ဘယ်သူ ဘာဖြစ်နေတယ် ဘယ်သိကြမလဲ ကူးရဲ့"

"ကျွန်မတော့ အိမ်မှာချည်း နေရတာသိပ်ပျင်းတာပဲ"

"ကူးအတွက် အဖော်လေးတွေ ပို့ထားတာပဲ၊ ပျင်းရင် သူတို့ကို အစာကျွေးပေါ့"

"အဲဒီလိုချည်းပဲ နေရရင်လည်း ပျင်းသွားပြန်ရော"

"ဒါဆို ကူးနဲ့အတူ ခြံထဲမှာ လမ်းလျှောက်ဖို့ အဖော်လေး ခေါ်ခဲ့ပေးဦးမယ်"





"ဘယ်လိုအဖော်မျိုးလဲ"

"ပြောမပြသေးဘူးလေ ..."

"ကိုက ဒီအတိုင်းချည်းပဲ"

"လာပါ ကူးရာ၊ အိမ်ထဲဝင်ကြရအောင်လေ၊ ကူးပျင်းရင် နောက်မှ အပြင်ထွက်ဖို့ ကိုယ် လာခေါ်ပါ့မယ်၊ ဒါနဲ့ ဟို Discus ငါး နှစ်ကောင်ရော ဘယ်လိုလဲ၊ ချစ်ချစ်ခင်ခင်ပဲလား"

"ချစ်ခင်ပါ့၊ သူတို့နှစ်ကောင်ပဲ တတွဲတွဲနဲ့၊ သူတို့အုပ်စု အနားကပ်လာရင် မကြည်ဘူး သိလား"

ကျွန်မက ကို့ မျက်နှာကို မော့ကြည့် မော့ကြည့် ပြောပြနေရင်း အိမ်ထဲသို့ ဝင်လာခဲ့သည်။

ကို့ကို တွေ့ခိုက်မှာ စိတ်ထဲမှာ ကြည်နူးချမ်းမြေ့ရတာမို့ စောစောတုန်းက သိချင်ခဲ့သမျှ အကြောင်းအရာတွေကိုတောင် မေ့လျော့သွားသည်။

လောလောဆယ်မှာတော့ ကိုနဲ့ ကျွန်မရဲ့ ချစ်ခဲ့ကြတဲ့ အကြောင်းကိုသာ သိချင်မိလေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

"ကို … အရင်တုန်းက အကြောင်းတွေ ပြောပြပါလားဟင်"

"ဘာအကြောင်းလဲ ကူးရဲ့"

"ကိုနဲ့ ကျွန်မနဲ့ ချစ်ခဲ့ကြတဲ့ အကြောင်းပေါ့"

ကြည်လင်စိမ်းလဲ့နေသော ရေထဲမှာ ကူးခတ်နေသည့် ချစ်သူစုံတွဲ ငါးကလေးနှစ်ကောင်ကို ငေးကြည့်ရင်း ကျွန်မက သူ့ကို မေးခွန်းထုတ်မိလေသည်။

"အဟင်း …"

သူက အသံထွက်၍ပင် ပြုံးလိုက်တာမို့ ကျွန်မက သူ့ကို လှည့်ကြည့်မိသည်။ ကျွန်မ မေးခွန်းက သူ့ကို ဘယ်လောက်တောင် ကြည်နူးစေခဲ့သလဲ မသိ။ သူ့မျက်နှာက ကြည်လင်တောက်ပကာ မျက်လုံးလေးတွေပင် အရည်လည်လာသည်။





ကျွန်မတို့ ချစ်ခဲ့ကြတဲ့ အတိတ်ဟာ အရမ်းပျော်စရာကောင်းမှာပဲဆိုတာ သူ့အပြုံးကိုမြင်ရုံနှင့် သိနိုင်သည်။

သူက နူးညံ့တိုးတိတ်စွာ စ,တင်ပြောပြခဲ့ပါသည်။

"ကိုယ်တို့ နှစ်ယောက်ကြားက အမှတ်တရတွေက အရမ်းရယ်စရာကောင်းတယ် ကူးရဲ့၊ အဲဒီတုန်းကဆို ကိုယ်က ကူးကို သိပ်နောက်ချင်တာပဲ၊ ကူးရဲ့ ပါးဖောင်းလေးတွေကို ကူး အလစ်မှာ ဘောလ်ပင်နဲ့ လိုက်လိုက်တို့တာပဲ …"

"ကိုကႏ ဇရတ်ပဲ …"

"ကူးကိုတွေ့ရင် အဲလို ဇရတ်ကျချင်နေတာလေ၊ ကူး ငိုက်ရင်လည်း ကိုယ် အရမ်းရယ်ချင်တယ်၊ အဲဒီပုံလေးကို ချစ်လည်းချစ်တယ်၊ ကူး ငိုက်နေတုန်းမှာ ကူးပါးဖောင်းဖောင်းကလေးမှာ အသည်းပုံလေးတွေ ခိုးဆွဲခဲ့ဖူးတယ်"

"ဟင် … အဲဒါတောင် ကျွန်မက မနိုးဘူးလား"

"မနိုးပေါင်ဗျာ … ကူးက တကယ့် အိပ်ပုပ်လေးပဲ၊ ကိုယ့်မှာကလည်း ငိုက်တဲ့သူတွေ့ရင် အနားသွားကပ် အော်နှိုးလိုက်ချင်တဲ့ အကျင့်ရှိတော့ ကူးနားကပ်ပြီး 'ဟော့ … နှစ်သစ်ကူး' လို့ အော်ပစ်လိုက်တော့မှ နိုးသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ကျွန်မက စိတ်ဆိုးလား"

"ဆိုးတာပေါ့ ... စိတ်ဆိုးဆိုးနဲ့ ထထွက်သွားတာ၊ ကူးပါး က အသည်းပုံတွေကို ကြည့်ပြီး လူတွေက ပြုံးစိပြုံးစိ ဟား ... ဟား ... တကယ် ရယ်ရတာ"

သူက အော်ရယ်လိုက်တာမို့ ကျွန်မလည်း သူနဲ့ အတူ လိုက်ရယ်ရင်း အတိတ်ကို မှတ်မိလာနိုး ပြန်စဉ်းစားသော် လည်း မမှတ်မိ။ မမှတ်မိဘဲနဲ့တောင် သူပြောပြတာကို နားထောင် ရင်း ကျွန်မ အရမ်းပျော်နေခဲ့သည်။ သူ့ပုံစံကလည်း စိတ်ပါ လက်ပါ ပြောရင်း တက်ကြွနေသည်။

"တစ်ခါတုန်းကဆို သင်တန်းမှာ ပွဲတစ်ခုလုပ်ဖို့ စီစဉ်ကြ တော့ ကူးက ပူဖောင်းတွေ ထိုင်မှုတ်နေတာ၊ ပါးနှစ်ဖက် က လေတွေပြည့်ပြီး ဟောဒီလို ဟောဒီလို ဖောင်းကား လာရောကွာ ..."

သူက သူ့ပါးနှစ်ဖက်ကို ဖောင်းပြလိုက်သေးသည်။

"အင်း ... အဲဒီတော့ ကိုက ဘယ်လို ဇရုတ်ကျရောလဲ"

"ဘာရမလဲ ... ကူးမှုတ်နေတဲ့ ပူဖောင်းကို ဘောလ်ပဲန်နဲ့ ထိုးဖောက်ပစ်လိုက်တာပေါ့၊ ကူးက အမလေးဆိုပြီး ကြော် အော်ပစ်လိုက်တော့ အားလုံးက ကူးကို ဝိုင်းရယ်ကြ ရော ..."

"ကို တော်တော်ဆိုးခဲ့တာပဲ ..."

"ပြီးတော့ ရှိသေးတယ်၊ ကိုယ်က ကူးရဲ့ ကော်ဖီဆိုင်လေး ရှေ့က မှန်တံခါးမှာ အသည်းပုံလေးတွေ သွားသွားဆွဲပြပြီး ဟောဒီလို လုပ်ပြသေးတာ ..."

သူက လက်နှစ်ဖက်ကို ခေါင်းပေါ်မြှောက်လိုက်ပြီး အသည်းပုံဖြစ်အောင် သရုပ်ဖော်နေသေးတာမို့ ကျွန်မက သူ့ပုံကို ကြည့်ပြီး ရယ်ရပြန်သည်။ ပြီးတော့ အသိချင်ဆုံး မေးခွန်းကို အရဲစွန့် မေးလိုက်ပါသည်။

"ကို ... ကျွန်မကို ဘယ်လို ရည်းစားစကား ပြောခဲ့တာလဲ"

"လူတွေ အများကြီးရှေ့မှာ အခု ငါ အပြစ်ကင်းစင်တဲ့ ပုံစံလေးနဲ့ မိန်းမငယ်လေး တစ်ယောက်ကို တွေ့ပြီလို့ ပြောပြီး I love you လို့ တစ်ခါတည်း ပြောချလိုက်တယ် လေ"

"တကယ် !"

"တကယ်ပေါ့ ..."







www.burmeseclassic.com

www.burmeseclassic.com



"ကိုက တကယ့် ဇရုတ်ပဲကွာ၊ သူများတွေကြားကုန်တော့ ရှက်စရာကြီးပေါ့"

ကျွန်မက လူအများရှေ့မှာ ခုပဲ ရည်းစားစကား ပြောခံရသလို ရှက်ရွံ့ထုပ္ပလာခဲ့ပါသည်။

သူ့ထံက ကြည်နူးမှုတွေက ကျွန်မထံသို့ပါ ရိုက်ခတ်လာသည်။

ကျွန်မက တက်တက်ကြွကြွ ရယ်ရယ်မောမော ပြောပြနေသော ကိုကို စိတ်မကောင်းစွာ စိုက်ကြည့်လိုက်ရင်း…

"ကျွန်မ အားနာပါတယ် ကိုရယ်၊ ကျွန်မ ဒီအကြောင်းတွေ မမှတ်မိတာ ကိုကို အရမ်းအားနာတယ်…"

ဟု ပြောမိပြန်သည်။ ပြီးတော့ မျက်လုံးမှိတ်ကာ ခဏလေး ငြိမ်သက်ရင်း ပြန်စဉ်းစားကြည့်နေမိသည်။

"ကူး မျက်စိမှိတ်ပြီး ဘာလုပ်နေတာလဲ၊ အိပ်ချင်လို့လား"

"ဟင့်အင်း… ကျွန်မ မှတ်မိလို မှတ်မိငြား ပြန်စဉ်းစားကြည့်နေတာ၊ ကိုပြောပြတဲ့ အကြောင်းတွေကို ကျွန်မ အရမ်း မှတ်မိချင်လို့လေ"

"အရမ်း မစဉ်းစားပါနဲ့ ကူးရယ် ကူး မမှတ်မိလည်း





ကိုယ် အစကပြန်ပြောလို့ ရပါတယ်၊ ကိုယ်တို့ အသစ်က ပြန်စကြတာပေါ့၊ ကူးကို ကိုယ် သိပ်ချစ်တယ်၊ လုံးဝ မခွဲနိုင်ဘူး ကူး…"

သူက ကျွန်မနားကပ်ကာ တိုးတိုးလေးပြောလိုက်တာမို့ ကျွန်မ ကြက်သီးတွေပင် ထသွားသည်။ သူ့စကားက ကျွန်မကို လှိုက်မောတုန်လှုပ်သွားစေသည်အထိ အရှိန်အဝါကြီးသည်။ အသစ်က ပြန်စသတဲ့လား ကိုရယ်။

ကျွန်မ မှိတ်ထားသော မျက်ဝန်းတွေကို ဖွင့်ကြည့်လိုက်တော့ မျက်ရည်တွေ ဝဲနေသော သူ့မျက်ဝန်းတွေကို အနီးကပ် ရင်ဆိုင်ရသည်။ ကျွန်မလည်း ဘာ့ကြောင့်မှန်းမသိ မျက်ရည်တွေ ဝဲလာသည်။ ပြီးတော့ မျက်လွှာမချဘဲ သူ့မျက်ဝန်းတွေကို ရင်ဆိုင်ကြည့်မိသည်။

သူက အရင် သူ့အကြည့်တွေကို ရုပ်သိမ်းသွားသည်။ ရှေ့ဆက်မတိုးခဲ့။ ကျွန်မရဲ့ ပခုံးလေးကိုတောင် မပွေ့ဖက်ခဲ့…။ သူ့ချစ်သူတစ်ယောက် ဖြစ်ခဲ့တဲ့ (ကျွန်မ မမှတ်မိတာက ခဲ့ရင်) အခုလည်း သူ့ချစ်သူအဖြစ် ရှိနေဆဲဖြစ်တဲ့ ကျွန်မအပေါ် သူက ဖြူစင်လွန်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ရုတ်တရက် မောပန်းလာကာ သက်ပြင်းချမိရင်း ...

"ကို ... ကျွန်မ ဘယ်တော့မှ အတိတ်ကို ပြန်သတိရလာမှာလဲဟင် ..."

"ကူးက သတိရချင်ပြီလား ..."

"ဟုတ်ကဲ့ ..."

"သတိမရလည်း ကိစ္စမရှိပါဘူး ကူးရယ်၊ ကူး သတိမရတဲ့ အတိတ်တုန်းကရော အခုရော ကိုယ် ကူးကိုချစ်နေတာပဲ အခု ကူး မပျော်ဘူးလားဟင်"

"ပျော်တော့ ပျော်ပါတယ် ကိုရယ်၊ ဒါပေမယ့် အားလုံးကို မှတ်မိတော့ ပိုကောင်းတာပေါ့"

"အင်းလေ ... ဒါလည်း ဟုတ်ပါတယ်"

သူက သက်ပြင်းချရင်း ပြောသည်။

မီးဖိုချောင်ထဲက ထွက်လာပြီး ကျွန်မတို့စကားကို တစ်စွန်းတစ်စ ကြားသွားသော ဒေါ်ယုက ကျွန်မတို့နား ရောက်လာကာ ...

"ဒေါ်ယုကတော့ တစ်ခု အကြံပြုချင်တယ်"





"ပြောပါဦး ဒေါ်ယုရယ် ..."

"သမီး နှစ်သစ်ကူးကို အမြန်ဆုံး ပြန် သတိရလာအောင် ရုပ်ရှင်တွေထဲကလို ခေါင်းကို တစ်ခုခုနဲ့ ရိုက်ပစ်လိုက်ရင် ကောင်းမလားလို့ ..."

ဒေါ်ယု စကားကြောင့် ကျွန်မတို့ အချင်းချင်း မျက်လုံးပြူးကြည့်မိကြရင်း ရယ်မောမိကြလေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

ကျွန်မကို ပျော်အောင် အမြဲ ဖန်တီးပေးတတ်သော သူက တစ်နေ့တော့ ကျွန်မအတွက် ချစ်စရာ ခွေးလေးတစ်ကောင် ယူလာပေးလေသည်။ သူက လည်ပင်းနားမှာ အမွေးလေးတွေ ဖွာနေသော ချစ်စရာ ခွေးပုပုလေးကို ကျွန်မ ရင်ခွင်ထဲ ထည့်ပေးရင်း ...

"ဒါလေးကတော့ ကူးနဲ့အတူ လမ်းလျှောက်ဖို့ အဖော်ပေါ့၊ ငါးလေးတွေက လမ်းမလျှောက်တတ်လို့ ကူး ပျင်းနေမှာစိုးလို့လေ ..."

အမွေးပွပွ ခွေးလေးက ကျွန်မ ရင်ခွင်ကို နွေးထွေးသွားစေသည်။ သူ့မေတ္တာတွေနဲ့ အတူပေါ့ ...။

"ဒါလေးက ခွေးကလေး ဝတ်ဖို့ အင်္ကျီ ..."





"ဟင် ... ခွေးကို အင်္ကျီဝတ်ပေးမယ်"

"ဒါပေါ့ ...၊ ရော့ ... ကူး ဝတ်ပေးလိုက်"

"သူက အဝတ်ခံပါ့မလား ..."

"ရပါတယ်၊ လာ ... အတူတူဝတ်ပေးမယ်၊ ကိုယ် သူ့ကို ငြိမ်အောင်ကိုင်ပေးမယ်၊ ကူးက ဝတ်ပေးပေါ့ ..."

"အင်း ... ကို ကိုင်ပေးရင်တော့ ကျွန်မဝတ်ပေးတတ်တယ်"

ကျွန်မတို့နှစ်ယောက်အတူ ခွေးလေးကို အင်္ကျီဝတ်ပေးကြသည်။ အင်္ကျီလေးဖြင့် ဆန်းဆန်းကြယ်ကြယ် လှသွားသော ခွေးလေးကို ကျွန်မ အရိပ်တကြည့်ကြည့် ဖြစ်နေတော့ သူက ဆန်းဒ်ဖုန်းကလေးကို ဖွင့်လိုက်ပြီး ကျွန်မနဲ့ ခွေးကလေးပုံကို ဓာတ်ပုံရိုက်ပေးလေသည်။

ကျွန်မတို့နှစ်ယောက်ကြားမှာ အမြဲ ကြည်နူးစရာများဖြင့်သာ ပြည့်နှက်နေခဲ့သည်။ သိပ်ပျော်စရာကောင်းတာပဲ။ ကျွန်မ သူ့နားမှာပဲ နေချင်သည်။

တစ်ခါတစ်ခါတော့ ကျွန်မက ကျွန်မတို့ နှစ်ယောက်ကို လိုက်နှောင့်ယှက်ရင်း သေဆုံးသွားခဲ့သည်ဆိုသော သူတစ်ယောက်အကြောင်းကို စဉ်းစားနေမိတတ်သည်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း စဉ်းစားတိုင်း ကျွန်မ ပုံမှန်ထက် ပိုပြီး ခေါင်းမူးလာတတ်သည်။ တစ်နေ့တော့ ကျွန်မက ကိုကို ထိုအကြောင်း သတိတရ ပြောမိသည်။

"ကို... ဟို ဆုံးသွားတယ်ဆိုတဲ့ တစ်ယောက်လည်း သနားပါတယ်နော်၊ ကျွန်မတို့နဲ့ ရွယ်တူဆိုရင် သူလည်း ငယ်ငယ်ပဲ ရှိဦးမှာပေါ့ ...၊ သူ့မိဘတွေခမျာ ဘယ်လောက်နမြောရှာမလဲ"

ကျွန်မ စကားအဆုံးမှာ ကို့မျက်နှာက အံ့သြဖို့ကောင်းလောက်အောင် ပျက်ယွင်းညိုမှောင်သွားခဲ့သည်။

"ကျွန်မမှာ ချစ်သူရှိမှန်း သိရက်နဲ့ ဘာလို့ ဒီလောက်ရူးမိုက်ရတာပါလိမ့် ကိုရယ်၊ အချစ်အတွက် အသက်သေရတဲ့ အဖြစ်က အရမ်းဆိုးပါတယ်၊ သူဘယ်လောက်ထိအောင် ကျွန်မတို့အပေါ် ပြင်းပြင်းထန်ထန် ဒုက္ခပေးခဲ့တာလဲဟင်၊ ကိုလည်း သူ့အပေါ် မုန်းတီးခဲ့မိမှာပဲနော်"

"ကျူး ... တော်တော့ ..."

ကိုက ခပ်ဆတ်ဆတ် တားမြစ်လိုက်တာမို့ ကျွန်မ လန့်သွားသည်။ ကို့အသံက တုန်ရီလွန်းသည်။ သူ့ကြည့်ရတာ





အရမ်း စိတ်လှုပ်ရှားနေပုံရသည်။ ကျွန်မကို သူ ဒီလို မတားမြစ်ဖူးတာမို့ ကျွန်မ အံ့သြရသည်။ သူက ကျွန်မ ဘာပြောပြော သည်းခံနားထောင်ပြီး ကျွန်မ မေးသမျှကို စိတ်ရှည်လက်ရှည် ဖြေရင်း ကျွန်မကို အရိပ်တကြည့်ကြည့် ယုယနေသူဖြစ်သည်။

"ဒီအကြောင်းတွေ မပြောပါနဲ့ ကျူးရယ်၊ သတိလည်း မရချင်ပါနဲ့၊ သတိရရင်တောင်မှ တမင်မေ့ပစ်ထားရမယ့် ကိစ္စတွေပါ ..."

"ဟုတ်ကဲ့ပါ ကို ...၊ ကျွန်မ နောက်မပြောတော့ပါဘူး၊ စဉ်းလည်း မစဉ်းစားတော့ဘူး၊ အဲ့ဒီအကြောင်း ပြန်စဉ်းစားရင် ခေါင်းပိုမူးလာသလိုပဲ ..."

ကျွန်မ နူးညံ့စွာပြောရင်း သူ့ကို နှစ်သိမ့်မိသည်။ သူလည်း ဒီအကြောင်းတွေ ပြန်ကြားရင် ခံစားရမှာပဲဟု ကျွန်မ နားလည်ပေးမိသည်။

"ဆောရီး ကျူးရယ်၊ ကျူးကို ကိုယ် အသံမာမာနဲ့ ပြောမိတယ်"

သူက ကျွန်မကို တောင်းပန်တော့ ကျွန်မက သူ့ကို ပြုံးမော့ကြည့်မိရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ကိုရဲ့၊ ကျွန်မကလည်း အဲဒါတွေ ပြန် သတိ မရချင်ပါဘူး၊ ကျွန်မ အရမ်း သတိရချင်တာ တစ်ခုပဲ ရှိတယ်"

ကျွန်မက လက်ကလေးတစ်ချောင်း ထောင်ကာ ပြောမိတော့ သူက ကျွန်မ ဆက်လာမည့် စကားကို စောင့်ရင်း ကျွန်မကို ငေးကြည့်နေသည်။

"အဲဒါက ဘာလဲဆိုတော့ ကျွန်မရဲ့ ချစ်သူ အကြောင်း ပေါ့ ..."

♥ ♥ ♥





✹ ✹ ✹

ကူးက အရမ်းသတိရချင်တဲ့ အကြောင်းက ချစ်သူ အကြောင်းဆိုရင် ...

ကိုယ် သတိမရစေချင်တဲ့ အကြောင်းကလည်း ကူးရဲ့ ချစ်သူအကြောင်းပါပဲ ကူးရယ်။

နေသာက ကူးရဲ့ ချစ်စဖွယ် အမူအရာလေးကို ငေးကြည့်ရင်း ရင်ထဲမှာ တစ်စတစ်စ ပြာကျလာသလို ခံစားနေရသည်။

ကူးကို စောင့်ရှောက်ပေးမရင်းကပဲ သူ့နှလုံးသား တစ်စုံဟာ တရိရိ ပြာကျနေခဲ့တာပဲ မဟုတ်လား။

သူဟာ ကူးပေါ် ယုတ်မာသူလား၊ ကောက်ကျစ်သူလား ...။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း … ကျွန်တော် သူ့ကို သိပ်ချစ်ခဲ့တာပါ။ ကျွန်တော် သူ့ဘဝကို တမင် ဖျက်ခဲ့တာ မဟုတ်ပါဘူး။ သူတို့ ချစ်သူ နှစ်ယောက်ကို ရက်ရက်စက်စက် ခွဲပစ်ခဲ့တာမဟုတ်ပါဘူး။

ဒါက ကံကြမ္မာပါ …။

နေသာသည် သူမကို ချစ်မြတ်နိုးစွာ စောင့်ရှောက်လျက်ကပင် ဘယ်သောအခါမှာ ကျရောက်လာမည် မသိသော သူ့ရဲ့ ကံကြမ္မာကို ထိုင်စောင့်နေခဲ့ရသည်။ ကူး သတိရတဲ့နေ့ဟာ သူ့ဘဝ ပျက်မယ့်နေ့ပေါ့။ ကူးရဲ့ အမုန်းတွေနဲ့ နာလန်မထူအောင် ရှုံးနိမ့်ပြိုကွဲရမယ့် နေ့ပေါ့။ သို့သော် … ကူးကို တစ်သက်လုံး အတိတ်မေ့နေပါစေဟုတော့ သူ ဆုမတောင်းရက်ပါ။ ခုလက်ရှိ အခြေအနေလေးမှာ ကူးက သူ့အပေါ် တွယ်တာနေခဲ့ပြီမို့ အဲ့ဒီ တွယ်တာမှုကလေးနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ထူမတ်ကာ အမုန်းတွေ ရလာလည်း ရင်ဆိုင်ရဲဖို့ အားတင်းနေခဲ့ရသည်။

သူ့လုပ်ရပ်တွေကို ကူးသိရင် ဘယ်လောက်များ မုန်းမှာပါလိမ့်။ သူက အသိက်အဝန်းမရှိ တစ်ယောက်တည်း အဆောင်မှာနေရင်း ရပ်တည်နေရသည့် ကူးဘဝကို အခွင့်ကောင်း ယူကာ ကူးရဲ့ အရင်ဘဝကို ခြေရာပျောက်ပစ်ခဲ့ပြီး ဆိတ်ငြိမ်





ရော်ကွက်ထဲက တစ်ထပ်တိုက်နဲ့ ခြံဝန်းလေးကို ငှားပြီး ကူးကို ထားခဲ့သည်။ ပြီးတော့ အိမ်ထောင်ထိန်းသိမ်းမှု နိုင်နင်းကာ စိတ်သဘောထားလည်း ကောင်းသော ဒေါ်ယုကို လခပေး၍ ခေါ်ထား ပေးခဲ့သည်။

ကူး ဆေးရုံမှာရှိနေစဉ်ကတည်းကပင် ဒေါ်ယုကို ခေါ်ကာ စောင့်ရှောက်စေရင်း ကူးဟာ ‘သူ့ချစ်သူ’ ဟုသာ အသိ ပေးခဲ့သည်။

ခုချိန်ထိ သူ ကူးကို အမျိုးမျိုးဇာတ်လမ်းဆင်ပြော တာ လိမ်လည်လှည့်ဖျားနေခဲ့ရသည်။

ဒါပေမယ့် အချစ်ကတော့ လိမ်လည်မှု မဟုတ်ခဲ့ပါ ဘူး ကူးရယ်။

ထိုအဖြစ်အပျက်ကြီးရဲ့ နောက်ပိုင်းမှာ သူ့စိတ်တွေ တကယ်ပဲ နူးညံ့သွားခဲ့သည်။ သူ့ရင်ထဲမှာ ရှိနေနှင့်သည့် ‘ရယူ လိုခြင်း’ ဟူသော ချစ်ခြင်းက ‘ပေးဆပ်ခြင်း’ အသွင်သို့ ပြောင်းလဲ သွားသည်။ သူ ကူးကို မထိရက် မတို့ရက် မြတ်နိုးစွာ စောင့် ရှောက်ခဲ့သည်။

ကူးကို ပိုင်ဆိုင်ခွင့်မရလည်း နေပါစေတော့ …။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ အရိပ်ကြည့်နေရရင် သူ ကျေနပ်နိုင်ပြီ။ သူမကို လိမ်ညာလို့တော့ သူ လက်မထပ်ချင်။ အချစ်က သူ့ကို ဖြောင့်မတ်စေသည်။ သူ့ကို လောင်မြိုက်စေခဲ့သော အချစ်က အခု သူ့ကို အေးချမ်းစေပြန်သည်။

တစ်စတစ်စ တွယ်ငင်လာခဲ့ပြီဖြစ်တဲ့ ကူးရဲ့ သံယောဇဉ် နှောင်ကြိုးတွေရဲ့ အင်အားဖြင့် သူ အစီပွာယ်ရှိစွာ ရှင်သန်နေခဲ့လေသည်။

♥ ♥ ♥





✹ ✹ ✹

အတိတ်ကို မမှတ်မိဘဲလည်း ကျွန်မ သူ့ကို ချစ်သူတစ်ယောက်အဖြစ် ခံစားမိပြီဖြစ်ကြောင်း၊ ကျွန်မ သူ့ကို သိပ်ချစ်သွားခဲ့ပြီဆိုတဲ့အကြောင်း သူ့ကို ဘယ်လိုပြောပြရမည် မသိပေ။

သူ ပြန်မည်ဆိုလျှင် ကျွန်မ ဝမ်းနည်းသည်။ သူ လာမယ်ဆိုရင်တော့ ကျွန်မ ပျော်ရသည်။ အဲဒီလို ရိုးရိုးရှင်းရှင်း ခံစားချက်ကလေးကနေ 'အချစ်' သို့ ဝာရွှေ့ရွှေ့ ပြောင်းလဲသွားခဲ့တာ ဖြစ်သည်။

သူက ပြန်ခါနီး ကျွန်မကို နှုတ်ဆက်သည်။

"ကူး ... ကိုယ် ပြန်ဦးမယ်"

"ဟုတ်ကဲ့ ..."

ခေါင်းညိတ်ပြလိုက်ရပေမယ့် သူ့ရဲ့ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



စကားတိုင်းက ကျွန်မကို ဝမ်းနည်းစေခဲ့ကြောင်း သူသိအောင် ပြောပြချင်သည်။

မပြန်ပါနဲ့ ... မပြန်ပါနဲ့ဟု တားချင်သည်။ အတူတူ နေချင်ပြီဟု ပြောပြပူဆာချင်သည်။

သူက ကျွန်မ ပခုံးလေးကို ဖွဖွပုတ်၍ နှစ်သိမ့်စေပြီး ကျွန်မကို ကျောခိုင်းလိုက်သည်။

သူ့ကျောပြင်ကို လှမ်းကြည့်ရင်း ကျွန်မ ငိုချင်လာသည်။

ကျွန်မနားမှာ တစ်သက်လုံး နေပေးပါလို့ ပြောချင်သည်။

"ကို ..."

ကျွန်မ လှမ်းခေါ်မိတော့ သူ့ခြေလှမ်းတွ ရပ်တံ့သွားသည်။

ကျွန်မ ခြေလှမ်းတွေက ဆန်းကြယ်သော သတ္တိတစ်မျိုးဖြင့် သူ့ထံသို့ ညင်သာစွာ လှမ်းထွက်သွားလေသည်။

♥ ♥ ♥





✱ ✱ ✱

"ကို ..."

သူ့နောက်ကျောဆီမှ ဖွဖွလေး သိုင်းဖက်ကာ သူ့ကျောပြင်ဆီ ညင်သာစွာ မျက်နှာအပ်ထားလိုက်သော အထိအတွေ့ကြောင့် သူ အံ့ဩတုန်လှုပ်သွားခဲ့ရသည်။

သူ နေရာမှ ခြေလှမ်းမရွေ့ဘဲ မတုန်မလှုပ် ရပ်တံ့ရင်း ရင်ခုန်သံကို ထိန်းချုပ်ထားခဲ့ရသည်။ သူ့ ကျောပြင်ဆီမှ သူမရဲ့ ရင်ခုန်သံက သူ့နှလုံးသားဆီ ကူးစက်လာသည်ဟု ခံစားရသည်။ သူ ဘယ်လိုတုံ့ပြန်ရမှန်း ဝေခွဲမရချေ။

"ကို ... အရင်က ကျွန်မကို လက်ထပ်ခွင့် တောင်းခဲ့ဖူးလားဟင်"

သူမက ခပ်တိုးတိုးမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်တရက် ဆွံ့အနေသည်။

"ဟင် … ကို ကျွန်မကို လက်ထပ်ခွင့် တောင်းဖူးသလား"

ကူးက ထပ်မေးသည်။

"အင်း … "

သူ ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြမိလေသည်။

"ဒါဆို အဲဒီတုန်းက တောင်းခဲ့တဲ့ လက်ထပ်ခွင့်ကို ကျွန်မ အခု လက်ခံတယ်၊ အတူတူနေကြရအောင် ကို … "

သူ တိတ်ဆိတ်ဆွံ့အနေဆဲပင် … ။

"ကျွန်မ အခု ကို့ကို ချစ်နေပြီ၊ အရင်တုန်းက အချစ်ကို သတိမရလည်း အရေးမကြီးတော့ဘူး"

ဘယ်တော့မှ မကြားရတော့ဘူးဟု ထင်ခဲ့သော သူမရဲ့ အချစ် စကားတစ်ခွန်းက သူ့ကို တစ်သက်စာ နှစ်သိမ့် ကြည်နူးသွားစေသည်။ နောက်မှ တစ်ဖန် ရုပ်သိမ်းသွားလျှင်လည်း ကိစ္စမရှိ။ အခု ခဏလေးကို သူ တစ်သက်လုံး တသသ သတိရနေမိမည်။

သူက သူ့ရင်ခွင်ဆီမှာ ယှက်သိုင်းထားသော ကူး လက်ကလေးနှစ်ဖက်ကို ဖွဖွအုပ်ကိုင်ထားရင်း ငြိမ်သက်နေခဲ့မိသည်။





"နော် … ကို၊ ကျွန်မတို့ လက်ထပ်ကြရအောင်"

သူ ခေါင်းညိတ်လိုက်ချင်သည်။ သို့သော် တစ်စုံ တစ်ရာက သူ့ကို တုံ့ဆွဲထားသည်။ သူ ခေါင်းညိတ်လို့ မဖြစ်ပါ။

သူက သူမ လက်တွေကို သူ့ခန္ဓာကိုယ်မှ ညင်သာစွာ ဖယ်ရှားလိုက်ပြီး သူမနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

သူက သူမ နဖူးပေါ်မှ ဆံပင်စလေးတွေကို သပ်တင်ပေးလိုက်ရင်း …

"ကိုယ်လည်း ကူးနဲ့ အတူတူနေချင်ပါတယ်၊ ဒါပေမယ့် ကူး သတိရလာပြီးတော့မှပဲ ကိုယ်တို့ လက်ထပ်ကြရအောင်နော်"

"ကျွန်မက အတိတ်မေ့နေတဲ့ သူမို့လို့ ကိုက လက်မထပ် ချင်တာလား"

"မဟုတ်ပါဘူး ကူးရယ်၊ ကူး သတိရလာပြီးနောက်မှာ ကူး ကိုယ့်ကို ချစ်နေနိုင်သေးတယ်ဆိုမှ လက်ထပ်တာက ပိုကောင်းမယ် ထင်လို့ပါ"

"သတိရလာပြီးလည်း ကို့ကိုမချစ်နိုင်စရာ အကြောင်းမှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကိုယ်တို့ အဲ့ဒီအချိန်ကိုပဲ စောင့်ကြရအောင်

ကူးရယ်"

ကူးက မျက်နှာလေး ညှိုးသွားကာ သူ့ကိုမော့ကြည့်

ရင်း . . .

"ကို့ သဘောပဲလေ၊ ကို လက်မထပ်ချင်သေးလည်း ရ

တယ်၊ ဒါပေမယ့် ကို ကျွန်မနားမှာ မရှိရင် လွမ်းတယ်"

"ကူးရယ် . . ."

မျက်ရည်ဝဲနေသော ကူးမျက်လုံးတွေကို သူ မကြည့်

ရက်။ ဖြစ်နိုင်ရင် အခုပဲ လက်ထပ်လိုက်ချင်ပါသည်။

သို့သော် . . . ကူးကို သူ မလှည့်ဖြားရက်ပါ။

♥ ♥ ♥





✹ ✹ ✹

ကိုက ကျွန်မ သတိရလာမှ လက်ထပ်ချင်တယ်

တဲ့ . . .။

သူ့စကားက ကျွန်မရဲ့ သတိရချင်သော ဆန္ဒကို

ပိုပြီး ပြင်းထန်လာစေခဲ့တာ ဖြစ်သည်။

အဲ့ဒီနောက်ပိုင်းမှာတော့ ကျွန်မက အမြဲလို စဉ်းစား

နေမိတတ်သည်။ ကို ပြောတဲ့ အကြောင်းအရာတွေကို ဆက်စပ်

တွေးတောကြည့်သည်။

သို့သော် . . . ဘာမှ သတိမရတာမို့ စိတ်ပင်ပန်းကာ

အိပ်ရာထဲ ခွေခွေနေမိသည်။

ကို့ကိုတော့ ကျွန်မ စိတ်တွေ ပင်ပန်းလှတာ၊ တစ်ခါ

တစ်ခါ ခေါင်းမူးချင်သလို ဖြစ်နေတတ်တာကို ပြောမပြချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ နေ့ခင်းဘက် ဒေါ်ယု မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေတုန်း ကျွန်မ အပြင်ကို ခိုးထွက်လာခဲ့လေသည်။

ကျွန်မက သတင်းစာထဲက အင်္ဂလိပ်စာသင်တန်းတစ်ခုရဲ့ လိပ်စာကို မှတ်သားလာခဲ့ပြီး တက္ကဆီသမားကို ထိုလိပ်စာပြကာ မောင်းပို့ခိုင်းလိုက်သည်။ ကျွန်မ စိတ်ကူးထဲသင်တန်းလာတက်ကြသော ကျွန်မတို့အရွယ်တွေကို တွေ့လျှင် ကျွန်မနဲ့ ကိုတို့ သင်တန်းအတူတက်ခဲ့တုန်းကအကြောင်းတွေကို ပြန်သတိရလာမလားဟုပင်။

ထိုသင်တန်းရှေ့ရောက်တော့ သင်တန်းခန်းမဆီအဝင်အထွက် လုပ်နေကြသော ကျောင်းသားတွေကို ကျွန်မ ရပ်ကြည့်နေခဲ့မိသည်။ အဲ့ဒီနောက်တော့ နည်းနည်း အတင့်ရဲလာကာ သင်တန်းရှိရာ ပထမထပ်သို့ တက်လာခဲ့ပါသည်။

သင်တန်းခန်းမထဲမှာ ကျောင်းသားတွေ အများကြီးတွေ့ရသည်။ ကျွန်မ ရင်ထဲမှာလည်း တလှပ်လှပ် ဖြစ်လာသည်။ ကျွန်မ ကြိုးစားပြီး စဉ်းစားသေးသော်လည်း ဘာမှသတိမရဘဲ လူက ကတုန်ကယင်သာ ဖြစ်လာတာမို့ ထိုအခန်းရှေ့မှ ပြန်လှည့်





ဆင်းလာခဲ့သည်။ စိတ်ထဲမှာ ဒီလိုနေရာမျိုးကို ရင်းနှီးသလို ရှေ့ က်ဖူးနေသလိုလိုတော့ ခံစားရသည်။

ကျွန်မ လှေကားထစ်တွေအတိုင်း ခပ်ဖြည်းဖြည်းဆင်းလာနေဆဲ အောက်ထပ်မှ တက်လာနေသော ကောင်လေးနဲ့ ကောင်မလေး စုံတွဲတစ်တွဲကို အပေါ်လှေကား ထောင့်ချိုးမှ စီးမိုးမြင်လိုက်ရလေသည်။

ကောင်လေးက ပုဖောင်းတစ်လုံးကို မှုတ်ရင်း အပေါ်သို့ တက်လာခဲ့တာဖြစ်ပြီး ကောင်မလေးက ကောင်လေးပုံကို ပြုံးစိစိဖြင့် လှည့်လှည့်ကြည့်နေသည်။

ထိုအခိုက်မှာ ကောင်လေး မှုတ်နေသော ပုဖောင်းက ကြီးမားလာရာ ကောင်မလေးက ရုတ်တရက် ကောင်လေးရဲ့ ပုဖောင်းကို ဆော်လ်ပဲန်ချွန်ဖြင့် ထိုးဖောက်လိုက်လေသည်။

ဖောင်းခနဲ မြည်သံတစ်ချက်နှင့်အတူ ကျွန်မ တစ်ကိုယ်လုံး လန့်ဖျတ်တုန်ရင်သွားသည်။ ဖြန်းခနဲ မျက်လုံးထဲ မြင်သွားကာ ခပ်ဝါးဝါးဖြင့် ရောထွေးနေသော မှုံရိပ်တွေကို မြင်လာသည်။

မိုက်ခနဲဖြစ်သွားတာမို့ နံရံကို လက်ထောက်မှီရင်း ကျွန်မ မျက်လုံးတွေကို မှိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲက ပုံရိပ်တွေဟာ တဖြည်းဖြည်း ထင်ရှားလာသည်။ ကောင်မလေးက ပူဖောင်းမှုတ်နေသည်။ ကောင်လေးက ဘော်လ်ပဲန်ဖြင့် ထိုးဖောက်လိုက်သည်။ ဘုရားရေ… အဲ့ဒါ ကိုနဲ့ ကျွန်မပဲ…။ ကျွန်မ ဒါကို မှတ်မိပြီ…။

ကျွန်မ အရမ်းပျော်ရွှင်သွားသည်။

တက္ကဆီဂိုဒ်ားကာ အိမ်ပြန်လာခဲ့ရင်း တစ်လမ်းလုံးရင်တလှပ်လှပ်နှင့် ပျော်ရွှင်နေမိသည်။ ကို့ကို ပြောပြချင်လှပြီ။

ကိုနဲ့ ကျွန်မရဲ့ ချစ်စရာ၊ ရယ်မောချင်စရာ အဖြစ်အပျက်ကလေး ထိုတစ်ကွက်ကို မှတ်မိရုံနဲ့ပဲ ကျွန်မမှာ အင်အားတွေ ပြည့်လာသလို ခံစားနေရသည်။

အိမ်ရှေ့ရောက်လို့ ကျွန်မ တက္ကဆီပေါ်က ဆင်းလိုက်ချိန်မှာ ခြံထဲမှ အရှိန်ပြင်းပြင်း မောင်းထွက်လာသော ကို့ကားကို မြင်ရလေသည်။ ကိုက ကျွန်မကို တွေ့တော့ ကားရပ်ပြီး ကျွန်မဆီ ပြေးလာကာ…

"ကူး… ဘယ်သွားနေတာလဲ၊ ကိုယ် စိတ်ပူလိုက်ရတာကွာ၊ ကူး ပျောက်နေတယ်လို့ ဒေါ်ယု ဖုန်းဆက်ပြောလို့ ကိုယ် အမြန်ပြေးလာတာ၊ ခုပဲ ကူးကို ထွက်ရှာတော့မလို့"





"ကို… ကျွန်မ သတိရပြီ သိလား"

"ဟင်…"

ကျွန်မက ကို့ လက်မောင်းကို ကိုင်လှုပ်ရင်း ဝမ်းသာအားရပြောတော့ ကိုက အံ့အားသင့်ကာ ငြိမ်သက်သွားသည်။ …တော့ တုန်လှုပ်စွာ မေးသည်။

"တ… တကယ်လား… ဘာတွေကို သတိရတာလဲ…"

"တစ်ခုတည်းပဲ သတိရတာပါ ကိုရယ်၊ သင်တန်းတက်တုန်းက အကြောင်းတွေ ပြန်သတိရချင်လို့ သင်တန်းတစ်ခုကို ကျွန်မ သွားကြည့်တာ၊ အဲဒီကအပြန် ကောင်လေးနဲ့ ကောင်မလေး နှစ်ယောက် တစ်ယောက်က ပူဖောင်းမှုတ်လာတာကို တစ်ယောက်က ဖောက်ပစ်လိုက်တာ မြင်ပြီး ကိုနဲ့ ကျွန်မလည်း အဲဒီလို ကြုံခဲ့ဖူးတာကို ဖြုန်းခနဲ သတိရသွားတာ၊ ဒါပေမယ့် အဲဒါကလွဲရင် ဘာမှ ဆက်စဉ်းစားလို့ မရတော့ဘူး၊ အဟင်း… ကို ပြောဖူးတဲ့အတိုင်းပဲ သိလား၊ ကိုက ဓာတ်တော်အနောက်သန်တဲ့သူ…"

နေသာက ကူးရဲ့ ပျော်ရွှင်နေသော မျက်နှာကလေးကို ကြည့်ရင်း သက်ပြင်းချရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သတိရမည်ဆိုလည်း အဲ့ဒီအကြောင်းလေးတွေကို သတိရစေချင်ပါတယ် ကူးရယ် ...။

ဒါပေမယ့် တဖြည်းဖြည်းတော့ နည်းနည်းစီ သတိ ရင်း ကူးတို့ချစ်ခဲ့ကြတဲ့ အကြောင်းကိုလည်း သတိရလာဦးမှာပါ အားလုံးကို ဆက်စပ်စဉ်းစားမိသွားတဲ့အခါ ကူး ကိုယ့်ကို မုန်းတီး နာကြည်းသွားတော့မှာ အသေအချာပါပဲ ...။

"နောက်ကို ကိုယ့်ကို ဘာမှမပြောဘဲ အဲဒီလို လျှောက် မသွားနဲ့ ကူးရာ၊ ကူးကို ကိုယ် စိတ်မချဘူး၊ မတော်တဆ ကားတွေ ဘာတွေ တိုက်မိသွားမှာလည်း စိုးရိမ်တယ်"

"တိုက်မိတော့လည်း ကောင်းတာပေါ့၊ ရုပ်ရှင်ထဲမှာဆို အဲဒီလို တိုက်မိပြီး ခေါင်းထိသွားရင် ချက်ချင်း ပြန် သတိရသွားရောလေ ..."

"မနောက်ပါနဲ့ ကူးရာ ... ကိုယ် အရမ်းစိတ်ပူတယ် နောက်ဆို ကိုယ် မသိဘဲ ဘယ်မှမသွားပါနဲ့ကွာ ..."

"ကျွန်မ အတိတ်ကို အမြန်ဆုံး ပြန်သတိရချင်လို့ပါ ကို ရယ်၊ ကိုယ်ပြောခဲ့တယ် မဟုတ်လား၊ ကျွန်မ အားလုံးကို ပြန်သတိရမှ လက်ထပ်မယ်ဆို၊ ကျွန်မဖြင့် ဒီနေ့ သိပ်ပျော်





တာပဲ၊ တစ်ခုလောက် မှတ်မိပြီးရင် နောက် တဖြည်းဖြည်း တစ်ခုပြီးတစ်ခု ထပ်ထပ်မှတ်မိချင် မှတ်မိ လာမှာလေ ..."

ကျွန်မက ကိုယ့်အပျော်နှင့်ကိုယ် ဝမ်းသာအားရ ပြောပြနေမိခဲ့သည်။ ကိုကတော့ ကျွန်မကို ငေးမောကြည့်ရင်းက င် ကျွန်မ ခန္ဓာကိုယ်လေးကိုဖျတ်ခနဲရင်ခွင်ထဲဆွဲသွင်းလိုက်ရင်း ...

"ကူး ... ကိုယ်တို့ မခွဲဘူး၊ ဘယ်တော့မှ မခွဲဘူးနော်"

"ဟုတ်ကဲ့ပါ ကိုရဲ့ ... မခွဲပါဘူး ..."

ကျွန်မ စိတ်ထဲမှာ ကို့အပြုအမူကို ထူးဆန်းသည်ဟု ခံစားရပြီး ကြည်နူးနွေးထွေးသွားခဲ့ရသည်။ သူ ကျွန်မကို ဒီလို ဆက်ဆံတာ ဒါ ပထမဆုံးလေ ...။ ကျွန်မ ရင်ခုန်သည်။ ပြီးတော့ လုံခြုံသည်။

သို့သော် ... သူက ကျွန်မကိုကြာရှည် လုံခြုံခွင့် ပြုခဲ့တဲ့ ကျွန်မကို သူ့ရင်ခွင်မှ ဖယ်ထုတ်လိုက်ပြန်သည်။ ပြီးတော့ ကျွန်မ ပခုံးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်ထားပြီး ကျွန်မ နဖူးကို သူ့ မှုးဖြင့် ထိထားလိုက်သည်။ သူ့မျက်ဝန်းထဲမှာ မျက်ရည်စတချို့ ကို ကျွန်မ တစ်စွန်းတစ်စ တွေ့လိုက်ရလေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



* * *

အဲဒီနောက်တော့ သတိရစရာ အကြောင်းတရားများက ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့တော့သည်။

တစ်နေ့တော့ ... သူ ကျွန်မဆီ ရောက်လာပြီး ကျွန်မတို့အတူတူ ငါးကန်လှယ်နေခဲ့ကြသည်။ အဲဒီအချိန်မှာ ဒေါ်ယုက ထိုင်ခုံတစ်လုံးမှာထိုင်ရင်း အိပ်ငိုက်နေခဲ့သည်။ ခွေးကလေးက ဒေါ်ယုခြေထောက်တွေကို သူ့လျှာကလေးဖြင့် လျက်နေသော်လည်း ဒေါ်ယုက တုတ်တုတ်မလှုပ်ချေ။ သူက ဒေါ်ယုကို လှမ်းကြည့်ပြီး ...

"ဟာ ... ဒီ ဒေါ်ယုကြီးကလည်း အိပ်ပုပ်ကြီးလိုက်တာကွာ"

ဟုပြောရင်း ဒေါ်ယုနား ကပ်သွားကာ အော်နှိုးလိုက်လေသည်။





"ဟေး ... ဒေါ်ယုကြီး ..."

"ဟဲ့ ... ပလုတ်တုတ် ..."

ဒေါ်ယုက လန့်နိုးသွားပြီး ဗြုန်းခနဲ ခုန်ထကာ ယောင်ကတမ်း ဖြစ်နေသည်။ ဒေါ်ယုကိုကြည့်ရင်း ကျွန်မတို့ ယ်မောမိကြသည်။ ရယ်မောရင်း ကျွန်မခေါင်းထဲမှာ တရိပ်ရိပ် လာခဲ့ကာ အာရုံတစ်ခု ဖျတ်ခနဲ လင်းသွားခဲ့သည်။

အို ... ကို ကျွန်မကို ဒီလိုနောက်ခဲ့ဖူးတာ မဟုတ် ား ...။ ကြည့်စမ်း ... ကျွန်မ မှတ်မိပြီ။

ကျွန်မ ရယ်သံက တိခနဲ ရပ်သွားတာမို့ ကိုက န်မကို လှည့်ကြည့်ရင်း ...

"ကူး ... ဘာဖြစ်လို့လဲ၊ ဘာဖြစ်သွားတာလဲ ..."

"ကိုရေ ... ကျွန်မ မှတ်မိပြန်ပြီ၊ ကို ကျွန်မကို ဒီလိုနောက်ဖူးတာ ကျွန်မ သတိရပြီ"

"ဒါ ... ဒါပဲလား"

"အင်း ... ဒါပဲ ကို၊ ဒီတစ်ခုပဲ မှတ်မိတာ၊ ကျွန်မ လန့်သွားတယ်လေ၊ ပုဖောင်းဖောက်တုန်းကလည်း လန့်သွားတယ်၊ ကို အနားကပ်အော်တုန်းကလည်း လန့်တယ် အခုလည်း လန့်နေသလိုပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကူး ... ခေါင်းမူးနေလား"

"နည်းနည်း ..."

"လာ လာ ... ကိုယ့်ပခုံးကို ခဏမှီပြီး မျက်လုံးမှိတ်ထား သက်သောင့်သက်သာနေ၊ လျှောက် မစဉ်းစားနဲ့တော့ တစ်ခါတည်းနဲ့ အများကြီး လျှောက်စဉ်းစားနေတာ မကောင်းဘူး၊ ဖြည်းဖြည်းချင်းတော့ တစ်ခုချင်း မှတ်မိလာမှာပါ ကူးရယ် ..."

ကိုက ပခုံးထိုးပေးနေတာမို့ ကျွန်မက ကို့ ပခုံးကို မှီကာ ငြိမ်သက်နေသည်။ ရင်ထဲမှာ ပျော်သည်။ ပြီးတော့ နုံးနေသည်။

ကိုကလည်း ငြိမ်သက်နေသည်။ ပြီးတော့ ကို့ထံက သက်ပြင်းချသံတွေ ကြားနေရသည်။

❤ ❤ ❤





✸ ✸ ✸

ခုတလောမှာ ကျွန်မရဲ့ အာရုံတွေ နိုးကြားလာသည် [illegible] ခံစားမိနေသည်။ အလုံပိတ်သွားသော အာရုံတံခါးက တဖြည်း [illegible]ည်း ဟလာခဲ့ပြီမို့ လေလေး နည်းနည်းတိုက်တာနဲ့ ဖြန်းခနဲ [illegible]ထွက်ဖို့ အဆင်သင့် ဖြစ်နေသလိုမျိုး ...။

တစ်နေ့တော့ ကျွန်မ မှန်တင်ခုံရှေ့မှာ ထိုင်ကာ [illegible]နှာကို သနပ်ခါးလေး ပါးပါးလူးနေရင်း ပါးကွက် ကွက် [illegible]စိတ် ပေါက်လာကာ သနပ်ခါးလေးကို လက်ညှိုးလေးနှင့် [illegible]လိုက်ပြီး ပါးပေါ်ပုံကာ ပါးကွက်သေးသေးလေး ကွက်လိုက် [illegible]ည်။ ပြီးတာနှင့် မှန်ထဲက ကျွန်မ မျက်နှာကို သေချာစူးစိုက် [illegible]သက်သွားသည်။

ကြည့်နေရင်းက ခေါင်းထဲ ရိပ်ခနဲ ဖြစ်သွားပြန်တော



www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲက ကျွန်မ မျက်နှာက ဝါးတားတားဖြစ်သွားပြီး ပါးပေါ်မှာ ပါးကွက်အစား မှင်ဖြင့် ရေးခြစ်ထားသော အသည်းပုံကလေး နှစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ ပြီးတော့ရော … ပြီးတော့ ကိုက ကျွန်မ လက်ကိုဆွဲကာ စတိုးဆိုင်တစ်ဆိုင်ထဲက မှန်ချပ် တစ်ခုရှေ့သို့ ခေါ်ဆောင်သွားသည်။ ကျွန်မက မျက်နှာပေါ်က အသည်းပုံတွေကို အတွေ့မှာ ပြုန်းခနဲ လန့်ဖျပ်စိတ်ဆိုးသွားသည်။

"ဒေါ်ယုရေ … ဒေါ်ယု …"

ကျွန်မ ဒေါ်ယုကို အော်ခေါ်ရင်း အိမ်ရှေ့သို့ ပြေး ထွက်လာမိသည်။

"ဘာဖြစ်တာလဲ … ဘာဖြစ်လို့လဲ ကူး"

"ကျွန်မ … ကျွန်မ နောက်တစ်ခု သတိရပြန်ပြီ"

"ဟေ … ဟုတ်လား၊ ဖုန်းဆက်လေ မောင်နေသာ့ဆီ ဖုန်း ဆက် …"

ကျွန်မ ဖုန်းရှိရာ ခုန်ပေါက်ပြေးသွားကာ ကို့ ဟန်းဖုန်းကို ခေါ်လိုက်သည်။

"ကိုရေ … ကျွန်မ သတိရလာပြန်ပြီ၊ ကို ကျွန်မပါးပေါ် မှာ အသည်းပုံ ဆွဲပေးခဲ့တာလေ၊ အဲဒါ ကျွန်မ သတိရပြီ၊





ကျွန်မ အရမ်းပျော်နေတာ ကိုရဲ့၊ ကို ကျွန်မဆီ အခုလာခဲ့ နော် …"

ကိုက ချက်ချင်း ထွက်လာမယ်ပြောတာမို့ ကျွန်မ က ဝါးကန်နားမှာထိုင်ရင်း ကို့ကို မျှော်စောင့်နေလိုက်သည်။

ကို ရောက်လာတော့ ကို့ရဲ့ တုန်လှုပ်နေသော မျက်ဝန်းတွေကို ရင်ဆိုင်ရသည်။ ကျွန်မက ကိုယ့်အပျော်နှင့်ကိုယ် မို့ ကို့ မျက်လုံးတွေအကြောင်း ခွဲခြမ်းစိပ်ဖြာစဉ်းစားမနေတော့ဘဲ ကျွန်မ ဘယ်လို သတိရလာကြောင်း၊ ဘယ်လိုခံစားရကြောင်း၊ ဘယ်လိုပျော်ကြောင်းတွေကိုပဲ စာဖွဲ့ပြောပြနေမိသည်။ ပြီးတော့ ကို့ကို မေးမိသည်။

"ကို … ၊ ကိုရော မပျော်ဘူးလားဟင်"

"ကူး ပျော်ရင် ကိုယ် ပျော်ပါတယ် ကူးရယ်၊ ကူး သတိ မရရင်လည်း ကူးနဲ့အတူ ရှိနေတိုင်း၊ ကူးကို သတိရမိနေ တိုင်း ကိုယ် ပျော်ခဲ့တာပါပဲ၊ ပြီးတော့ ကူး သတိရရ မရရ ကိုယ်က ချစ်တာပဲလေ၊ သိတယ်မဟုတ်လား"

"အင်း … ကို့အချစ်ကို ကျွန်မ ခံစားမိတယ်၊ ပြီးတော့ ကျွန်မလည်း ကို့ကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက နှာခေါင်းလေးရှုံ့ရင်း ပြောမိတော့ ကိုက အနားက ဘော်လ်ပဲန်လေးကို လှမ်းယူကာ ကျွန်မ ပါးတစ်ဖက်ကို လှမ်းတို့ကျီစယ်လိုက်သည်။ ကျွန်မ ကြည်နူးသွားသည်။ ပြီးတော့ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

အာရုံထဲမှာ များပြားလှသော သင်တန်းသားတွေကို အစုလိုက် အပြုံလိုက် မြင်လိုက်မိသည်။ သင်တန်းတစ်ခုကို ထင်ထင်ရှားရှား မှတ်မိသွားသည်။ အဲ့ဒီ သင်တန်းထဲမှာပဲ ကိုက ကျွန်မပါးကို ဘော်လ်ပဲန်ဖြင့် လိုက်လိုက်တို့နေခဲ့သည်။

ကျွန်မ ဒီအကြောင်းတွေ ကိုကို ထပ်ပြောမပြချင်သေး။ လျှင်လျှင်မြန်မြန် သတိရလာတတ်တာကို သိလျှင် ကိုက ကျွန်မကို သိပ်မစဉ်းစားဖို့ တားမြစ်စိုးရိမ်လိမ့်ဦးမည်။ အလုံးစုံ သတိရလာတော့မှသာ ကိုကို အံ့သြပျော်ရွှင်စေတော့မည်ဟု စိတ်ကူးထားလိုက်မိလေသည်။

"ကူးလေး ... လာ ... ကိုယ့်ပခုံးပေါ်မှီပြီး နားလိုက်ပါဦး၊ ကူးက ပျော်နေလို့သာ တက်ကြွနေတာ၊ ခေါင်းထဲမှာတော့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေဦးမှာပေါ့ ...၊ ကူး ... အနားယူဖို့ လိုတယ်"





ကျွန်မ ကို့ပခုံးပေါ်မှီပြီး နားနေရင်း ...

"ကို ... တစ်ခုတော့ ထူးဆန်းနေသလိုပဲ သိလား"

"ဘာများလဲ ကူး ..."

"ကျွန်မ ကိုနဲ့အတူရှိခဲ့တဲ့အကြောင်း၊ ကိုနောက်ခဲ့တဲ့ အကြောင်းတွေ ပြန်စဉ်းစားမိတိုင်း အဲဒီတုန်းက ကျွန်မ စိတ်ဆိုးနေတယ်လို့ပဲ ခံစားမိနေတယ်"

ကိုက စကားတုံ့ပြန်မလာဘဲ တိတ်ဆိတ်နေသည်။

"အဲဒါ ဘာဖြစ်လို့များလဲ မသိဘူးနော် ..."

"ကူး ... စိတ်ကောက်နေလို့ နေမှာပေါ့၊ ကူးက ကိုယ် နောက်ရင် အမြဲ စိတ်ဆိုးစိတ်ကောက်တတ်တယ်လေ"

"ဟုတ်လား ... ဒါဆို ကျွန်မ တော်တော်ဆိုးတာပေါ့နော်"

"ဆိုးခဲ့တာက ကိုယ်ပါကူးရယ် ..."

"ပြောပါဦး ... ကိုက ဘာတွေဆိုးလဲ"

"ဪ ... ကူးကို စိတ်ဆိုးအောင် နောက်မိတယ်လေ"

"အံမယ် ... ဒါက ဆိုးတာမဟုတ်ပါဘူး၊ ချစ်စနိုးနဲ့ နောက်တာ မဟုတ်ဖူးလား ..."

"ဟုတ်ပါ ... ဟုတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကို့ ပြောပုံလေးကို ကျွန်မက ချစ်စနိုး ပြန်ဖြစ်သွားရသေးသည်။

ကို့ကို ကျွန်မ ချစ်လိုက်တာလေ ...။

နီး နီး ဇာ မေ



အဲဒီနောက်တော့ ကျွန်မ ဘာကိုမှ ထပ်သတိရမလာတော့ချေ ...။ သို့သော် ကို့ကိုတော့ အရင် ချစ်နေတာထက်တောင် ထပ်ထပ်ချစ်လာခဲ့ရပြီး မခွဲနိုင် မခွာရက် ဖြစ်လာခဲ့ရသည်။ ကို့ကို ကျွန်မအနားမှာ တစ်ချိန်လုံး ရှိနေစေချင်ခဲ့လေသည်။ ကို့ရဲ့ ကြင်နာမှု၊ အခွင့်အရေးမယူဘဲ စောင့်ထိန်းမှုတွေက ကျွန်မကို ပို၍ စွဲငြိစေခဲ့တာဖြစ်သည်။

တစ်ညနေမှာ ကိုက သူ့ခေါင်းက ဆံပင်လေးတွေကို ပန်းပွင့်သေးသေးလေးတွေ ကျစ်ထားသည့် ဆံပင်စတိုင်လ်ဖြင့် ကျွန်မထံ ရောက်လာခဲ့သည်။

သူ့ပုံစံကိုတွေ့တော့ ကျွန်မ ရယ်မောမျော်ရှင်သွားရသည်။

နီး နီး ဇာ မေ

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... ကို့ပုံက သိပ်မိုက်နေပါလား၊ မနာလိုလိုက်တာ၊ ယောကျ်ားကြီးဖြစ်ပြီး ဖွတ်မြီးလေးတွေနဲ့၊ ကျွန်မလည်း အဲဒီလို ကျစ်ချင်တယ်ကွာ"

"ဒါဆိုလာ ... ကိုယ် ကျစ်ပေးမယ်"

"အံမယ် ... ကိုက ကျစ်တတ်လို့လား"

"ကျစ်တတ်တာပေါ့"

"ကို့ ဆံပင်တွေကရော ကို့ဘာသာ ကျစ်တာလား"

"ဒါက ဆိုင်မှာကျစ်ထားတာ၊ ကိုယ့်ဆံပင်က တိုတော့ ကိုယ့်ဘာသာကျစ်လို့ မရဘူးကွ၊ ဒါပေမယ့် ဘယ်လို ကျစ်ရမယ်ဆိုတာ ကိုယ်သိပါတယ်၊ ကူ့ဆံပင်က အရှည် ဆိုတော့ လွယ်လွယ်လေးရယ်၊ ကိုယ် ကျစ်ပေးမယ် ကလေးမ ဒီနားလာ ..."

"မနာအောင် ကျစ်နော်"

"စိတ်ချ ... ဖွဖွလေးနဲ့ ညင်ညင်သာသာလေး ကျစ်ပေးမယ်"

သူက ဘီးချွန်ကလေးတစ်ခု ကျွန်မထံမှ တောင်းယူကာ ကျွန်မ ဆံပင်လေးတွေကို ညင်ညင်သာသာ ကိုင်တွယ်၍ ဖွတ်မြီးစကျစ်လေသည်။





သူက ကျွန်မနောက်မှာ ထိုင်လျက် ကျွန်မခေါင်းပေါ် စီးမိုးနေတာမို့ သူ့လောက်လည်း အရပ်မရှည်ဘဲ ခန္ဓာကိုယ်သေးကွေးသော ကျွန်မက သူ့ရင်ခွင်ထဲ ရောက်နေသလို ဖြစ်နေသည်။

ကျွန်မ ဆံပင်တွေကို ကျွန်မ ချစ်မိသူက ညင်သာစွာကိုင်တွယ်နေသော အဖြစ်ကလည်း ကျွန်မစိတ်ကို ကြည်နူးနှစ်သိမ့်စေသည်။

သူ့ရင်ငွေ့နွေးနွေးကလည်း ကျွန်မနှင့် နီးစပ်လွန်းနေခဲ့သည်။ အို ... နွေးထွေးလိုက်တာ၊ လုံခြုံလိုက်တာ၊ ကျွန်မအနားမှာ အမြဲရှိစေချင်လိုက်တာ ...။

ကျွန်မသည် ဘယ်တော့မှ အလုံးစုံ ပြန်သတိရလာမည် မသိသော အတိတ်အကြောင်းတွေရင်း ကိုနဲ့ ဘယ်တော့မှ အတူနေခွင့် ရပါ့မလဲဟု စဉ်းစားမျက်ရည်ဝဲလာရတော့သည်။ ဟင့်အင်း ... ကျွန်မ မစောင့်ချင်တော့ဘူး ...။ တစ်နာရီလေးတောင် မခွဲချင်တော့လို့ပါ ကို ...။

"ကို ..."

ကျွန်မက ဖွတ်မြီးကျစ်ခံနေရင်း ကျွန်မ ခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



က ကို့လက်တွေကို လှမ်းဆွဲဆုပ်ကိုင်လိုက်ပြီး ကျွန်မ ရင်ခွင်မှာ ဖက်ပိုက်ထားလိုက်မိသည်။

"ကို … ကျွန်မကို ဘာလို့ လက်မထပ်ချင်သေးတာလဲ ဟင် …"

"လက်မထပ်ချင်တာမဟုတ်ပါဘူး၊ လက်မထပ်ရက်တာ ပါ"

"ဘာလို့ လက်မထပ်ရက်တာလဲ …"

"ကူး … နောင်တရမှာ စိုးလို့ပါ"

"ကိုယ့်ချစ်သူနဲ့ လက်ထပ်တာပဲ၊ နောင်တရစရာ ဘာ အကြောင်းရှိလို့လဲ၊ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သေချာတယ် ဘယ်တော့မှ နောင်တမရဘူး၊ အင်းလေ … ဒါပေမယ့် ကို့သဘောပါပဲ …"

ကူးရဲ့အသံလေးက အဖျားမှာ ရှိုက်သံလေးဖြင့် တုန်ခါသွားသည်။ သူမ ရှိုက်သံက နေသာကိုတုန်လှုပ်စေသည်။ ကိုယ့်ကြောင့် မျက်ရည်မကျစေချင်တော့ဘူး ကူး …။

ကူးက ဖက်ပိုက်ထားသော သူ့လက်တွေကို ဖြည်လျှော့ပေးလိုက်တော့ သူက ကူးနောက်မှာ ထိုင်လျက်ကပင် ကူးရဲ့





မျက်နှာလေးကို ဖွဖွလေး စမ်းကြည့်မိသောအခါ သူ့လက်မှာ ကူးရဲ့ မျက်ရည်စတွေ ကူးစက်စွတ်စိုလာခဲ့တော့သည်။

"ကူးရယ် … မငိုပါနဲ့၊ မငိုပါနဲ့ကွာ …"

သူက ကူးကို ဖွဖွသိုင်းဖက်ထားလိုက်ရင်း ကူး ခေါင်းတစ်ဖက်ပေါ် မေးတင်ကာ တားမြစ်လိုက်မိသည်။ ပြီးတော့ သူ တုန်ရီစွာ ပြောလိုက်သည်။

"ကူး … ကိုယ် ကူးနဲ့ လက်ထပ်မယ် …"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

ကူးက ကလေးတစ်ယောက်လို ရွှင်မြူးသွားခဲ့တော့သည်။ သူကျစ်ပေးထားသော ဖွတ်မြီးကလေး တချို့တစ်ဝက်ကို လှုပ်ခါကြည့်နေသော ကူးရဲ့မျက်နှာကလေးက ဖြူစင်ဝင်းပကာ ပျော်ရွှင်ခြင်း အရောင်တစ်မျိုး လျှံထွက်နေခဲ့သည်။ အဲဒီ မျက်နှာကလေးကို သူ ထာဝရမြင်ချင်သည်။ သူက သူ့ကားထဲမှာ ပါလာသော ဗီဒီယိုကင်မရာလေးကို ပြေးယူကာ သူနဲ့ကူးတို့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ကြသော ထိုနေ့ တစ်နေ့တာက ကူးရဲ့ လှုပ်ရှားမှုကို မှတ်တမ်းတင်လေသည်။

ကူးက ပထမတော့ ရှက်ရွံ့နေကာ ကင်မရာရှေ့ကို လက်ကာထားရင်း ...

"ကို ဘာလုပ်တာလဲကွာ၊ ရှက်စရာကြီးကွာ ..."





ဟု ချစ်စဖွယ် အော်ဟစ်တားမြစ်နေသည်။ သူက သည်း ထိုပုံလေးကို အမိအရ ရိုက်ယူနေခဲ့သည်။

"ကို ... ဘာလို့ လျှောက်ရိုက်နေတာလဲ ..."

သူ ရိုက်နေတုန်း ကူးက လှမ်းမေးသည်။

"အမြဲ အမှတ်တရအဖြစ် ပြန်ကြည့်ရအောင်ပေါ့၊ ဒီလောက် ပျော်နေတဲ့ ကူးရဲ့ပုံကို ကိုယ် နောက်ထပ် မတွေ့ရတော့မှာ စိုးတယ် ..."

သူက ကူးမေးခွန်းကိုဖြေရင်း ကူးကို ရှုထောင့်အမျိုးမျိုးက ဆက်ရိုက်နေခဲ့သည်။

သူ တကယ်ပဲ စိုးရိမ်ခဲ့သည်။ တစ်နေ့နေ့ကျ ...၊ ကူး သူ့ကို မုန်းတီးနာကြည်းသွားတဲ့ တစ်နေ့နေ့ကျလျှင် သူ့မှာ ပြေသိမ့်စရာလေး တစ်ခုတော့ ကျန်ရစ်ခဲ့ချင်သည်။

ကံကြမ္မာဆိုတာက မပြောနိုင်ချေ။ လက်ထပ်တော့မယ့် ဆဲဆဲမှာပင် ကူး အားလုံးကို သတိရသွားတာမျိုးလည်း ဖြစ်နိုင်သည်။ သူ့အတွက်တော့ ရသမျှ အချိန်တိုင်းဟာ အဖိုးတန်ပြီး ရင်ထိတ်စရာလည်း ကောင်းလှပါသည်။

ကူးတစ်ယောက်တည်းပုံတွေကို ရိုက်ပေးပြီးတော့ ကင်မရာကို မီးပိုချောင်ထောင့် စင်ကလေးမှာ တင်ကာ သူနဲ့ကူးက



www.burmeseclassic.com

www.burmeseclassic.com



အတူချက်ပြုတ်ပြီး ထမင်းစားကြသေးသည်။ ကင်မရာက သူတို့နှစ်ယောက်ရဲ့ လှုပ်ရှားမှုတွေကို ရိုက်ယူထားလိမ့်မည်။

"ကိုရေ... ဒီမှာ ဒါက ကိုနဲ့ ကျွန်မတို့ လက်ထပ်ဖို့ ဆုံးဖြတ်ကြတဲ့ အမှတ်တရလေးပေါ့"

ကူးက ကိတ်မုန့်သေးသေးလေးပေါ်မှာ ဖယောင်းတိုင် နှစ်တိုင် ထွန်းရင်း အဆက်မပြတ် ပြောနေသေးသည်။

"ဒါက ကို့ ဖယောင်းတိုင်၊ ဒါက ကျွန်မ ဖယောင်းတိုင်"

ဖယောင်းတိုင်နှစ်တိုင် ထွန်းပြီးသွားတော့ နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ မှုတ်လိုက်ပြီး ကိုယ့်ဘာသာပဲ လက်ခုပ်တီး၍ ကောင်းချီးပေးလိုက်ကြရသည်။

ထိုနေ့ တစ်နေ့လုံးအတွက် အရာရာဟာ ပျော်စရာကောင်းနေခဲ့သည်။ ပေါ့ပါးလွတ်မြောက်၍လည်း နေခဲ့သည်။

ညနေကျတော့ ကူးက သူ့ကို ပူဆာလေသည်။

"ကို... ကူးတို့ အပြင်ထွက်လည်ကြရအောင်လေ..."

သူက ကူးကို အပြင်မထွက်စေချင်ပေမယ့် ဒီနေ့အဖို့ ကူးပြောသမျှကို လိုက်လျောလိုတာမို့ ခေါင်းညိတ်လိုက်မိလေသည်။

❤ ❤ ❤





✹ ✹ ✹

ကိုနဲ့အတူ အပြင်ထွက်ခွင့်ရတာ ဒီနေ့ ပထမဆုံးမို့ ကျွန်မ အရမ်းပျော်ရွှင်နေမိလေသည်။

ဒီနေ့အဖို့ ကျွန်မ ရင်ထဲမှာအပျော်တွေသာရှိခဲ့သည်။

ကိုလည်း ကျွန်မလိုပဲ ပျော်နေပုံရသည်။ ကိုက ကျွန်မကို စီဒီယို လိုက်ရိုက်ထားသေးတာမို့ အဲဒီပုံတွေကို ခေါင်းချင်းဆိုင်၍ ပြန်ကြည့်ရင်း ကျွန်မတို့ ပျော်ရွှင်ခဲ့ကြသည်။

ကိုက အင်းလျားကန်ပေါင်အစပ်မှာ ကားရပ်လိုက်တာမို့ ကျွန်မက ကားပေါ်မှ ဆင်းလိုက်ပြီး လေပြေညှင်းကို ရှိုက်၍ ရှုလိုက်သည်။

"အား... အပြင်က လေက တကယ် လတ်ဆတ်ပါလားနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကို့ မျက်နှာကို ပြုံးမော့ကြည့်ရင်း ပြောမိသည်။

ကိုက ကျွန်မလက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"ကဲ ... လာ ... လမ်းလျှောက်မယ်ဆိုလည်း ကိုယ့်ကို တွဲလျှောက်"

"အံမယ် မတွဲပါဘူး၊ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် လျှောက်မှာပေါ့"

"အေး ... အဲဒါဆို ချော်လဲလိမ့်မယ်"

"ဘာလို့ ချော်လဲရမှာလဲ၊ လမ်းလျှောက်တာတစ် ကလေးမှ မဟုတ်တာ"

ကျွန်မက ကို့ကို ထားခဲ့ပြီး ရှေ့ကနေ ခပ်သွက်သွက် လျှောက်ထွက်သွားတော့ ကိုက လှမ်းအော်သည်။

"ဟော့ ... ရည်းစား မရှိသလိုလိုနဲ့ တစ်ယောက်တည်း အထာပေး လျှောက်မနေနဲ့၊ အဲဒီရှေ့က တစ်ယောက်ဟာ ကျွန်တော့် ရည်းစားပါဗျို့ ..."

ကို့ အော်သံ ကြားသွားသော လူတချို့က ပြုံးစိစိနှင့် ကျွန်မကို လှမ်းကြည့်ကြတာမို့ ကျွန်မက ကို့ထံ ပြန်လှည့်ပြေးသွားမိကာ ကို့လက်မောင်းကို ထုရိုက်ပစ်လိုက်မိရင်း ...





"ကိုကလည်း ... အသံပြဲကြီးနဲ့ အော်ရသလား၊ သူများတွေ ကြားကုန်ပြီ၊ ရှက်စရာကောင်းလိုက်တာ ..."

"ကူးမှာ ပိုင်ရှင်ရှိကြောင်း တံဆိပ် လှမ်းကပ်လိုက်တာလေ၊ မကောင်းဘူးလား"

"လူညစ် ..."

အဲဒီနောက်တော့ ကျွန်မတို့ နှစ်ယောက် လက်ချင်းတွဲပြီး လမ်းလျှောက်နေမိကြသည်။ လေပြေညှင်းကို ရှူရင်း သာယာနှစ်သိမ့် ပြည့်စုံသော ခံစားချက်ကို ကျွန်မတို့ ခံစားနေမိကြသည်။

အဲ့ဒီအချိန်မှာပဲ ကန်ပေါင်ရဲ့ ဟိုးအစွန်းက လူရှင်းသည့်ဘက်သို့ ကောင်လေးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြေးလာခဲ့တာကို ကျွန်မ လှမ်းမြင်လိုက်ရတာ ဖြစ်သည်။

နောက်က ကောင်လေးက ရှေ့က ကောင်လေးကို မီသွားတော့ မျက်နှာကို လက်သီးနဲ့ လှမ်းထိုးလိုက်သည်။

"ဟာ ... ပြဿနာပဲ၊ ရန်ဖြစ်နေကြပြီ"

ကိုက ရန်ပွဲကို လှမ်းကြည့်ရင်း ရေရွတ်လိုက်သည်။

ကျွန်မက ထိုရန်ပွဲကို ကြောင်ကြည့်နေရင်း ခေါင်းထဲမှာ တရိပ်ရိပ် မူးသွားသည်။

ကျွန်မ မျက်စိတွေကို မှိတ်ပစ်လိုက်သည်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲမှာ ချန်းရင်းဆန်ခတ်ဖြစ်နေသော ရန်ပွဲတစ်ခု။ ပထမတော့ ပုံရိပ်တွေက မသဲမကွဲ၊ နောက်တော့ လူနှစ်ယောက်ကို ကျွန်မ ကောင်းကောင်းမှတ်မိလာသည်။

အထိုးခံနေရတာက ကျွန်မ ချစ်တဲ့ ကို ...။ ကိုကို သဲကြီးမဲကြီး ထိုးနှက်နေခဲ့တာက ဘယ်သူလဲ ... ဘယ်သူလဲ ...။ ကျွန်မ စိတ်ထဲမှာ ရင်းနှီးနေသလိုပဲ၊ ဒါပေမယ့် သေသေချာချာတော့ မမှတ်မိချေ။

အရာအားလုံးက ကျွန်မ စိတ်ထဲမှာ တိကျပြတ်သားခြင်း မရှိဘဲ မှုန်ဝါးဝါးသာ ရှိဆဲ ...။

အဲ့ဒီတစ်ယောက်ဟာ ကျွန်မတို့ကို လိုက်နှောင့်ယှက်ရင်း သေဆုံးသွားခဲ့တဲ့ တစ်ယောက်များလား ...။ ကျွန်မ ခေါင်းထဲမှာ ရှုပ်ထွေးနေဆဲမှာ ပန်းခြံတစ်ခုထဲက အဖြစ်အပျက်ကို သတိရပြန်သည်။

အဲ့ဒီ ပန်းခြံထဲမှာ ကိုက ခုလို ဆံပင် ဖွတ်မြီးကျစ်ကလေးနဲ့၊ ကျွန်မ မသိတဲ့ တစ်ယောက်နဲ့ ကိုနဲ့ ... အချေအတင်ဖြစ်နေပြီး ကျွန်မက ကိုဘက်က မပါဘဲ ဟိုတစ်ယောက်ဘက်က ပါနေသည်။ ကို လက်သီးနဲ့ ထိုးလိုက်တာကို ကျွန်မက ဟိုတစ်ယောက်ရှေ့မှာ ဝင်ခံပေးလိုက်သည်။





ဘုရားရေ ... ကျွန်မ ဘာလို့ ဒီလိုလုပ်ခဲ့မိပါလိမ့်။

ကျွန်မ ရုတ်တရက် ထိတ်လန့်တုန်လှုပ်ကာ ချွေးစေးတွေ ပြန်လာသည်။

"ကူး ... မျက်နှာက ဖြူဖပ်ဖြူလျော်နဲ့ ဘာဖြစ်တာလဲ၊ ခေါင်းမူးလို့လား ..."

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး ကိုရဲ့"

"ကူး ... ဘာ ... ဘာများ မှတ်မိသွားလို့လဲ"

"ဘာမှ မမှတ်မိပါဘူး၊ ခုတလော ဘာမှ သတိမရဘူး၊ ကိုနဲ့ လက်ထပ်တော့မှာဆိုတော့ သတိမရလည်း အရေးမကြီးတော့ဘူး"

ကျွန်မက ကိုကို လိမ်လိုက်မိလေသည်။ ကျွန်မ စိတ်ထဲ ရှုပ်ထွေးသွားတာကို ကိုကို ပြောမပြချင်တော့။ ကို စိတ်ရှုပ်သွားမှာ ကျွန်မ စိုးရိမ်သည်။

ကိုက အဲ့ဒီအကြောင်းတွေဟာ သတိရလည်း တမင်မေ့ပစ်ထားသင့်သည့် ကိစ္စတွေဟု ပြောခဲ့ဖူးသည်သေ ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



✸ ✸ ✸

အဲဒီနေ့ နောက်ပိုင်းမှာတော့ ကျွန်မ စိတ်တွေ ရှုပ်ထွေးနေလည်း ကို့ရှေ့မှာတော့ ကြည်လင်ပြုံးမြစွာ ဟန်ဆောင်ထားခဲ့ရလေသည်။

ကျွန်မတို့ လက်ထပ်ကြတော့မည်။

လက်ထပ်ဖို့ ရွေးချယ်ထားသော ရက်ကလည်း တရွေ့ရွေ့ နီးကပ်လာခဲ့ပြီဖြစ်သည်။

ကို့ မိဘတွေက နိုင်ငံခြားမှာမို့ ကိုက ကျွန်မနှင့် လက်မှတ်ထိုး လက်ထပ်ထားပြီး မိဘတွေ ပြန်လာမှ ဖွင့်ပြောကာ မင်္ဂလာကိစ္စ စီစဉ်မည်ဟု ပြောထားခဲ့သည်။

ဒီရက်တွေအတွင်း ကျွန်မ စိတ်ထဲမှာ ပျော်တစ်လှည့် စိတ်ရှုပ်ထွေးမှုတစ်လှည့် ဒွိဟဖြစ်နေခဲ့သည်။





ကိုကတော့ လက်မှတ်ထိုးမည့်နေ့မှာ ကျွန်မ ဝတ်ဖို့ ဝတ်စုံကအစ သူကိုယ်တိုင် စီစဉ်ရွေးချယ်နေခဲ့သည်။

ကျွန်မကတော့ ကျွန်မရဲ့ မှတ်ဉာဏ်ထဲမှာ ရုတ်တရက် ပေါ်ပေါက်လာသော ကို့အပြင် နောက်တစ်ယောက် အကြောင်းကို မကြာခဏ စဉ်းစားရင်း ခေါင်းရှုပ်လာတတ်သည်။ ပြီးတော့ ... ကျွန်မ ဘာကို ဝမ်းနည်းမှန်း မသိဘဲ ဝမ်းနည်းနေခဲ့မိသည်။

ဒီလိုနဲ့ပဲ ... လက်ထပ်မည့်နေ့သို့ ရောက်ရှိလာခဲ့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



* * *

"လှလိုက်တာ ကူးရယ် ... တကယ်ပါပဲ ... ကိုယ့်သတို့သမီး လေးက သိပ်လှတာပဲ ..."

လက်မှတ်ထိုးကြသည့် နေ့မှာ မြန်မာဆန်ဆန် အဖြူ ရောင် ပိုးချိပ်လုံချည်နှင့် ရင်ဖုံးအင်္ကျီ အဖြူရောင်ကလေး ဝတ်ထား သော ကျွန်မကို ကိုက ရင်သပ်ရှုမော ကြည့်မဝ ငေးမဝ ဖြစ်နေခဲ့ လေသည်။

"ခဏလေး ... ခဏလေး ... ဒီပုံကို အမိအရ မှတ်တမ်းတင် ရမယ်"

သူက ဗီဒီယို ကင်မရာလေး ပြေးယူကာ ကျွန်မကို ရိုက်ရင်း ...

"ဒါကတော့ ကျွန်တော်နဲ့ လက်ထပ်တော့မယ့် ဆဲဆဲ





ကျွန်တော့် သတို့သမီးလေး နှစ်သစ်ကူးပဲ ဖြစ်ပါတယ် ခင်ဗျာ၊ နာရီပိုင်းအတွင်းမှာပဲ သူဟာ ကျွန်တော့် ဇနီး အဖြစ်ကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်"

ဟု ... ပါးစပ်က တောက်လျှောက်ပြောသွားလေ သည်။

ဒီနေ့မှာတော့ သူပျော်နေသလို ကျွန်မလည်း ပျော် ရွှင်နေခဲ့မိသည်။ စိတ်ရှုပ်စရာ အတွေးတွေကိုလည်း မတွေးမိအောင် နေခဲ့သည်။

ကျွန်မ သိပ်ချစ်တဲ့ ကိုနဲ့ လက်ထပ်ရတော့မည့် အဖြစ်က ကျွန်မကို ရင်ခုန်စေသည်။

"ကဲ ... သတို့သားရေ ... သတို့သမီးကိုပဲ မှတ်တမ်းတင် မနေနဲ့၊ အဝတ်အစားလေး ဘာလေး လဲတော့လေ၊ အချိန် က ကပ်နေပြီ"

ဒေါ်ယုက လှမ်းပြောတော့မှ ကိုက သတိရသွားကာ

"အာ ... ဟုတ်သားပဲ၊ ကူး အလှမှာ မိန်းမောနေတာနဲ့ အဝတ်လဲဖို့တောင် မေ့နေတယ်၊ တိုက်ပုံနဲ့ ပုဆိုးက အမှ စက်ချုပ်ဆိုင်က ရွေးလာရတာကွ၊ ခဏလေးနော် ကူး၊ ကိုယ် အမြန်သွားလဲလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လောလော လောလော လုပ်ရင် မသပ်မရပ်တွေ ဖြစ်နေဦးမယ်နော် ကို၊ သေသေချာချာ သပ်သပ်ရပ်ရပ်လေး ဝတ်လာခဲ့၊ မသပ်မရပ် ထွက်လာရင်တော့ သတို့သမီးက တွဲသွားမှာ မဟုတ်ဘူးနော်"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

သူ နောက်ဘက်ဝင်သွားတော့ ကျွန်မက ဧည့်ခန်းထဲက ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပြီး ဖွင့်ထားသည့် TV ကို အပျင်းပြေ လှမ်းကြည့်နေမိသည်။

အိမ်မှာက စလောင်းပါ တပ်ထားတာမို့ ဒေါ်ယုက အားတိုင်း တီဗီဖွင့်ကြည့်နေတတ်သည်။ စလောင်းက လိုင်းတွေကလည်း ၂၄ နာရီ လာနေခဲ့သည်။

ကျွန်မ ကြည့်မိချိန်မှာ နိုင်ငံခြားကား တစ်ကား လာနေသည်ကို တွေ့ရသည်။ ကျွန်မ ဆက်ကြည့်နေမိခဲ့မှာ မင်းသားက ထိုင်နေသော မင်းသမီးရှေ့မှာ ဒူးထောက်ထိုင်လိုက်တာကို တွေ့ရသည်။ ပြီးတော့ ထိုမင်းသားက မင်းသမီးရဲ့ လက်ကလေးကို ဆွဲယူကာ အသာအယာ နမ်းရှိုက်လိုက်လေသည်။

ကျူးသည် ဘာကိုမှန်းမသိ လန့်သွားကာ ခန္ဓာကိုယ်





က ဆတ်ခနဲ တုန်ယင်ကာ မတ်သွားသည်။ အဲ့ဒါမျိုး ကျွန်မ ကြုံခဲ့ဖူးသည်။ ကျွန်မရဲ့ လက်ကို နမ်းခဲ့တာကိုပဲ မဟုတ်လား။ နေစမ်းပါဦး ... အဲဒီတုန်း က ကျွန်မ သူ့ကို ဘယ်လိုတုံ့ပြန်ခဲ့ပါလိမ့်။

စဉ်းစားနေဆဲ ကျွန်မရဲ့မှတ်ဉာဏ်တံခါးက ဖွင့်ခနဲ ပွင့်သွားကာ ကိုကို ကျွန်မ ဒေါသတကြီး ရိုက်လိုက်တာကို သတိရမိလေသည်။

အို ... အဲဒီတုန်းက ကျွန်မဟာ ဒေါသတွေဖြင့် တုန်ရီနေကာ ပြင်းထန်သော ရှက်စိတ်နှင့်အတူ သူ့ကို မုန်းတီးနေခဲ့တာ မဟုတ်လား ... ။ သူ့ကို ကျွန်မ ရိုက်ပြီးပြီးချင်း ချာခနဲ လှည့်ထွက်လာခဲ့တာကိုပင် သတိရလာသည်။

ကျွန်မ စိတ်သည် သူနဲ့ပတ်သက်ပြီး ရုတ်တရက် အေးခဲသွားကာ သံသယစိတ်တွေ ဝင်လာခဲ့သည်။

ကျွန်မ အလုံးစုံ ယုံကြည်ခဲ့သည့် ကိုကို ကြီးစွာသော သံသယစိတ်နှင့်အတူ ကျွန်မရဲ့ ရင်ခုန်သံတွေ အေးခဲတိတ်ဆိတ်သွားသည်။ ပျော်ရွှင်ခြင်းတွေအားလုံး သံသယအောက်မှာ ပျောက်ဆုံးကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ...။ အခု သူ့ကို ကျွန်မ လက်ထပ်လိုက်လို့ မဖြစ်သေးဘူး၊ အဲဒါ သေချာသည်။

ကျွန်မ ... တုန်တုန်ရီရီဖြင့် ထိုင်ရာမှ အမြန်ထတော့ လူက မိုက်ခနဲဖြစ်ကာ ယိမ်းယိုင်သွားသည်။

"ကူး ..."

ကျွန်မ လဲပြိုမသွားအောင် ဖေးမလိုက်သော သူ့လက်များကို ကျွန်မ နွေးထွေးစွာ မခံစားမိတော့။ သူ့လက်တွေက အေးစက်မာကျောနေသည်ဟု ထင်သည်။

"ကူး ... ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား"

ကျွန်မက သူ့ကို ငဲ့ကြည့်လိုက်တော့ အရမ်း ကြည့်ကောင်း စမတ်ကျနေသော သူ့ပုံစံက ကျွန်မကို ဆွဲဆောင်လိုက်သည်။ ပိုးလုံချည် ခဲရောင်ဖျော့ဖျော့လေးနှင့် ... ရှပ်အင်္ကျီလက်ရှည် ဖြူဖြူလေးပေါ်မှာ တိုက်ပုံအင်္ကျီ ထပ်ဝတ်ထားသော ပျော့ရွှင်နေသည့် သတို့သားကို ကျွန်မ ဘယ်လိုငြင်းရမှာပါလိမ့် ...။ တကယ်ဆို လက်ထပ်ခွင့်ကို ကျွန်မက ပိုလိုလားခဲ့တာမဟုတ်လား။

ဟင့်အင်း ... ဒါပေမယ့် ကျွန်မ သူ့ကို အခု လက်





ထပ်လိုက်လို့ မဖြစ်ဘူး ...။ ကျွန်မရဲ့ ခံစားချက်တွေဟာ လက်ထပ်ဖို့ သဘောတူခဲ့ကြတဲ့ နေ့တုန်းကလို မဟုတ်တော့ဘူး။

"ကို ... ကျွန်မ ခေါင်းထဲက အရမ်းမူးတယ်၊ ရပ်တည်လို့ မရအောင်ပဲ၊ ဒီနေ့ ... ဒီနေ့ သွားလို့ မဖြစ်တော့ဘူး ထင်တယ်၊ ဘယ်လိုလုပ်ကြမလဲဟင် ..."

"ကူး မသွားနိုင်ရင် မသွားပါနဲ့ ...၊ တရားသူကြီးက ကိုယ့် သူငယ်ချင်း တစ်ယောက်ရဲ့ ဦးလေးပါ၊ ကိုယ် အကျိုးအကြောင်းပြောပြီး ရက်နောက်ဆုတ်ပေးပါ့မယ်၊ ကူးရဲ့ ကျန်းမာရေးက အရေးကြီးပါတယ်၊ ကူး နားလိုက်တော့နော်၊ လက်ထပ်ခါနီးဆဲဆဲ စိတ်လှုပ်ရှားတာလည်း ပါမှာပေါ့ ..."

သူက ကျွန်မကို ကြည်ကြည်ဖြူဖြူ နှစ်သိမ့်ပေးလိုက်သည်။ သို့သော် သူ့ဂရုစိုက်မှုတွေကို ကျွန်မ ဘယ်လိုမှ မခံစားရတော့တာ ဘယ်လောက်ဆန်းသနည်း။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



* * *

ကျွန်မရဲ့ သံသယက တစ်စတစ်စ ကြီးထွားလာခဲ့လေသည်။ ကျွန်မသည် မှတ်မိသမျှကို ဆက်စပ်တွေးတောရင်း သူ ကျွန်မကို လူတွေနှင့် မတွေ့စေချင်တာ၊ ကျွန်မထံသို့ ဘယ်ကဧည့်သည်မှ ရောက်မလာခဲ့တာတွေကိုပါ ကျွန်မ သံသယဝင်လာခဲ့မိသည်။

သူ... ကျွန်မအပေါ် တစ်စုံတစ်ရာ မရိုးမသား ဖုံးကွယ်ထားသည်ဟု အလိုလို ခံစားလာရသည်။

နောက်တစ်နေ့မှာပဲ ကျွန်မက အိမ်မှ တိတ်တဆိတ်ထွက်လာကာ နေရာအနှံ့ လျှောက်သွားနေမိတော့သည်။

သင်တန်းတွေ ... ကော်ဖီဆိုင်တွေ ... လူသူစုပ်တွေးသည့် နေရာတွေကို ကျွန်မ လျှောက်သွားရင်း ကျွန်မကိုသိသည့် လူတစ်ယောက်ယောက်နှင့် တွေ့ဆုံဖို့ အလိုရှိခဲ့တာ ဖြစ်သည်။





ကျွန်မသည် သူ့ရှေ့မှာတော့ နေမကောင်းချင်ယောင် ဟန်ဆောင်နေရလျက် သူပြန်သွားလျှင် ဒေါ်ယုကို နှုတ်ပိတ်ခဲ့ကာ နေရာအနှံ့ လျှောက်သွားရင်း ကျွန်မရဲ့ သံသယနေ့တွေကို ဖြတ်သန်းနေခဲ့သည်။

သူ ပြောပြထားသော ကျွန်မ ပိုင်ဆိုင်သည်ဆိုသော ကော်ဖီဆိုင်ကို သွားချင်သော်လည်း လိပ်စာ သေချာမသိတာမို့ ကျွန်မ မသွားနိုင်ခဲ့။

တစ်နေ့တော့ ကျွန်မ လျှောက်သွားနေရင်း ဘာဂါဆိုင်လေး တစ်ဆိုင်ရှေ့ကို ရောက်သွားလေသည်။

အဲ့ဒီဆိုင်လေးကို လှမ်းကြည့်ရင်း ကျွန်မစိတ်ထဲ ရင်းနှီးသလိုလို ခံစားရတာမို့ ဆိုင်လေးထဲသို့ ဝင်လာခဲ့မိသည်။

ကျွန်မက ကောင်တာဆီ လျှောက်သွားလိုက်ပြီး...

"ဘာဂါ တစ်လုံး၊ လိမ္မော်ရည် တစ်ခွက် ..."

ဟု မှာနေဆဲ ဘာဂါပြင်ထည့်ပေးနေသော ကောင်လေးက ကျွန်မကို မော့ကြည့်ကာ ...

"ဟယ်... ကူး၊ နှစ်သစ်ကူး မဟုတ်လား၊ နင်ဟယ် ပျောက်ချက်သား ကောင်းလိုက်တာ၊ ဘယ်ရောက်ပြီး ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာလဲ၊ ဆိုင်ကိုတောင် တစ်ခေါက်တလေ လာဖော်
မရဘူး ...”

ဟု ဝမ်းသာအားရ နှုတ်ဆက်လိုက်လေသည်။ ကျွန်မက အရမ်းပျော်သွားမိကာ သူ့လက်ကို ဆုပ်ကိုင်လှုပ်ယမ်းရင်း ...

“နင် ... နင် ငါ့ကို သိတယ်လားဟင်၊ နင် ဘယ်သူလဲ၊ ငါ့အကြောင်းတွေ ပြောပြပါလားဟင်”

“ဟင် ...”

သူက ကျွန်မကို ကြောင်တောင်တောင်ကြည့်နေတာမို့ ကျွန်မက သူ့လက်ကို ဆွဲခေါ်ရသည်။

“ခဏလေး ... ငါ နင့်ကို ရှင်းပြပါ့မယ် ...”

“ကူး ... နင် ဘာတွေဖြစ်လာတာလဲ”

သူက ကျွန်မနောက်ကို လိုက်လာရင်း ကျွန်မကို နားမလည်သလို မေးသည်။

ကျွန်မက ကျွန်မတို့ ကားအက်ဆီးဒင့် ဖြစ်ခဲ့ကြောင်း သူနားလည်အောင် ရှင်းပြတော့မှ သူက မယုံတစ်ဝက်ဖြင့် သက်ပြင်းချရင်း ...





“ဒါဆို နင်က အတိတ်မေ့နေတာပေါ့၊ ငါက မာလာပါ၊ ဒီဆိုင်က ဝန်ထမ်းတွေထဲမှာ ငါတို့ နှစ်ယောက်က အခင်ဆုံးပေါ့၊ ငါတို့က ကောင်တာမှာ မုန့်ပြင်ထည့်ပေးရတဲ့ ဝန်ထမ်းတွေလေ၊ နင် အလုပ်ကို မလာတော့ ငါ နင့်အဆောင်ကို သွားမေးသေးတယ် ...၊

“အဆောင်က လူတွေက နင် ကားအက်ဆီးဒင့်ဖြစ်လို့ နင့် အစ်ကိုဝမ်းကွဲ တစ်ယောက်က ပြန်လာခေါ်သွားတယ်၊ ဘယ်မှာနေနေလဲတော့ သူတို့လည်း မသိကြဘူး ပြောတယ်၊ ငါလည်း စိတ်ပူပေမယ့် နင် ဆက်သွယ်လာမှာပဲဆိုပြီး စောင့်ခဲ့တယ်”

“ငါ နင့်ကို မမှတ်မိတာ တောင်းပန်ပါတယ် မာလာ ...၊ ဆရာဝန်ကတော့ တဖြည်းဖြည်း ပြန်သတိရလာချင်လည်း လာလိမ့်မယ်၊ ဘာမှတော့ တိတိကျကျ ကြိုမပြောနိုင်ဘူး ပြောတယ်၊ ဒါပေမယ့် ငါ အခုတလော တချို့ကိစ္စတွေကို မှတ်မိနေပါပြီ၊ ငါ နင့်ဆီက တစ်ခုတော့ သိချင်တယ်”

“ဘာလဲ ...”

“ငါ့အချစ်ရေးကို ငါသိချင်တယ်၊ ငါ့ချစ်သူအကြောင်း နင် သိခဲ့လား ...”



www.burmeseclassic.com

www.burmeseclassic.com



မာလာက ပြုံးလိုက်ရင်း ...

"သိပ်သိတာပေါ့ ...၊ နင့်မှာ ချစ်သူတစ်ယောက် ရှိတယ်၊ ပြီးတော့ နင့်ကို ရည်းစားရှိမှန်း သိရက်နဲ့ လိုက်ကြိုက်နေတဲ့ ကောင်လေးတစ်ယောက်လည်း ရှိတယ်"

"အဲဒီတစ်ယောက်က ကားအက်ဆီးဒင့် ဖြစ်တုန်းက ဆုံးသွားခဲ့တယ် မာလာ ..."

"ဟင် ... ...ဟုတ်လား၊ သနားပါတယ်ဟယ်၊ သူ့ခမျာ နင့်ကိုသိပ်ချစ်ရှာတာ၊ နင့်ရည်းစားက ထိုးကြိတ်နေလည်း သူခံရတာပဲ၊ နင့်ရည်းစားနဲ့ သူနဲ့ ရန်ပွဲတွေလည်း တခြိမ်းခြိမ်းပဲ ..."

"ငါကရော သူ့ကို ချစ်ခဲ့လား ..."

"မချစ်ခဲ့ပါဘူး၊ နင်က နင့်ရည်းစားမှ နင့်ရည်းစား ..."

"နေဦး ...နင် ခုန ငါ့ကိုပြောတာ ငါ့ကို အဆောင်မှာသွားရှာတယ်ဆိုတော့ ငါက အဆောင်မှာ နေတာပေါ့၊ ပြီးတော့ ဒီဆိုင်မှာ အလုပ်လုပ်တဲ့ ဝန်ထမ်းဆိုတော့ ငါက မချမ်းသာဘူးပေါ့ ..."

"အေးလေ ...မချမ်းသာတဲ့အပြင် ပင်ပင်ပန်းပန်း ရုန်းကန်





နေရတဲ့သဘောတောင် ရှိတယ်၊ ပြီးတော့ နင်က တစ်ကောင်ကြွက် ..."

ကျွန်မ မာလာ့စကားကို နားထောင်ရင်း လွှဲချော်မှုတွေကို မြင်လာသည်။ ဒါဆို ခုကျမှ ကျွန်မတ ဘယ်လိုက ဘယ်လို ပြည့်စုံကြွယ်ဝနေရတာပါလိမ့် ...။

"ဒါ ...ဒါနဲ့ ငါ့ချစ်သူ နာမည်က ..."

"နန္ဒ ...တဲ့"

"ဟင် ..."

ကျွန်မ နှလုံးသားတွေ ပွင့်ထွက်သွားမလား ထင်လိုက်ရသည်။ ကျွန်မ တုန်လှုပ်လှုပြီ။

"ငါ ...ငါ့ကို လိုက်ကြိုက်တဲ့ သူကရော ..."

"နေသာ ...တဲ့"

"ဘာ ..."

ကျွန်မ ပေါက်ပေါက်ကွဲကွဲ အော်ပစ်လိုက်မိသည်။

"ဟဲ့ ...ဟဲ့ ...တိုးတိုး ..."

မာလာက ဆိုင်ထဲက လူတွေကို လှည့်ကြည့်ရင်း ကျွန်မ ပါးစပ်ကို လှမ်းပိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာလာ ... ငါ့ချစ်သူက ဘယ်လိုပုံမျိုးလဲဟင် ..."

"အင်း ... အသားဖြူဖြူ ... ပိန်ပိန် အရပ်ရှည်ရှည် ...။ ပြီးတော့ ပါးမှာ မှဲ့တစ်လုံးရှိတယ်၊ ဩော် ... ငါတို့ ဆိုင်က ဝန်ထမ်းတွေ စုပြီး ပစ်ကနစ်ထွက်တုန်းက သူရောက်လာပြီး ငါတို့ ဓာတ်ပုံစုရိုက်နေတုန်း သူပါ နင့်နားမှာဝင်ရပ်ပြီး ရိုက်ဖူးတယ်၊ အဲဒီဓာတ်ပုံတောင် ငါ့မှတ်စုစာအုပ်ကြား ထဲ ညှပ်ထားတာ ပါလာသလား မသိဘူး၊ ခဏစောင့် ... ငါသွားရှာပေးမယ်"

မာလာက ဆိုင်နောက်ဘက်ကို ဝင်သွားသည်။

ကျွန်မက တုန်နေသော လက်တွေ အချင်းချင်း ဆုပ်ညှစ်ထားလိုက်မိသည်။ မာလာ့ဆီက ဓာတ်ပုံကို မမြင်ရသေး ပေမယ့် ကျွန်မ နားက နေသော့ ပါးမှာ မှဲ့တစ်လုံးမှ မရှိတာတော့ သေချာနှင့်နေသည်။

မာလာက ဆိုင်ရှေ့ ပြန်ထွက်လာပြီး ကျွန်မရှေ့ကို ဓာတ်ပုံတစ်ပုံ ချပေးလိုက်သည်။

အုပ်စုကြီးရဲ့ အလယ်မှာ ကျွန်မ၊ ကျွန်မရဲ့ ညာဘက်ဘေးမှာ မာလာ၊ ဘယ်ဘက်ဘေးမှာ ...





ကျွန်မ ဘဝတစ်ခုလုံး ပြောင်းပြန်လန်သွားသလို ခံစားလိုက်ရသည်။

ကျွန်မချစ်သူ ဆိုတာ နေသာ မဟုတ်ခဲ့ ...။

ဒီလိုဆို ဆုံးသွားခဲ့တာ ကျွန်မ ချစ်သူအစစ်ပေါ့ ...။

ဘုရားရေ ...။

ကျွန်မ ဓာတ်ပုံလေးကို တအားဆုပ်ကိုင်ထားရင်း တုန်ရင်မူးမိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

'ကို'က ကျွန်မ ချစ်သူ မဟုတ်ဘူး ...။

ကျွန်မ ချစ်သူက နန္ဒ တဲ့ ...။

နန္ဒက ဆုံးခဲ့ပြီ ...။

ကျွန်မက ဆင်းရဲသည်တဲ့ ...။

ဒါပေမယ့် ကျွန်မက အခု ချမ်းသာပြည့်စုံနေသည်။

ကျွန်မခေါင်းထဲမှာ ချာချာလည်နေသည်။

ကျွန်မ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ထူမတ်ရင်း လောလောဆယ်မှာ 'ကျွန်မအိမ်' ဟု သိထားသော အိမ်ရှိရာ လမ်းသွယ်လေးဘက်သို့ ခနော်ခနဲ့ ခြေလှမ်းများဖြင့် လျှောက်ဝင်လာခဲ့သည်။ ကျွန်မ ပင်ပန်းလှပြီ။ နာကျင်လွန်းပြီ။ ကျွန်မ ဘယ်သူလဲ၊ ကျွန်မ ဘဝအစစ်က ဘယ်မှာလဲ ...၊ ကျွန်မရဲ့ အချစ်ကရော ဘယ်ဟာက အစစ်လဲ ...။





ကျွန်မ လျှောက်လာနေရင်း လမ်းရဲ့ တစ်ဖက်ခြမ်းမှာ အမြီးကလေး တနန့်နန့်ဖြင့် လျှောက်သွားနေသော ကျွန်မရဲ့ ခွေးကလေးကို လှမ်းမြင်လိုက်ရလေသည်။

"ဟေး ... တွတ်တီ"

ကျွန်မက ခွေးလေးအတွက် စိုးရိမ်သွားကာ လှမ်းခေါ်မိသည်။ သူ ဘယ်တုန်းက အိမ်ကနေ လွတ်ထွက်လာခဲ့ပါလိမ့်။ ခွေးကလေးက ငယ်လွန်းတာမို့ မသွားတတ် မလာတတ်လှတာကို ကျွန်မသိနေသည်။

ကျွန်မ လှမ်းကြည့်နေဆဲ ခွေးကလေးက လမ်းဖြတ်ကူးလာနေသည်။

ကားတစ်စီးက ခွေးကလေးဆီ အရှိန်ပြင်းပြင်း မောင်းဝင်လာသည်။

ကျွန်မ ရှေ့မှာ ဘရိတ်အုပ်သံတွေ ဆူညံသွားသည်။ ရုတ်တရက်ဘရိတ်အုပ်လိုက်သော ကားတစ်စီးကို နောက်ကားတစ်စီးကဒုန်းခနဲ ပြေးဝင်ဆောင့်လိုက်သည်။ ကွေ့လာသော ကားတစ်စီးက လည်ထွက်သွားသော ကားရဲ့ ခေါင်းပိုင်းကို ပွတ်တိုက်မိပြီး ရှုပ်ထွေးဆူညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အာရုံထဲမှာလည်း ရုဘ်တရက် ရှုပ်ထွေးသွားကာ ကျွန်မရဲ့ စိတ်တံခါးက တဖျပ်ဖျပ် လင်းပွင့်သွားလေသည်။

"မောင် ..."

ကျွန်မက အသံကုန်အော်ဟစ်လိုက်ရင်း ထိုနေရာမှာပင် မွေလဲသွားခဲ့တော့သည်။





နာကြည်းမုန်းတီး စက်ဆုပ်မှုတွေကို မျိုသိပ်အောင့်ခင်းထားရတာ ဘယ်လောက်ပင်ပန်းသလဲ ...။

သူ ရောက်လာမည့် မှောင်ရီရီ ညနေခင်းက ကျွန်မအတွက် ကျက်သရေမဲ့နေသလို ခံစားရသည်။

ကျွန်မသည် ငါးကန်ဘေးမှာ ထိုင်ရင်း အတူယှဉ်တွဲနေသည့် Discus ငါးလေးနှစ်ကောင်ကို နာနာကျင်ကျင် ငေးကြည့်ရင်း သူ့ကို စောင့်ခဲ့လေသည်။

ဟော ... ကားသံကြားရသည်။ သူ ရောက်လာခဲ့ပြီ။ ထို့နောက်တော့ အိမ်ထဲသို့ လျှောက်ဝင်လာသော ခြေသံသဲ့သဲ့ကို ကြားရသည်။ ကျွန်မက သူ့ကို လှမ်းမကြည့်ဘဲ ငါးကလေးတွေကိုသာ စိုက်ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကူး ... နေကောင်းရဲ့လား ..."

သူက ထုံးစံအတိုင်း နူးညံ့စွာ မေးခဲ့သည်။ ကျွန်
သူ့မေးခွန်းကို မပြောဘဲ ငါးကလေးတွေကို စိုက်ကြည့်ရင်း

"ကျွန်မ ဒီငါးလေးနှစ်ကောင်အကြောင်း စဉ်းစားနေ

"ဘာများလဲ ကူးရဲ့ ..."

"ဒီ ချစ်သူ ငါးနှစ်ကောင်က သူတို့ချင်း ချစ်သွား
ကျန်တဲ့ကောင်တွေကို မောင်းထုတ်ကြတယ် မဟုတ်

"အင်းလေ ..."

"ဒါဆို ချစ်သူ နှစ်ယောက်ကို အနှောင့်အယှက် ပြ
မယ့် တခြား တစ်ယောက်ယောက်ကို မလိုလားတာ
ချစ်သူတိုင်းရဲ့ ထုံးစံပဲပေါ့နော် ..."

သူက တိတ်ဆိတ်သွားသည်။ ကျွန်မက သူ့
ဆတ်ခနဲ မော့ကြည့်လိုက်ရင်း ...

"အဲဒီ နှစ်ကောင်ကို အနှောင့်အယှက်ပေးနိုင်တဲ့ ကျန်
ငါးတွေကို ငါးကန်ထဲက ထုတ်ပစ်လိုက်ပြီ၊ ကန်ထဲ
သူတို့နှစ်ကောင်ပဲ ရှိတော့တယ်၊ နင် တွေ့ရဲ့လား
အချစ်ကိစ္စမှာ အံ့သြခရာတွေ ရှိသလို ရက်စက် ယုတ်





တွေလည်း ရှိတယ်မဟုတ်လား၊ သူတို့ နှစ်ကောင်ကို
တခြားတစ်ကောင်ကောင်က တစ်ခုခု ယုတ်မာရန်ပြုမှာ
ငါ စိုးရိမ်တယ်လေ ..."

"ကူး ..."

သူက ကျွန်မကို တုန်လှုပ်စွာ ခေါ်လိုက်သည်။

"အို ... နင့် မျက်လုံးတွေက ဘယ်လိုဖြစ်တာလဲ၊ နင့်
မျက်လုံးတွေထဲမှာ သိပ်ကြောက်နေတဲ့ အရိပ်အယောင်တွေ
တွေ့နေရပါလား နေသာ၊ နင်ကြောက်နေပြီလား၊ နင်
လုပ်ခဲ့တာတွေအတွက် နင် သိပ်ကြောက်နေပြီလား ..."

"ကူး ..."

"သွားစမ်းပါ"

သူက ကျွန်မ ပခုံးတွေကို လာဆုပ်ကိုင်လိုက်တာ
ကျွန်မ သူ့ကို အားကုန် ဆောင့်တွန်းပစ်လိုက်ရာ သူ့ခန္ဓာကိုယ်
ငါးကန်ကို အရှိန်ဖြင့် တွန်းမိသွားပြီး ငါးကန်က ခွမ်းခနဲ
ကွဲထွက်လွင့်ကျသွားသည်။

ရေတွေ ကြမ်းပြင်ပေါ် ဝေါခနဲ ကျလာပြီး ငါးနှစ်
ကောင်က ကြမ်းပြင်ပေါ် တဖျပ်ဖျပ်လူးလွန့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အခု အားလုံးကို မှတ်မိပြီ နေသာ၊ နင့်ရဲ့ ယုံတ်မာမှု တွေကိုလည်း ငါသိရပြီ၊ အခု ... ငါ့ဘဝမှာ ဘာမှမရှိတော့ဘူး၊ ချစ်သူတစ်ယောက်လည်း ဆုံးရှုံးရတယ်၊ နင့်ရဲ့ လိမ်ညာလှည့်ဖျားမှုတွေကိုလည်း ခံခဲ့ရတယ် ...၊

"နင် တစ်နေ့ကျ ငါ့ချစ်သူ ကြုံသလို အဖြစ်မျိုးနဲ့ ကြုံပါစေလို့ ငါ ကျိန်လိုက်တယ် နေသာ၊ နင် လုပ်ခဲ့တာတွေအတွက် နင် ဝဋ်လည်ပါစေ၊ နင်နဲ့ငါလည်း ဘယ်တော့မှ မဆုံပါရစေနဲ့တော့ ..."

ကူးက အသင့်ပြင်ဆင်ထားသော လက်ဆွဲအိတ် တစ်လုံးကို သွားဆွဲယူလိုက်ပြီး ...

"ငါသွားတော့မယ် နေသာ၊ ငါ့တစ်ကိုယ်စာ လိုအပ်တာက လွဲရင် ငါ ဘာမှယူမသွားဘူး၊ နင် ငါနဲ့ ဆက်သွယ်ဖို့လည်း ဘယ်တော့မှ ကြိုးစားမလာပါနဲ့ ..."

"ကူး ... မသွားပါနဲ့၊ မသွားပါနဲ့ ကူးရယ်"

နေသာက ကူး ထွက်မည့်လမ်းမှာ ပိတ်ဆို့တားမြစ် လိုက်သည်။

"ဖယ်စမ်းပါ ..."

နိုး နိုး တ ပေ



"မဖယ်ဘူး၊ ကူး ထွက်မသွားရဘူး"

"နင် မဖယ်ဘူးလား"

ကူးက ရုတ်တရက် မှန်ကွဲစတစ်ခု ပြေးကောက် ကာ သူမလက်ကောက်ဝတ်ကို ထောက်ထားလိုက်ရင်း ...

"နင် ဖယ်နော်၊ မဖယ်ရင် ငါ ဒီနေရာမှာပဲ သေချင်သေ သွားပစေ ... နင့်မျက်နှာကို တစ်မိနစ်လောက် ဆက်ကြည့် နေရမယ့်အစား ငါ သေပဲ သေပစ်လိုက်မယ် ..."

"ကူး ... နန္ဒကို ကိုယ် တမင်လုပ်ခဲ့တာ မဟုတ်ပါဘူး၊ သူက ရန်စလို့ ..."

"သွား ... ငါ ဘာမှမကြားချင်ဘူး"

ကူးက အာခေါင်ခြစ်၍ အော်လိုက်သည်။

နေသာသည် သူမရှေ့မှ ဖြည်းဖြည်းချင်း ဆုတ်ခွာ ပေးလိုက်ရသည်။ သူမက သူ့ရှေ့မှ ချာခနဲ လှည့်ထွက်သွား သည်။

"ကူးရေ ... ကူး၊ သမီး ခဏနေပါဦး ..."

ထမင်းစားခန်းထောင့်မှ စိတ်မကောင်းစွာ ငြိမ်သက် နေသော ဒေါ်ယုက ကူးဆီ ပြေးလိုက်သွားကာ ...

နိုး နိုး တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ... မသွားပါနဲ့၊ သမီးတို့ချင်း ပြဿနာကို ဒေါ်ယု သေသေချာချာတော့ မသိပါဘူး၊ ဒါပေမယ့် ဒေါ်ယု သိတာတော့ မောင်နေသာက သမီးကို သိပ်ချစ် ..."

"ကျေးဇူးပြုပြီး သူ့အကြောင်းတွေ ဘာမှ လာမပြောပါနဲ့ ဒေါ်ယု၊ ကျွန်မက ဒေါ်ယုကို နှုတ်ဆက်ပါတယ် ..."

ဒေါ်ယုက ရပ်တန့် ကျန်ရစ်ခဲ့သည်။

ကူးက အရာအားလုံးကို နှာကျင်စွာ ကျောခိုင်းခဲ့လေသည်။

♥ ♥ ♥





အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



* * *

အဆောင်ခန်းကျဉ်းကလေးက ကူးရဲ့ နဂိုဘဝဆီ ပြန်ဆွဲခေါ်သွားသောအခါ ကူးသည် Aircon ခန်းထဲက စည်းစိမ်ခံဘဝကို နာကြည်းစွာ မေ့ပစ်လိုက်တော့သည်။

ခုတော့ ကူးသည် ကိုယ့်ရဲ့ နဂိုဘဝမှာ အသားကျအောင် ကြိုးစားရင်း ဘဝကို အစက ပြန်တည်ဆောက်ခဲ့သည်။ မာလာ့ အကူအညီဖြင့် အရင်ဆိုင်လေးမှာပဲ ကူး အလုပ်ပြန်ဝင်ခွင့် ရခဲ့သည်။

ကူးသည် အလုပ်ထဲမှာ စိတ်ကို နှစ်ထားရင်း ကူးရဲ့ စိတ်ကို မအားလပ်အောင် နေခဲ့သည်။ ကူး အားရမှာကြောက်သည်။ ခံစားချက်တွေ နင့်နဲရောထွေး ဖိစီးခံရမှာ ကြောက်သည်။

ခုချိန်မှာတော့ ကူးရဲ့စိတ်ထဲမှာ 'အလိမ်ခံရခြင်း'၊



www.burmeseclassic.com

www.burmeseclassic.com



'ချစ်သူ ဆုံးရှုံးရခြင်း' ဟူသော ခံစားချက်များဖြင့် ထုပိတ်နေကာ နေသာနဲ့ အတူရှိခဲ့သော ရက်များက ကူးရဲ့ မှတ်ဉာဏ်ထဲမှာ မှိန်ဖျော့ ဝေသီလျက်ရှိသည်။

ကူးရဲ့ တစ်ယောက်တည်း နေ့တွေက သွေးပျက်စရာ ကောင်းခဲ့ပါသည်။

ကူးအနားမှာ ရှိနေခဲ့ဖူးသော ချစ်သူကို ကူး သတိရသည်။ ပြီးတော့ ကူးရဲ့ ဘဝထဲသို့ ဖွတ်ဝင်ဖို့ ကြိုးစားခဲ့သည့် နေသာကိုလည်း ကူးက မေ့ပစ်မထားနိုင်သောအခါ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ရင်း ကူး စိတ်ထဲမှာ ဆောက်တည်ရာမဲ့နေတတ်သည်။

ပြီးတော့ အဆိုးဆုံးက ဆိုင်ရှေ့ မှန်တံခါးဆီ ကူး မကြာခဏ လှမ်းကြည့်တတ်ခြင်းဖြစ်သည်။ အဲ့ဒီ မှန်မှာ ဆွဲသွားတတ်သော အသည်းပုံတွေ ...။ အို ... ကြည့်စမ်း ငါ ဒါကို ဘာလို့ သတိရမိပါလိမ့် ...။ အဲဒီလို သတိရသွားတိုင်း ကူး ကိုယ့်ကိုယ်ကို မုန်းတီးသွားတတ်သည်။

ကူးသည် သင်တန်းတွေကို ဆက်တက်ရင်း ... ဒီ့ထက်ပိုကောင်းမည့် တခြားအလုပ်တစ်ခုကိုရှာရင်း ... ညရောက်





လျှင် အမှောင်ထဲမှာ တွယ်ရာမဲ့စွာ ငိုရှိုက်ရင်း ... နေ့များစွာကို ကျော်လွှားဖြတ်သန်းနေရဆဲ တစ်နေ့မှာတော့ ဒေါ်ယုက ကူးကို ရှာတွေ့သွားခဲ့လေသည်။

"ကူးရေ ... ဧည့်သည် လာတယ်"

"ဘယ်သူတဲ့လဲ ..."

"အဒေါ်ကြီး တစ်ယောက်ပဲ၊ နာမည်တော့ မပြောဘူး ..."

ကူးက ဘယ်သူများပါလိမ့်ဟု စဉ်းစားရင်း အပြင်ထွက်လာတော့မှ ဒေါ်ယုကို တွေ့လိုက်ရတာဖြစ်သည်။ ကူးက အံ့လည်း အံ့ဩ၊ စိတ်လည်းရှုပ်သွားရသည်။ ကူး နေသာနဲ့ ပတ်သက်သူများကို မတွေ့ချင်။

"သမီးရယ် ... ရှာလိုက်ရတာ၊ သမီး ထွက်သွားကတည်းက ဒေါ်ယုမှာ နှစ်ယောက်စလုံးအတွက် စိတ်မအေးဘူး၊ မနေ့ကမှ ဒေါ်ယု မြို့ထဲလာရင်း ဘာဂါဆိုင်ထဲက ထွက်သွားတဲ့ သမီးကို တွေ့လိုက်လို့ ဆိုင်ကနေ သမီးလိပ်စာ စုံစမ်းပြီး လိုက်လာတာ ..."

ဒေါ်ယုက ကူးအပေါ် အမှန်တကယ် စေတနာထားကာ စောင့်ရှောက်ပေးခဲ့သူမို့ အားနာသော်လည်း နေသာနှင့် ပတ်သက်သူမို့ ကူး မတွေ့ချင်။



www.burmeseclassic.com

www.burmeseclassic.com



"ကူးကို မတွေ့ချင်ပါနဲ့ ဒေါ်ယု၊ ဖြတ်သင့်တဲ့ သံယောဇဉ်တွေကို ဖြတ်လိုက်ပါ၊ ဒေါ်ယုတို့နဲ့ ရှိခဲ့တဲ့ ကူးဘဝရဲ့ အဲဒီအခန်းတစ်ခြမ်းကို ကူး အမှောင်ချထားပြီးပြီ၊ ကူးဆီ မလာပါနဲ့၊ ကူး အေးအေးဆေးဆေး နေပါရစေ"

"ဒေါ်ယု ပြောချင်တာလေးတွေတော့ ပြောပြပါရစေကွယ်၊ အခုဆို မောင်နေသာအဖြစ်ကလည်း မကြည့်ရက်စရာပဲ၊ ကူး ထွက်သွားပြီးကတည်းက စကားတစ်ခွန်းမှ မပြောတော့ဘူး၊ ပြီးတော့ ကူး အခန်းထဲမှာပဲ သူနေတော့တယ်၊ သူ စိတ်ဓာတ်တွေကျပြီး စိတ်အားငယ်နေသလား မသိဘူး၊ ခဏခဏ ငိုတယ် ...၊

"တကယ်တော့ သူ့ဘဝလေးကလည်း သနားစရာပါကွယ်၊ သူ့အဖေက သူ သုံးဖို့ ဖြုန်းဖို့ ပိုက်ဆံတွေတော့ အလျှံအပယ် ပေးပါရဲ့၊ ဒါပေမယ့် သူ့ကို သေသေချာချာ အုပ်ထိန်းတာမဟုတ်ဘူးလေ၊ စီးပွားပဲဖိရှာ၊ နိုင်ငံခြားသွားရင်လည်း တစ်လကိုးသီတင်းဆိုတော့ ကလေးကို ပစ်ထားသလိုဖြစ်ပြီး အထိန်းအကွပ်မရှိ လွတ်ချင်တိုင်း လွတ်နေတော့တာပေါ့၊ သူက မေတ္တာငတ်သလိုလည်း ဖြစ်နေတော့ ဒေါ်ယုကိုလည်း တွယ်ရှာတယ် ...၊





"သမီးတို့ အက်ဆီးဒင့်ဖြစ်တော့ ဒေါ်ယုကို သူ အကူအညီတောင်းပြီး သူ့အဖေကို အသိမပေးဖို့ ပိတ်ထားခဲ့တယ်၊ ဒေါ်ယုလည်း သူ သမီးကို သိပ်ချစ်တာ၊ သမီးအတွက်ဆို ဒုက္ခခံနိုင်တာတွေကို တွေ့တာနဲ့ သနားပြီး သူ့အိမ်ကို ပြောမပြခဲ့ဘူး၊ သမီးကိုလည်း တကယ်ပဲ သူ့ချစ်သူလို့ ထင်ခဲ့တာ၊ အရင်အကြောင်းတွေကို ဒေါ်ယု သေသေချာချာမှ မသိဘဲကိုး၊ ဒါပေမယ့် နည်းနည်းတော့ ရိပ်မိခဲ့တယ် ...၊

"ခုတော့ ဒေါ်ယုလည်း သိပါပြီ၊ ဒါပေမယ့် ဒီကလေးကိုလည်း အပြစ်မတင်ရက်ပြန်ဘူး၊ ခုလည်း သူက သူ့အိမ်ကို ခရီးသွားတယ်လို့ ညာပြောထားပေမယ့် ဒေါ်ယု ဖော်ကောင် မလုပ်ရက်ဘူး၊ သူများ ရူးသွားမလားလို့ စိတ်ပူပြီး ဒေါ်ယုလည်း ဘာမှ မလုပ်တတ်မကိုင်တတ် ..."

"နေပါဦး ... ဒေါ်ယုက ဒါတွေကို ဘာသဘောနဲ့ ကူးကို လာပြောပြနေရတာလဲ ..."

"သူ့ကို ကူးများ လိုက်ကြည့်ပေးလို့ ရမလားလို့ပါ ..."

"ကူးချစ်သူကို သေဆုံးခဲ့တဲ့သူကို ကူးက လိုက်နှစ်သိမ့်ပေးရဦးမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နေသာကလည်း ကူးချစ်သူပဲ၊ သမီး သူ့ကို ချစ်ခဲ့တာ ဒေါ်ယု သိတာပဲ"

ကူးက ဒေါ်သဖြင့် ပြောနေရင်းက ထိတ်လန့်ဆွံ့အသွားသည်။ ဟင့်အင်း ... သွားတော့ ... အဲဒါတွေက ပြီးခဲ့ပြီ။

"သမီးက အားလုံးကို ဆက်စပ်မှတ်မိခဲ့တာ မဟုတ်လား၊ တချို့ရုပ်ရှင်ကားတွေထဲကလို အတိတ်ကို သတိရတာနဲ့ အတိတ်မေ့နေတုန်းက အဖြစ်အပျက်တွေကို မေ့မသွားဘူး မဟုတ်လား၊ အဲဒါဆို သမီးနဲ့ မောင်နေသာ ဘယ်လောက် ထိ ချစ်ခဲ့ကြတာ၊ ပျော်ခဲ့ကြတာ၊ သူ သမီးကို ဘယ်လောက်ထိ ဖြည့်ဆည်းပေးခဲ့တာတွေကို သတိရဦးမှာပေါ့၊ သတိရရက်သားနဲ့တော့ ဒီလောက် အသည်းမာ မနေပါနဲ့ လားကွယ်"

"ကူးကို ကူးချစ်သူကို သတ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ဆီ ပြန်သွားဖို့ ဒေါ်ယုက တိုက်တွန်းနေတာလား ..."

"သမီးချစ်သူကို သူသတ်တာမှ မဟုတ်တာ၊ ကားမှောက်တာချင်းအတူတူ သူကံမကောင်းလို့ သူသေတာပေါ့ ..."

"ဒေါ်ယု စကားကို ဒီလို မဆင်မခြင် မပြောပါနဲ့ ..."





"အမှန်အတိုင်း ပြောတာပဲ၊ ဘယ်သူက တမင်သတ်မှာလဲ၊ ဒါ ကံတရားပဲ ..."

"အဲ့ဒီကံတရားကို နေသာ လုပ်တာ၊ သူ နှောင့်ယှက်လို့ ဖြစ်ရတာ ..."

"တို့များ ဗုဒ္ဓဘာသာမှာတော့ ဘုရားက ကိုယ့်ကံကို သူများက လာလုပ်တာလို့ မဟောပါဘူး"

"ဒေါ်ယုက ကူးကို မကျေနပ်တာလား၊ ကူးချစ်သူကို သတ်တဲ့သူကို ကူးက လက်ထပ်မှ ဒေါ်ယုက ကျေနပ်မှာလား"

"အရင်နဲ့ အခုပဲ ကွာတာပါ၊ ကူးချစ်သူ ဆိုတာကတော့ နှစ်ယောက်လုံး အတူတူပဲမဟုတ်လား၊ အခု ချစ်သူကို ယူလည်း ကူး မှန်ပါတယ် ..."

"ဒေါ်ယုရယ် ... ကျေးဇူးပြုပြီး ပြန်ပါတော့ ... နောက်လည်း မလာပါနဲ့တော့၊ တောင်းပန်ပါတယ် ..."

ကူးက ဒေါ်ယု ဘာမှထပ်မပြောခင် အဆောင်အတွင်းဘက်သို့ ပြေးဝင်လာခဲ့မိသည်။

ရင်ထဲမှာ ဆို့ဆို့နင့်နင့် ကူး နှလုံးသားဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



ခုန်လွှန်းမကာ ခုန်လှပြီ။ ကူး အသက်ရှုကြပ်သည်။ မေ့ထားသော

ကိစ္စတွေကို ဒေါ်ယုက လာအစဆွဲထုတ်သွားသည်။

ဘာတွေလဲ … ဘာတွေလဲဟင် … ကူးစိတ်ထဲမှာ ဘာတွေနဲ့ ရှုပ်နေတာလဲ …။ ထွက်သွားကြပါတော့ … ကူး ဘာကိုမှ သတိမရပါရစေနဲ့။

♥ ♥ ♥





✹ ✹ ✹

အဲ့ဒီနောက်ပိုင်းမှာလည်း ဒေါ်ယုက စွဲမလျော့ဘဲ ကူးထံ နေ့စဉ်ရက်ဆက် ရောက်လာခဲ့၏။ သို့သော် ကူးက ဒေါ်ယုကို ထွက်မတွေ့တော့ချေ …။ 'ကူး မရှိဘူး' ဟု ညာနိုင်းလိုက်ရတိုင်း 'ဘာသတင်းထူးမျိုး ပြောချင်လို့ပါလိမ့်' ဟူသော သိချင်စိတ်တစ်မျိုးက သိစိတ်ရဲ့ တခြားတစ်ဖက်မှာ ခေါင်းပြူထမြဲ …။

တစ်နေ့တော့ ကူးရဲ့ အခန်းဖော်တစ်ယောက်က ကူးထံ အလုပ်တစ်ထုပ် ယူလာပေးရင်း …

"ကူး … ဒါက ကူးဆီ လာလာနေတဲ့ ဟို အဒေါ်ကြီး ပေးသွားတာ …"



www.burmeseclassic.com

www.burmeseclassic.com



ကူးက စိတ်မောစွာပင် ထိုအထုပ်ကို လှမ်းယူဖွင့် ကြည့်လိုက်တော့ ဗီဒီယို ကင်မရာလေးတစ်လုံးကို တွေ့ရလေသည်။

ဒီကင်မရာလေးကို ကူး ကောင်းကောင်းမှတ်မိတာပေါ့ ...။ ဒါ ... ကူးကို နေသာ ရိုက်ပေးခဲ့တဲ့ ကင်မရာလေး ဖြစ်သည်။

ကူးသည် ထိုကင်မရာလေးကို ညင်သာစွာ ကိုင်တွယ်လှည့်ပတ်ကြည့်ရင်း ရုတ်တရက် စိတ်ထဲမှာ နူးညံ့ပျော့ပြောင်းလာကာ ကင်မရာကို ပြန်ဖွင့်ကြည့်လိုက်မိလေသည်။

ကင်မရာ Screen ပေါ်မှာ ပေါ်လာသော ကူးရဲ့ ပုံရိပ်က မြူးကြွရွှင်လန်းလို့နေသည်။ အဲ့ဒီတုန်းက အဲဒီလောက် ပျော်ခဲ့လို့လား၊ ကူးကိုယ်ကူးတောင် မယုံနိုင်ချေ။

"ဘာလုပ်တာလဲကွာ၊ ရှက်စရာကြီး ..."

ကူးက ကင်မရာဘက်ကို လက်ကာပြောလိုက်ရင်း ခေါင်းမော့ရယ်မောလိုက်သေးသည်။

"ကို ... ဘာလို့ လျှောက်ရိုက်နေတာလဲ ..."





"အမြဲ အမှတ်တရအဖြစ် ပြန်ကြည့်ရအောင်ပေါ့ ... ဒီလောက်ပျော်နေတဲ့ ကူးရဲ့ပုံကို ကိုယ် နောက်ထပ် မတွေ့ရတော့မှာ စိုးတယ်"

ကူးရဲ့ ပုံရိပ်တွေနဲ့အတူ သူ့အသံကိုပါ ကြားရသည်။ အဲဒီတုန်းကတည်းက သူဟာ သူ့ကြမ္မာကို ကြိုသိနေခဲ့တာပေါ့။

ဒါကြောင့် ဒီလိုတွေ ရိုက်ခဲ့ ပြောခဲ့တာပေါ့။

ပြီးတော့ မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေကြသော သူနဲ့ ကူးရဲ့ပုံရိပ်များ ...

"ကိုရေ ... ဒီမှာ ဒါက ကိုနဲ့ ကျွန်မတို့ လက်ထပ်ကြဖို့ ဆုံးဖြတ်ကြတဲ့ အမှတ်တရလေးပေါ့၊ ဒါက ကို့ ဖယောင်းတိုင်၊ ဒါက ကျွန်မ ဖယောင်းတိုင် ..."

ကိတ်မုန့် သေးသေးလေးပေါ်မှာ ဖယောင်းတိုင် နှစ်တိုင်ထွန်းပြီး ခေါင်းချင်းဆိုင် မှုတ်လိုက်ကြသော ပုံရိပ်များ။

ဘုရား ... ဘုရား ... ကူး ဘယ်လောက်တောင် သူ့ ထံပါးမှာ ပျော်ဝင်နှစ်မြုပ်ခဲ့ပါလိမ့်။ မောင်နဲ့တုန်းကတောင်မှ ကူး ဒီလောက် ပျော်ခဲ့ဖူးလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... လက်ထပ်တော့မည့်ဆဲဆဲ သတို့သမီးလေးရဲ့ ရုက်စနီးပုံရိပ်လေးကို တွေ့ရပြန်သည်။ ကူးပုံရိပ်တွေနှင့်အတူ ပေါ်လာတာက သူ့ရဲ့ ပျော်ရွှင်ပေါ့ပါးသော အသံဖြစ်သည်။

"ဒါကတော့ ကျွန်တော့်ရဲ့ သတို့သမီးလေး နှစ်သစ်ကူးပဲ ဖြစ်ပါတယ် ခင်ဗျာ၊ နာရီပိုင်းအတွင်းမှာပဲ သူဟာ ကျွန်တော့်ဇနီးအဖြစ်ကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်"

ကူးက ကင်မရာလေးကို ဖျတ်ခနဲ ပိတ်ပစ်လိုက်မိပါသည်။ ပြီးတော့ ပါးပြင်ပေါ် စီးစွတ်လာသော မျက်ရည်တွေကို ဒေါသတကြီး သုတ်ပစ်လိုက်သည်။ ကူးစိတ်တွေ ဘာလို့ ဒီလောက် ပျော့ရတာလဲ ...။

ကူးက ကင်မရာကို ပိတ်ပစ်လိုက်ပြီး အဆောင်အပြင်ဘက်သို့ လျှောက်ထွက်လာခဲ့သည်။ မိုးတွေကလည်း ရွာလိုက်တာ။ မိုးရိပ်ဖြင့်ပက်ဝန်းကျင်က မှောင်ကြီးကျလာသည်။

ကူးသည် တပြည်းပြည်း ကယောင်ချောက်ချား တုန်ရင်လာသည်။ ဟိုတစ်လှည့် ဒီတစ်လှည့် သတိရလွန်းလို့ ကူး





ရူးရပါတော့မယ်။ ကူး သတိပြန်ရလာချိန်မှာ နေသာနဲ့အတူ ရှိနေခဲ့တဲ့ အကြောင်းတွေကို ပြန်မေ့သွားရင် ဘယ်လောက်ကောင်းလိုက်မလဲ ...။

ကူး မေ့ပါရစေ ...။



www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

အပြင်းအထန် ခံစားနာကျင်ခဲ့ရသော ရက်တချို့ ကုန်ဆုံးသွားပြီးနောက် တစ်မနက်မှာတော့ ကူးသည် ဆိုင်ရဲ့ ကောင်တာပေါ် လက်ထောက်မေးတင်ရင်း ဆိုင်အပြင်ဘက်သို့ ငေးလျက်ရှိလေသည်။ ကူး ငေးနေဆဲမှာပင် မှန်တံခါးပေါ်မှာ အသည်းပုံကလေးတွေ ထင်လာသည်ဟု ထင်မိသောအခါ ကူး-သည် မိန်းမောငေးရီနေရာမှ လန့်သွားခဲ့လေသည်။

ထိုအခိုက်မှာ ကူးမသိသောကောင်လေးတစ်ယောက်က ဆိုင်ရှေ့မှာ ရပ်လာခဲ့ကာ လက်နှစ်ဖက်ကို ခေါင်းပေါ်သို့ မြှောက်ကာ လက်ဖျားနှစ်ဖက်ကို ထိပ်မှာ စိုက်လျက် အသည်းပုံ လုပ်ပြလိုက်လေသည်။

ကူးက ထိုကောင်လေးကို ကြောင်ကြည့်နေမိဆဲ... ကူးအနားက မာလာရဲ့ ရယ်သံ တိုးတိုးကို ကြားရသည်။





"တကယ်ပဲ မျက်နှာပြောင်တိုက်တာ၊ ဘယ်လိုလူမှန်း မသိဘူး ..."

မာလာက တီးတိုးရေရွတ်ရင်း ထိုကောင်လေးကို မျက်စောင်းထိုးလိုက်လေသည်။

ဪ ... ဒါ မာလာ့ကောင်လေးပဲ ...။

ကူးသည် ထိုမြင်ကွင်းမှ မျက်နှာလွှဲလိုက်သည်။

အဲဒီညနေမှာတော့ ကူးက ဘယ်သူ့ကိုမှ စကားပြောဖို့ စိတ်မပါဘဲ နှုတ်ဆိတ်ငြိမ်သက် ငေးရီ၍နေလေသည်။

ထိုညနေ အလုပ်မှပြန်လာတော့ ကူးက ဗီဒီယိုကင်မရာအိတ်ကို ဖွင့်ကြည့်ရင်း သွားပြန်ပေးဖို့ စဉ်းစားမိသည်။

သွားရကောင်းနိုး မကောင်းနိုး ဝေခွဲမရဘဲ ကူးစိတ်တွေ အတန်ကြာ ယောက်ယက်ခတ်နေခဲ့သေးသည်။

နောက်ဆုံးတော့ ကူးက ထိုကင်မရာကို သူ့အိတ်ထဲပြန်ထည့် ဇစ်ပိတ်လိုက်ပြီး ရင်ခွင်ထဲ ခဏအပ်ကာ မျက်စိစုံမှိတ်ရင်း ခံစားချက်ရဲ့ အဆုံးအဖြတ်ကို ခဏလေး စောင့်ဆိုင်းနေမိလေသည်။

အဲဒီနောက် ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



* * *

'ကူးရဲ့အိမ်' ဟု ခဏလေး ယုံကြည်ခဲ့ဖူးသော အိမ်လေးက အသံဗလံ ကင်းမဲ့ခြောက်သွေ့နေခဲ့သည်။

ကူးက ခပ်ဟဟပွင့်နေသော ခြံတံခါးကို တွန်းဖွင့်ဝင်လာခဲ့သည်။

ကူးနေခဲ့သော အခန်းပြတင်းဆီ လှမ်းကြည့်မိတော့ တလွန့်လွန့် လှုပ်ခတ်နေသော ခန်းဆီးစလေးကို မြင်ရသည်။

"ဟင် ... သမီး လာတယ်၊ ဝမ်းသာလိုက်တာကွယ်"

ကူးကို မြင်သောအခါ ဒေါ်ယုက အိမ်တံခါးကို ဖွင့်ကာ ဝမ်းသာအားရ ကြိုဆိုလိုက်သည်။

"ကူး ... ကင်မရာ ပြန်လာပေးတာ ..."

ကူးက ခပ်တည်တည် ပြောလိုက်ပြီး ကင်မရာအိတ်





ကို ဒေါ်ယုထံ ကမ်းပေးလိုက်သည်။ ဒေါ်ယုက အိတ်ကို လှမ်းမယူသေးဘဲ ...

"လာ ... အိမ်ထဲဝင်ထိုင်ဦးလေ ..."

ဟု ကူးလက်ကို ဆွဲခေါ်သည်။

ကူးက ဒေါ်ယုနှင့်အတူ အလိုက်သင့် ပါလာရင်း ဝတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ကြည့်ရင်း ရင်ခုန်စပြုလာသည်။

"ခဏထိုင်ဦးနော်၊ ဒေါ်ယု ကော်ဖီ သွားဖျော်လိုက်ဦးမယ်"

ကူးက ဧည့်ခန်းက ဆိုဖာပေါ်မှာ ထိုင်လိုက်မိ၏။ ဧည့်ခန်းထဲမှာ ငါးကန် မရှိတော့တာကလွဲရင် အားလုံးက အရင်အတိုင်း ကူးနဲ့ ရင်းနှီးနေသည်။

ငါးကန်ထဲက ငါးကလေး နှစ်ကောင်ရော ဘာဖြစ်သွားခဲ့ပါလိမ့်။ အဲ့ဒီနေ့က သေသွားခဲ့သလား ... ကူးသိချင်သည်။ သို့သော် ကူးဖွင့်မေးမှာတော့ မဟုတ်ပါ။

ကူးသည် လူကသာ ဧည့်ခန်းထဲမှာ ငြိမ်ငြိမ်နေရသော်လည်း ... စိတ်က ဟိုဒီပြေးလွှားကာ ဂဏှာမငြိမ် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာ ဒေါ်ယုတစ်ယောက်တည်း နေနေတာလား။

တခြား ဘယ်သူမှ မရှိကြတော့ဘူးလား ...။

ကူးက ပတ်ဝန်းကျင်ကို မျက်စိကစားရင်း ကူးနေခဲ့သော အခန်းတံခါးဝဆီ လှမ်းမျှော်ကြည့်လိုက်သည်။

အခန်းတံခါးက ဟဟလေးပွင့်နေသည်။

ထိုတံခါးက ကူးကို သူ့ဆီလျှောက်သွားချင်လာအောင် ဆွဲဆောင်နေသည်။

ကူးသည် ခပ်ဖြည်းဖြည်း ထရပ်မိပြီး ထိုတံခါးဝဆီ လှမ်းသွားလိုက်မိသည်။

ကူး အခန်းတံခါးဝမှာ ရပ်မိသည်။

ထိုတံခါးဝမှာ ကူး ပထမဆုံး မြင်လိုက်ရသည်မှာ ငါးလေးနစ်ကောင် ကူးခတ်နေသော ငါးကန်လေးတစ်ကန်ပဲ ဖြစ်သည်။

ကူးသည် ဟနေသော အခန်းတံခါးကို အသာအယာ တွန်းဖွင့်ပြီး ထိုအခန်းလေးထဲသို့ ခြေလှမ်းဖွဖွဖြင့် တရွေ့ရွေ့ ဝင်လာမိနေသည်။





ဒုတိယမြောက် ကူးမြင်ကွင်းထဲ ဝင်လာတာက ကူးပျော်ရွှင်စွာ ရုပ်တိုက်၍ စီးခဲ့ဖူးသော အမွေးအိအိ အရုပ်ကလေးပုံစံ ခြေစွပ်ကလေးပါသော ဖိနပ်ပြားပြားလေး ဖြစ်သည်။

ကူးရှေ့ဆက်လျှောက်ဝင်လာသောအခါ စားပွဲပေါ်က ဖွင့်ထားသော ကွန်ပျူတာတစ်လုံးကို တွေ့ရသည်။ ကွန်ပျူတာ Screen ပေါ်မှာ တင်ထားတာက နှင်းဆီပန်းကလေးကို ငုံ့နမ်းနေသော ကူးရဲ့ပုံ ဖြစ်သည်။

ထိုခဏမှာ ကူးအကြည့်က နံရံတွေဆီ ရောက်သွားသည်။ နံရံပေါ်မှာတော့ မီးဖိုချောင်ထဲမှာ သူနဲ့ ကူးအတူ ရိုက်ထားသည့် ပုံတစ်ပုံကို ပုံကြီးချဲ့ကပ်ထားသည်။ သူက အေပရွန်ဝတ်ထားပြီး ခေါင်းပေါ်မှာ လက်သုတ်ဝတ်ကို စည်းကာ ယောင်းမတစ်ချောင်းကို မြှောက်ပြထားသည်။ ကူးက သူ့ဘေးမှာ သူနဲ့ ပခုံးချင်းတိုက်ရပ်ကာ ဒယ်အိုးကို မြှောက်ကိုင်ပြီး တအားရယ်မောနေခဲ့သည်။

ကူးသည် ထိုဓာတ်ပုံရှေ့မှာ ငြိမ်သက်စွာ ရပ်မိနေရင်းက ကူး အိပ်ခဲ့သော ခုတင်ဆီ မရဲတရဲနှင့် တရွေ့ရွေ့ အကြည့်ရွှေ့မိသောအခါ အိပ်ရာထက်မှာ ပိန်လှီနွမ်းနယ်စွာ အိပ်မောကျနေသော နေသာ့ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကူး သူ့ကို ငေးကြည့်နေမိဆဲ ဒေါ်ယုက ကူးနားမှာ လာရပ်ခဲ့ကာ ...

"ဆရာဝန်က ပြောတော့ စိတ်ကျနေတာတဲ့၊ သူက တစ်ချိန်လုံး သူ့မှာအပြစ်တွေ အများကြီးရှိတယ်၊ သူ့အပြစ်တွေကို သူ ပေးဆပ်ရမယ်ပဲ ပြောနေခဲ့တာ ...၊ ကူးကျေနပ်အောင် ကူး ချစ်သူသေသလို သူပြန်သေပေးရမယ်လို့လည်း ပြောတယ်၊ ဒေါ်ယုလည်းမတတ်သာလို့ သူ့အဖေကို အကြောင်းကြားပေးတယ်၊ သူ့အဖေ လာခေါ်ပေမယ့် သူက ဒီမှာပဲ ကုပ်ကပ်နေတယ်လေ၊ ဘယ်လို ဖျောင်းဖျ ဖျောင်းဖျ မရခဲ့ဘူး၊ ညညဆိုလည်း မအိပ်ဘူး၊ ခုတော့ ဆရာဝန်က အိပ်ဆေးပေးထားတာနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေလေရဲ့ ကွယ် ..."

ကူးသည် သူ့ကို စိုက်ကြည့်နေရင်း တရိုရို အညော် ပျော်စပြုပြီဖြစ်သော ကူးစိတ်ကို ထိန်းချုပ်ထားရသည်။

သူ့လက်ကို ဖွဖွဆုပ်ကိုင်လိုက်ချင်ပေမယ့် ... သူ့ နဖူးပေါ်က ဆံပင်စတွေကို သပ်တင်ပေးလိုက်ချင်ပေမယ့် ကူး မလုပ်ခဲ့ ...။





ကူးက ကူးရဲ့ စလင်းဘက်အိတ်ထဲက စာရွက်တစ်ရွက် ထုတ်ယူကာ ...

***"ဘယ်သူ့အပြစ်မှ မဟုတ်ပါ ..."***

ဟူသော စာလုံးတွေကို ခပ်ကြီးကြီး ရေးချလိုက်ပြီး သူ့ခုတင်နဲ့ မျက်နှာချင်းဆိုင် နံရံမှာ သွားကပ်လိုက်သည်။

"ဒါကို ကူးရေးပေးခဲ့တယ်လို့ ပြောလိုက်ပါ ဒေါ်ယု ..."

"သူနိုးတဲ့အထိ မစောင့်တော့ဘူးလား ..."

"ကူးကို ခွင့်ပြုပါဦး၊ ဒီစာကို တွေ့ရင် သူ့စိတ်တွေ တဖြည်းဖြည်း အဆင်ပြေလာပါလိမ့်မယ်"

ကူးက သူ့ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး အခန်းထဲမှ ထွက်ကာ အခန်းတံခါးကို ညင်သာစွာ ပြန်စေ့ပေးခဲ့သည်။ ဟိုတုန်းကတော့ ဒီတံခါးကို ကူး ဆောင့်ပိတ်ခဲ့ဖူးသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ခြောက်လခန့် ကြာသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

နောက် ခြောက်လခန့်အကြာတွင် ကူးသည် ကုမ္ပဏီကြီး တစ်ခုတွင် ကုမ္ပဏီအကြီးအကဲ၏ အတွင်းရေးမှူးအဖြစ် အလုပ်ဝင်ခဲ့ပြီး အဆင်ပြေသော ဘဝတစ်ခုကို အသားကျကျ ဖြတ်သန်းနိုင်ခဲ့ပြီ ဖြစ်လေသည်။

ကူး ပုံမှန်ဖြတ်သန်းနေသော နေ့တစ်နေ့ရဲ့ မနက်ခင်း တစ်ခုတွင် ကူးရဲ့ ဟန်းဖုန်းလေးဆီသို့ ဖုန်း Call လေးတစ်ခု ဝင်လာခဲ့ကာ နေသာရဲ့ ကြည်လင်သော အသံကို ကြားရလေသည်။

"ကူး ... ကိုယ် အခု နေကောင်းပါပြီ၊ ကူး ကျေးဇူးကြောင့်ပါ၊ ကိုယ် မနက်ဖြန်ဆို နိုင်ငံခြားကို ကျောင်းတက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သွားရမယ်၊ ကူးကို ကျေးဇူးစကားပြောရင်း နှုတ်ဆက်တာပါ၊ ပြီးတော့ ကူး ကိုယ့်ကို အမုန်းပြေမယ့်နေ့ကို ဘယ်လောက်ကြာကြာ ကိုယ် စောင့်ပါ့မယ်၊ ကိုယ့်ကို စောင့်ခွင့်ပေးပါ ကူး ...”

သူ့စကားကို အဆုံးအထိ နားထောင်ပြီးသောအခါ ကူးက ဘာတစ်ခွန်းမှ မတုံ့ပြန်ဘဲ ဖုန်းကို ပိတ်ပစ်လိုက်လေသည်။

♥ ♥ ♥





# နောက်တစ်နှစ်ခန့်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



✹ ✹ ✹

အချိန်တွေ ကုန်ဆုံးသွားပြီး အလုပ်တာဝန်တွေ များပြားလာသော ကူးသည် ရင့်ကျက်သော မိန်းကလေးတစ်ယောက် ဖြစ်လာခဲ့လေသည်။

ကူးရဲ့ ဘဝသည်လည်း ကူး ကိုယ်တိုင်ရဲ့ ကြိုးစားအားထုတ်မှုဖြင့် ပို၍ ပို၍ တင့်တယ်လာခဲ့၏။

အားလပ်သော တစ်နေ့တွင် ကူး တစ်ယောက်တည်း ဈေးဝယ်ထွက်ရင်း အေးအေးဆေးဆေး ကော်ဖီသောက်ချင်စိတ် ပေါ်လာတာမို့ ကော်ဖီဆိုင်လေး တစ်ဆိုင်သို့ ဝင်လာခဲ့သည်။

ဆိုင်ထဲသို့ ဝင်ဝင်ချင်း ကူး တွေ့လိုက်ရသည်မှာ ကြည်လင်စိမ်းလဲ့နေသော အလှမွေး ငါးကန်တစ်ခု ဖြစ်လေသည်။

---

နိုး နိုး ဇာ မဝ

www.burmeseclassic.com

www.burmeseclassic.com



ကူးသည် ထိုကန်လေးနားသို့ လျှောက်သွားပြီး အသာအယာ ငုံ့ကြည့်မိသောအခါ Discus ငါးလေးနှစ်ကောင်ကို တွေ့ရလေသည်။

ကူးက ထိုငါးကန်လေးရဲ့ ကပ်ရက်ခုံမှာ နေရာယူလိုက်ပြီး ထိုငါးလေးနှစ်ကောင်ကို အချိန်ကြာမြင့်စွာဖြင့် ပြုံးငုံ့ကြည့်နေခဲ့မိပါသည်။





အလုပ် စ,ဝင်သည့် မနက်ခင်းတိုင်းမှာ ကူးရဲ့ ကွန်ပျူတာကိုဖွင့်လိုက်တိုင်း သူ့ရဲ့ 'morning' ဟူသော e-mail ကို လက်ခံရရှိမြဲ ...။

ကူးသည် ထို e-mailကို ဖတ်ပြီးမှ ကူးရဲ့ တစ်နေ့တာ အလုပ်ကို စ,တင်မြဲ ...။



www.burmeseclassic.com

www.burmeseclassic.com



# နောက်ထပ်တစ်စုံမှစိခနဲ့ ကြာမြှိုပိုသောအခါ

မိုး မိုး ဓာ ဓပ

www.burmeseclassic.com

www.burmeseclassic.com



✸ ✸ ✸

နှစ်သစ်ကူးသည့် အနက်ရောင် စကတ်လေးနှင့် ရှပ်အင်္ကျီဆန်ဆန် အင်္ကျီဖြူဖြူလေးပေါ်မှာ ကုတ်အင်္ကျီ အနက်ကလေးကို ထပ်ဝတ်လျက် ဖိုင်တချို့ကို ပွေ့ပိုက်ရင်း သူမရဲ့ မန်နေဂျာ ရုံးခန်းလေးရှိရာသို့ ၈-ထပ်သို့ တက်ရန် ဓာတ်လှေကားရှေ့မှာ ရပ်ခဲ့လေသည်။

ထိုအခိုက်မှာ သူမရဲ့ GSM ဖုန်း လေးထံမှ အသံမြည်လာတာမို့ ဖုန်းဖွင့်နားထောင်လိုက်ရသည်။

"ကူးရေ ကိုယ်ပါ၊ ကိုယ် နောက်လကျရင် မြန်မာပြည်ကို ပြန်ခဲ့တော့မယ်၊ ကူး ကိုယ့် ဖုန်းတွေ e-mail တွေကို မတုံ့ပြန်ခဲ့ပေမယ့် ကိုယ် ကူးကို စောင့်နေတုန်းပါပဲ၊ မျှော်လင့်ချက် ရှိရှိ မရှိရှိ ကိုယ် စောင့်နေပါတယ် ..."

နိုး နိုး တ ဝေ

www.burmeseclassic.com

www.burmeseclassic.com



"ကူး ဘာလုပ်နေတယ်၊ ဘယ်ရောက်နေတယ် ဆိုတာကို ကိုယ် အမြဲစုံစမ်းနေခဲ့တယ်၊ ခုချိန်လောက်ဆို ကူး ကိုယ့်ကို ခွင့်လွှတ်နိုင်ပြီလားလို့လည်း မျှော်လင့်မိတယ်၊ ကိုယ်ကတော့ နှစ်သစ်ကူးတိုင်း ကိုယ့်အချစ်ဦးကို ရှာဖွေနေရတုန်းပေါ့ ...၊ ကူးကတော့ နေစိမ့်နိုင်တုန်းပဲနော် ...၊

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကိုယ် ကူးကို ချစ်တယ်"

ကူးက ဖုန်းကို ပိတ်ပစ်လိုက်ပြီး တံခါးပွင့်လာသော ဓာတ်လှေကားထဲ လှမ်းဝင်ကာ ၆-ထပ်သို့ တက်လာခဲ့သည်။

ကူး ရုံးခန်းထဲ လှမ်းဝင်လာခဲ့တော့ ရယ်သံသဲ့သဲ့ကို ကြားရသည်။

ကူးရဲ့ အရင်းနှီး အချစ်ခင်ဆုံး လုပ်ဖော်ကိုင်ဖက် မေနိုင်က ကူး စားပွဲထက်က ကွန်ပျူတာ Screen ပေါ် တင်ထားသော ပုံကို ကြည့်ကာ ရယ်မောနေခဲ့ခြင်း ဖြစ်သည်။

ကူးကိုတွေ့တော့ သူက ဆက်လက်ရယ်မောနေရင်း "ကူးရယ် ... ဒီပုံကအရမ်းအသက်ပါတယ်၊ အရမ်းလည်း





ရယ်ရတယ်၊ ကြည့်စမ်းပါဦး ... ယောက်မကြီးကိုမြှောက်လို့၊ ကူးကလည်း ဒယ်အိုးကြီးနဲ့၊ ပြောစမ်းပါဦး ... ဒါက ဘယ်သူများလဲလို့ ..."

ကူးက နှစ်မြိုက်စွာ ပြုံးလိုက်ရင်း ...

"ကူးကို စောင့်နေတဲ့ ...၊ ကူးကလည်း စောင့်နေခဲ့တဲ့ ကူး ချစ်သူလေ ..."

ပုညခင်
2.6.2007
11:05.pm



www.burmeseclassic.com